ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 13 September 2020 ၁၀၁၃၄

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၂၇)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်၊ အာဆီယံ-ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံ-အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့သို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၂**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် (၂၇)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ် (အေအာရ်အက်ဖ်) ဝန်ကြီးအဆင့် အစည်းအဝေး၊ အာဆီယံ-ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့သို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

(၂၇)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်တွင် ဝန်ကြီးများက ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် ဝန်ကြီးများက COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း ARF ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် လုပ်ငန်းစဉ်များ အရှိန်အဟုန်မပြတ်စေရေးအတွက် ယာယီအစီအမံများ ချမှတ်ဆောင်ရွက်နေမှုကို ကြိုဆိုပြီး "ဟန်နွိုင်းလုပ်ငန်း စီမံချက်-၂ (၂၀၂၀-၂၀၂၅)"၊ "ကူးစက်ရောဂါ ဖြစ်ပွားမှုများကာကွယ်တုံ့ပြန်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာ ARF ထုတ်ပြန်ချက်"၊ "အကြမ်းဖက်နှင့် အစွန်းရောက်အကြမ်းဖက်အုပ်စုတို့နှင့် ပတ်သက်ဆက်နွယ်သည့် စုဆောင်းခံရသူကလေးသူငယ်များအား ပြုပြင်စောင့်ရှောက်ရေးဆိုင်ရာ ARF ထုတ်ပြန်ချက်"နှင့် "ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုအတွက် ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စာမျက်နှာ ၄ ကော်လံ ၁ သို့ ◆

# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၂ ဦးအား ပြန်လည်ခေါ်ဆောင်



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၂ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○

ကြေးမုံ ယနေ့ ဖတ်စရာ

အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်ထံမှ ပေးပို့သည့်သဝဏ်လွှာ

စာမျက်နှာ » ၃

ကာရာအိုကေ ဗိုင်းရပ်စ်

ဆောင်းပါး စာမျက်နှာ » ၆

စီးပွားရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အရေးပေါ်ငွေကြေးသုံးစွဲရန် ဥပဒေတစ်ရပ် သမ္မတ ဒူတာတေး လက်မှတ်ရေးထိုး

စာမျက်နှာ » ၁၃



ကြေးမုံ

# လူသားချင်းစာနာ လူကုန်ကူးမှုတိုက်ဖျက်

လူ့အခွင့်အရေးကို ချိုးဖောက်သည့် လူကုန်ကူးမှုပြဿနာသည် ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင်ဖြစ်ပေါ်နေသောပြဿနာဖြစ်သည်။ လူအချင်းချင်း စာနာသနားခြင်းမရှိဘဲ လူကိုရောင်းကုန်အဖြစ် မတော်လောဘဖြင့် ကျူးလွန်သည့် ရာဇဝတ်မှုပြဿနာဖြစ်သည်။ မသိနားမလည်သော ပြည်သူများ၊ အားနည်းချို့တဲ့သည့် လူများအား လိမ်ညာလှည့်ဖြား၍ လူမဆန်စွာပြုလုပ်မှုများကို ဝိုင်းဝန်းတိုက်ဖျက်ရမည်ဖြစ်သည်။

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ်(၂)နှင့်(၃)တို့တွင် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် တိကျစွာဖော်ပြထားသည်။ လူကုန်ကူးမှုသည် ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အတည်ပြုခဲ့သည့် ကမ္ဘာ့ လူ့အခွင့်အရေးကြေညာစာတမ်းအား ဖောက်ဖျက်နေသောကြောင့် လူကုန်ကူးမှုပြဿနာများကို ကမ္ဘာတစ်ဝန်းလုံးတွင် တစ်နိုင်ငံချင်းအလိုက်သာမက နိုင်ငံအချင်းချင်း ပါဝင်တိုက်ဖျက်ရေး၌ ပြည်သူများအနေဖြင့်လည်း လူသားအချင်းချင်း စာနာထောက်ထားစိတ်ဖြင့် ပူးပေါင်းပါဝင် တိုက်ဖျက်သင့်ပေသည်။

မြန်မာနိုင်ငံ၌ ပင်လယ်ပြင်ကျားဖောင်လုပ်ငန်းတွင် အသုံးချရန် မသိနားမလည်သောပြည်သူများကို ရောင်းကုန်အဖြစ်ဖလှယ်ပြီး ညှဉ်းပန်းနှိပ်စက်မှုပြုသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့ပေသည်။ ထို့အပြင် မသိနားမလည်သော အမျိုးသမီးများ၊ ဆင်းရဲနွမ်းပါးသော အမျိုးသမီးငယ်များအား တစ်ဖက်နိုင်ငံသို့ ရောင်းချသည့် ဖြစ်စဉ်များမှာ အများဆုံးရှိနေဆဲဖြစ်သည်။ ဈေးပေါသည့် လုပ်အားခခေါင်းပုံဖြတ်အမြတ်ထုတ်မှု၊ ပင်လယ်ပြင်လုပ်ငန်း၊ လိင်ဖျော်ဖြေမှုလုပ်ငန်းများ၌ လူကုန်ကူးမှုနှင့်ကျွန်ပြုမှုတို့သည် လူသားချင်းမစာနာသော စက်ဆုပ်ဖွယ်ရာကောင်းသည့် မကောင်းမှုဒုစရိုက်လုပ်ငန်းများဖြစ်သည်။

လူကုန်ကူးမှုပြဿနာဇာစ်မြစ်သည် ဆင်းရဲနွမ်းပါးမှု၊ မပြည့်စုံမှုတို့ကို အကြောင်းခံပြီး လူကုန်ကူးခံရသူများအနေဖြင့် ၎င်းတို့ကိုယ်တိုင် လိမ်လည်လှည့်ဖြားခံရကြောင်း မသိရှိခြင်းနှင့် ၎င်းတို့ခရီးလမ်းဆုံးသို့ ရောက်ရှိနိုင်မှန်းသိပါလျက်နှင့် ပိုးဖလံမျိုး မီးကိုတိုးသကဲ့သို့ အန္တရာယ်သားရဲတွင်းသို့ သက်ဆင်းဝင်ရောက်သွားခြင်းဟူသော အကြောင်းအချက် နှစ်ချက်ရှိပေသည်။ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာဖြစ်ပွားစေသည့် အဓိကအကြောင်းအရင်းများတွင် စီးပွားရေး၊ သဘာဝဘေးအန္တရာယ်နှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ စသည်တို့ကြုံတွေ့နေရသော အဓိကအချက်များဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော လူကုန်ကူးမှုအမျိုးအစားများမှာ အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ အဓမ္မ ပြည့်တန်ဆာပြုခြင်း၊ အဓမ္မခိုင်းစေခြင်း၊ ကလေးသူငယ်လူကုန်ကူးခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း ငါးမျိုးကို တွေ့ရပြီး အဓမ္မထိမ်းမြားလက်ထပ်ခြင်းကို အများဆုံးတွေ့လာရသည်။ ထို့ကြောင့် လူကုန်ကူးမှုပြဿနာကို ဖြေရှင်းနိုင်ရန် ဆင်းရဲနွမ်းပါးမှု လျှော့ချပေးရေး၊ ပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရေး၊ လုံခြုံစိတ်ချမှုရှိစေရေး၊ ပဋိပက္ခများ လျှော့ချရေးနှင့် အသိအမြင်ဗဟုသုတများ တိုးပွားလာရေးတို့ကို ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံတို့မှ ကြိုးပမ်းတိုက်ဖျက်လျက်ရှိသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ထိုနေ့ကိုပင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားများကို ၂၀၁၃ ခုနှစ်မှစတင်၍ ပြုလုပ်ခဲ့သည်။ လူကုန်ကူးမှုပြဿနာကို ကမ္ဘာတစ်ဝန်းလုံး ကြုံတွေ့နေရပြီး အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသောနိုင်ငံများတွင် လူကုန်ကူးမှု၏ ဆိုးကျိုးများကို ပိုမိုခံစားနေကြရသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုကို အမျိုးသားရေးအသွင်ဖြင့် သတ်မှတ်တိုက်ဖျက်လျက်ရှိရာ မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးတို့ကိုပါ တွဲဖက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်း ဆောင်ရွက်၍မရနိုင်သဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာနှင့်ပါ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ လူကုန်ကူးမှု အန္တရာယ်အတွင်း မကျရောက်စေရေးအတွက် လူကုန်ကူးသူများကို ရှာဖွေဖော်ထုတ်အရေးယူရေး၊ လူကုန်ကူးခံရမည့် အလားအလာရှိသူများကို ကာကွယ်နိုင်ရေး၊ လူကုန်ကူးခံရသူများကို ပြန်လည်ကယ်တင်နိုင်ရေးနှင့် လူမှုဘဝပြန်လည်ထူထောင်စောင့်ရှောက်ပေးနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ရန်ကုန်မြို့တွင် Quarantine ဝင်နေသူလူဦးရေ ၆၀၀၀ ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်မှ ပြန်လာသည့် လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာထိုင်ခင်း ဖန်တီးပေးထားပါသည်။ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်အတွက် Quarantine Center ခုနစ်ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးထားပါသည်။ Quarantine Center ဝင်ရောက်သူများအား ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါသည်။

၂။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူ ရပ်ကွက်၌ ရှိနေပြီဆိုပါက စိုးရိမ်ထိတ်လန့်မှုမရှိစေဘဲ Quarantine Center များသို့ မြန်မြန်ဆန်ဆန် ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

၃။ Quarantine Center များသို့ ရောက်ရှိသွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေရန်နှင့် Quarantine ဝင်ရောက်နေကြသူများအား စားသောက်ဖွယ်ရာများ ပို့ဆောင်ရာတွင် အရက်သေစာနှင့် ဆေးလိပ်တို့ကို ထည့်သွင်းပို့ဆောင်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံလိုပါသည်။

၄။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများလည်း များပြားပါသည်။ သို့ဖြစ်၍ Stay Home သတ်မှတ်ကာလ နှစ်ပတ်၊ သုံးပတ်ခန့် အချိန်အတွင်း မိမိတို့နေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်၊ မဖြစ်မနေ ပြင်ပသို့သွားရောက်ရပါက Mask များ မဖြစ်မနေတပ်ကြရန်၊ ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှုမြင့်တက်လာချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။




## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - | ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| အကြီးတန်း | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့ |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## လူကုန်ကူးမှုသည် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီး၌ ရင်ဆိုင်နေရသော စိန်ခေါ်မှုပြဿနာတစ်ရပ်ဖြစ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ပြည်သူနှင့်ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေး အရှိန်မြှင့်ဆောင်ရွက်

### အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၃ ရက်)

**မြန်မာနိုင်ငံအနေဖြင့် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၃ ခုနှစ်မှစ၍ သတ်မှတ်ကျင်းပခဲ့သည်မှာ အဋ္ဌမအကြိမ်မြောက် ရှိပြီဖြစ်ပါသည်။**

ယခင်နှစ်များက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဗဟိုအဆင့်အခမ်းအနားကို နေပြည်တော်တွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အခမ်းအနားများကို သက်ဆိုင်ရာ အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ယခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ (COVID-19) အခြေအနေကြောင့် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားများကို မပြုလုပ်ဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်သူလူထုအား အသိပညာပေးမှုများသာ အဓိကဆောင်ရွက်ခဲ့ပါသည်။

လူကုန်ကူးမှုသည် လူ့အသိုက်အဝန်းအတွင်း လက်မခံနိုင်သည့် ကြီးလေးသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီး၌ ရင်ဆိုင်နေရသော စိန်ခေါ်မှုပြဿနာတစ်ရပ် ဖြစ်ပေသည်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျသည့် နေရာဒေသများမှ လူများသည် ပိုမိုဖွံ့ဖြိုးတိုးတက်သောနေရာများသို့ ရွှေ့ပြောင်းသွားလာ၍ အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေကြရာမှ လူကုန်ကူးသူများ၏ သားကောင်များအဖြစ် ရောက်ရှိသွားကြသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာတစ်ဝန်း နှစ်စဉ်ထောင်ပေါင်းများစွာသော အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များသည် ပုံစံမျိုးစုံဖြင့် လူကုန်ကူးခံနေကြရပြီး ယင်းတို့အနက်မှ ထက်ဝက်ကျော်သည် အာရှ-ပစိဖိတ်ဒေသအတွင်းမှဖြစ်ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု၊ ဒေသအတွင်း မတည်ငြိမ်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကြောင့် ရွှေ့ပြောင်းလုပ်သားများအဖြစ် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရာမှ ရပ်တည်ရန်ခက်ခဲသည့် အခြေအနေအပေါ် လူကုန်ကူးသူများ၊ လူပွဲစားများကအခွင့်ကောင်းယူကာ မက်လုံးပေးစည်းရုံးမှုများကြောင့် လူကုန်ကူးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် မြန်မာနိုင်ငံသား ၃၀၀ ဦးမှ ၃၆၀ ဦးခန့်သည် အဓမ္မလုပ်အားခိုင်းစေမှု၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု၊ အဓမ္မထိမ်းမြားလက်ထပ်မှု၊ အဓမ္မအငှားကိုယ်ဝန်ဆောင်မှုစသော လူကုန်ကူးမှုပုံစံများဖြင့် ပြည်တွင်းအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ လူကုန်ကူးခြင်းခံနေရပါသည်။

လူကုန်ကူးမှု ဖြစ်ပွားမှုပုံစံများမှာလည်း ပြောင်းလဲဖြစ်ပွားလျက်ရှိရာ မိမိနိုင်ငံမှ အသက်ငယ်ရွယ်သည့် မိန်းကလေးများနှင့် ထိမ်းမြားလက်ထပ်ရန်အတွက် အိမ်နီးချင်းနိုင်ငံမှ အမျိုးသားများက ပြည်တွင်းအထိ တိုက်ရိုက်လာရောက်စည်းရုံးခေါ်ဆောင်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းရေလုပ်ငန်းများ၊ ငါးဖမ်းစက်လှေများနှင့် ကျားဖောင်လုပ်ငန်းများတွင် ရေလုပ်သားအဖြစ် လုပ်ကိုင်နေသူများကို အဓမ္မလုပ်အားခိုင်းစေခြင်းဖြင့် လူကုန်ကူးမှုများဖြစ်ပွားလာကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးပါဝင်ကာ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့နှင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့စသော လုပ်ငန်းအဖွဲ့(၃)ဖွဲ့ကိုလည်းကောင်း၊ အဆင့်ဆင့်သော တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့နှင့် ရပ်ရွာအခြေပြု စောင့်ကြည့်ရေးအဖွဲ့တို့ကိုလည်းကောင်း ဖွဲ့စည်းခဲ့ပြီး ရည်မှန်းချက်၊ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုတတိယ(၅)နှစ်စီမံကိန်း (၂၀၁၇-၂၀၂၁)ကို နှစ်အလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများဖြစ်သော မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထိ အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်ဒေသတွင်း(၆)နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး စီမံကိန်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း၊ မြန်မာ-တရုတ်/ မြန်မာ-ထိုင်း/ မြန်မာ-လာအို/ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာစသည်တို့ကို လက်မှတ်ရေးထိုး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးမှု မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွင် လူကုန်ကူးမှုအန္တရာယ်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် မီဒီယာအဖွဲ့အစည်းများ ပူးပေါင်း၍ အသိပညာပေးခြင်း၊ ရုပ်မြင်သံကြားတွင် အသိပညာပေးဇာတ်လမ်းနှင့် တေးသီချင်းများ ထုတ်လွှင့်ပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေး (Bill Board)များ စိုက်ထူခြင်း၊ မိုဘိုင်းဖုန်းအော်ပရေတာများမှတစ်ဆင့် SMS ပေးပို့ခြင်း၊ ကျောင်းသားလူငယ်များအကြား လူကုန်ကူးမှုအန္တရာယ် အသိပညာများ ရရှိစေရေးအတွက် အခြေခံပညာကျောင်း သင်ခန်းစာများတွင် ထည့်သွင်းပို့ချပေးခြင်း စသောလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ လူကုန်ကူးမှုနှင့် လူကုန်ကူးခံရသူများအား အချိန်မီ သတင်းပေးကယ်တင်နိုင်ရေးအတွက် (၂၄)နာရီ သတင်းပေးတိုင်ကြားနိုင်သည့် Hot Line ဖုန်းများကို နေပြည်တော်အပြင် ရန်ကုန်၊ မန္တလေး၊ မူဆယ်မြို့များတွင် တိုးချဲ့တပ်ဆင်ခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

သတ္တမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပြီးဆုံးသည့်အချိန်မှ ယနေ့အထိ (၈-၉-၂၀၂၀) လူကုန်ကူးမှု ဖော်ထုတ်အရေးယူခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတွင် လူကုန်ကူးမှု (၁၄၈) မှုမှ တရားခံ ကျား ၁၇၀ ဦး၊ မ ၃၀၅ ဦး၊ စုစုပေါင်း ၄၇၅ ဦးကို အရေးယူခဲ့ပြီး ကလေးသူငယ်လူကုန်ကူးခံရသူ ကျား ၆ ဦး၊ မ ၄၀ ဦးအပါအဝင် လူကုန်ကူးခံရသူ ကျား ၄၅ ဦး၊ မ ၁၇၇ ဦး စုစုပေါင်း ၂၂၂ ဦးကို ကယ်တင်နိုင်ခဲ့ပါသည်။ လူကုန်ကူးသူ တရားခံ ကျား ၁၄၅ ဦး၊ မ ၂၄၃ ဦး၊ စုစုပေါင်း ၃၈၈ ဦးအား တရားစွဲတင်နိုင်ခဲ့ပြီး တရားခံ ကျား ၈၂ ဦး၊ မ ၁၃၉ ဦး၊ စုစုပေါင်း ၂၃၁ ဦးအား ထိရောက်သော ပြစ်ဒဏ်များ ချမှတ်အရေးယူနိုင်ခဲ့ပါသည်။

လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်" ကို ထုတ်ဝေခြင်း၊ လူကုန်ကူးခံရသူများအတွက် ဘဝရပ်တည်နိုင်ရေး ထောက်ပံ့ပေးခြင်း၊ တရားရုံးစစ်ဆေးနေစဉ်ကာလအတွင်း ခရီးစရိတ်၊ ဆေးကုသစရိတ်နှင့် ကျွေးမွေးစရိတ် ထောက်ပံ့ပေးခြင်း၊ လူကုန်ကူးခံရသူများအား ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ရေး ဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများအား ယာယီလက်ခံစောင့်ရှောက်နိုင်ရေးအတွက် မြဝတီ၊ မူဆယ်၊ ကော့သောင်း၊ မန္တလေးမြို့များရှိ ယာယီလက်ခံစောင့်ရှောက်နိုင်ရေးဂေဟာများတွင် ထားရှိပြီး အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် အမျိုးသား ၅၀ ဦးနှင့် အမျိုးသမီး ၅၀ ဦးဆံ့သည့် ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာအသစ်တစ်လုံး တည်ဆောက်ခြင်းနှင့် ကချင်ပြည်နယ်တွင် ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာအသစ်တစ်လုံး ဆောက်လုပ်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် လက်ရှိတွင်လည်း လူကုန်ကူးမှုအန္တရာယ်များကို ရင်ဆိုင်နေရသောကြောင့် လူကုန်ကူးမှုပုံစံအမျိုးမျိုးနှင့် နောက်ဆက်တွဲဆိုးကျိုးများကို ပြည်သူလူထုတစ်ရပ်လုံး သိရှိနားလည်ပြီး လူကုန်ကူးမှု ကြိုတင်ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းပါဝင်လာစေရေးကိုပါ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

ယခုကာလတွင် ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ (COVID-19) အခြေအနေကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးခြင်း၊ ဘဝရပ်တည်ရန်ခက်ခဲခြင်း၊ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ခြင်းတို့မှတစ်ဆင့် လူကုန်ကူးမှုများ ပိုမိုဖြစ်ပေါ်လာနိုင်သဖြင့် တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ပြည်သူလူထုနှင့်ပူးပေါင်း၍ လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါသည်။

ယခု ၂၀၂၀ ပြည့်နှစ်၊ အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော "လူကုန်ကူးမှုပပျောက်ရေး ရှေ့တန်းကနေ စွမ်းဆောင်ပေး" ဆိုသည့်အတိုင်း သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီးက နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူပြည်သားများ အားလုံးနှင့်ပူးပေါင်းကာ လူကုန်ကူးမှုပပျောက်ရေးအတွက် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

## မြန်မာ့မီးရထားမှ စုန်ဆန်ရထားပြေးဆွဲမှု လျှော့ချ

**ရန်ကုန် စက်တင်ဘာ ၁၂**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ခရီးသွားလာမှုများ လျော့နည်းလာ၍ မြန်မာ့မီးရထားမှ စုန်ဆန်ပြေးဆွဲနေသော ရထားလမ်းပိုင်းခြောက်ခုအတွက် ပုံမှန်ပြေးဆွဲမည်ဖြစ်သော်လည်း ကျန်လမ်းပိုင်းပြေးဆွဲမှုကို ယနေ့မှစပြီး ယာယီရပ်နားထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါစုန်ဆန်ပြေးဆွဲမည့် လမ်းပိုင်းများမှာ ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် အမှတ် ၃ အဆန်/၄ အစုန်၊ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတွင် အမှတ် ၄၁ အဆန်/၄၂ အစုန်၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ် ၆၃ အဆန်/၆၄ အစုန်၊ ပုသိမ်-ကြံခင်း လမ်းပိုင်းတွင် အမှတ် ၁၈၅ အဆန်/၁၈၆ အစုန်၊ မန္တလေး-လားရှိုး လမ်းပိုင်းတွင် အမှတ် ၁၃၁ အဆန်/၁၃၂ အစုန်၊ နေပြည်တော်-ချောက် လမ်းပိုင်းတွင် အမှတ် ၁၀၁ အဆန်/၁၀၂ အစုန် ရထားများသာ ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ ကျန်လူစီးရထားများအား ယာယီရပ်နားထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ကြေညာထားသည်။

**ဆက်လက်ပြေးဆွဲ**

သို့သော်လည်း ရန်ကုန်မြို့ပတ်လမ်းအား အစင်းရေ ၃၀ ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ပါဆယ်ရထားများ/ ကုန်ရထားများ ဆက်လက်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားသည် ပြည်သူအများစုအားထားနေရသော ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းဖြစ်၍ အချိန်နှင့်တစ်ပြေးညီ ကောင်းမွန်သောဝန်ဆောင်မှုလုပ်ငန်းဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ခြင်း၊ ရန်ကုန်မြို့ပတ်ရထား ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်း အပါအဝင် အဘက်ဘက်မှ တိုးတက်လာအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်**







ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံ-ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်စဉ်။

◆ ရှေ့ဖုံးမှ

ARF ထုတ်ပြန်ချက်" နှင့် "နိုင်ငံတကာလုံခြုံရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ အသုံးပြုမှု လုံခြုံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ARF ထုတ်ပြန်ချက်" တို့ကို အတည်ပြုခဲ့ကြသည်။ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံအချို့က ရခိုင်အရေးကိစ္စသည် သိမ်မွေ့ရှုပ်ထွေးသဖြင့် ပြဿနာအရင်းအမြစ်ကို ဖြေရှင်းရန်လိုအပ်ကြောင်း၊ နေရပ်ပြန်လာသူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ကောင်းမွန်သည့်ပတ်ဝန်းကျင် ဖန်တီးရေး အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရာတွင် အာဆီယံအနေဖြင့် မြန်မာနိုင်ငံကို ဆက်လက်ကူညီပံ့ပိုးပေးရန်နှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုများ ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်းစသည်ဖြင့် ဆွေးနွေးပြောကြားကြသည်။

### နားလည်သဘောပေါက်ရန်လို

ပြည်ထောင်စုဝန်ကြီးက ရခိုင်ကိစ္စဆွေးနွေးချက်များအပေါ် တုံ့ပြန်ပြောကြားရာ၌ ရခိုင်ပြည်နယ်အရေးကိစ္စကို အမှန်တကယ်ဖြေရှင်းလိုပါက ပိုမိုကျယ်ပြန့်သောအမြင်ဖြင့် ရှုမြင်သုံးသပ်ပြီး ယင်းပြဿနာ၏စိန်ခေါ်မှုများနှင့် ရှုပ်ထွေးမှုများကို နားလည်သဘောပေါက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စသည် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ရွှေ့ပြောင်းသွားလာမှုနှင့် မိမိတို့ လွတ်လပ်ရေးမရမီအချိန်ကပင် ပေါ်ပေါက်ခဲ့သော ခွဲထွက်ရေးလှုပ်ရှားမှုများမှ အစပြုခဲ့သည့် ရှည်လျားရှုပ်ထွေးသော သမိုင်းကြောင်းရှိသည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ မတူညီသည့် အသိုက်အဝန်းများအကြား အပြန်အလှန် မယုံကြည်မှုများ၊ ကြောက်ရွံ့မှုများ နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိရာ မိမိတို့အနေဖြင့် အသိုက်အဝန်းများအကြား ယုံကြည်မှုနှင့် သဟဇာတရှိမှုတည်ဆောက်ရေးကို အလေးထား လုပ်ဆောင်လျက်ရှိပြီး လုံလောက်သည့် အခြေအနေနှင့် အချိန်အခါလိုအပ်ကြောင်း၊ လက်ရှိမြန်မာအစိုးရအနေဖြင့် အသိုက်အဝန်းအားလုံးအတွက် ရေရှည်တည်တံ့သည့် အဖြေတစ်ရပ် ရှာဖွေရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ARSA အကြမ်းဖက်အဖွဲ့၏ စတင်တိုက်ခိုက်မှုကြောင့် လူအများအပြား နေရပ်စွန့်ခွာခဲ့ကြခြင်းဖြစ်သည့်အချက်ကို အများက လျစ်လျူရှုထားကြကြောင်း၊ ရခိုင်ပြည်နယ်တွင် အမှန်တကယ် နေထိုင်ခဲ့ကြောင်း စိစစ်အတည်ပြုနိုင်သူများကို မြန်မာ၊ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံရန် အဆင်သင့်ရှိကြောင်း မိမိတို့အနေဖြင့် အကြိမ်ကြိမ် ပြောကြားပြီးဖြစ်ကြောင်း၊ နေရပ်စွန့်ခွာသူဦးရေနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ပြောကြားသည့် ကိန်းဂဏန်းများသည် အလွန်အမင်း ဖောင်းပွနေကြောင်း၊ မိမိတို့အနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်ရန် အဆင်သင့်ရှိသော်လည်း လုပ်ငန်းစဉ် မစတင်နိုင်စေရန် နေရပ်စွန့်ခွာသူစခန်းများတွင် အကြမ်းဖက်အုပ်စုများ၏ ခြိမ်းခြောက်မှုများနှင့် နိုင်ငံရေးရည်မှန်းချက်အတွက် နေရပ်စွန့်ခွာသူများအား အမြတ်ထုတ်မှုများကြောင့် နှောင့်နှေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်တွင် မပါဝင်သော အချုပ်အခြာအာဏာထိပါးနိုင်သည့် အဆိုပြုချက်အသစ်များကို လက်ခံနိုင်မည် မဟုတ်ကြောင်း၊ ARSA ၏လှုပ်ရှားမှုများ၊ AA ၏ အကြမ်းဖက်တိုက်ခိုက်မှု တိုးမြင့်လာခြင်းနှင့် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေတို့ကြောင့် လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်အခြေအနေသည် ပိုမိုရှုပ်ထွေးလာကြောင်း ပြောကြားခဲ့သည်။

### ကောင်းမွန်သည့်ဝန်းကျင် ဖန်တီး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လက်ရှိအချိန်တွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ရပ်တန့်နေသော်လည်း နှစ်နိုင်ငံသဘောတူညီချက်များ အကောင်အထည်ဖော်ရေးအတွက် သံတမန်လမ်းကြောင်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ရခိုင်ပြည်နယ်ရှိ ကျေးရွာနှစ်ရွာတွင် ရှေ့ပြေးစမ်းသပ်စီမံကိန်းများ စတင်ရန် ဆွေးနွေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအထိ စိစစ်အတည်ပြုပြီးဖြစ်သည့် နေရပ်စွန့်ခွာသူဦးရေ ၂၅၀၀၀ ကျော်စာရင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထပ်မံပေးပို့ထားပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ အာဆီယံ၊ မိမိတို့၏ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ်၌ ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာသေးမီက အာဆီယံနှင့် မြန်မာနိုင်ငံတို့သည် အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ရေးအတွက် အာဆီယံစီမံကိန်း လေးခုကို အတည်ပြုခဲ့ကြောင်း၊ UNDP၊ UNHCR တို့အနေဖြင့် အခြေခံအဆောက်အအုံ တိုးတက်ကောင်းမွန်စေရန်နှင့် ဒေသခံများ၏ လိုအပ်ချက်များကို ဆန်းစစ်ရန် ရွာပေါင်း ၁၂၀ တွင် ကွင်းဆင်းလေ့လာမှု ခုနစ်ကြိမ် ပြုလုပ်ခဲ့ပြီး Quick Impact Project ၇၅ ခုကို ဆောင်ရွက်ခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကူညီပံ့ပိုးမှုများအတွက် အာဆီယံနှင့် အခြားဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများကို ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

### ကူညီပံ့ပိုးမှုကို အတည်ပြု

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် (၅၃)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါပူးတွဲကြေညာချက်တွင် ရခိုင်ပြည်နယ် အရေးကိစ္စနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက လူသားချင်းစာနာမှုအကူအညီများပေးခြင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် ကူညီပံ့ပိုးခြင်းနှင့် ရခိုင်ပြည်နယ်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ခြင်းတို့တွင် အာဆီယံ၏ ကူညီပံ့ပိုးမှုကို ထပ်လောင်းအတည်ပြုကြောင်း၊ တတိယအကြိမ် အဆင့်မြင့်ညှိနှိုင်းအစည်းအဝေး၌ အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန် ဦးစားပေးစီမံကိန်းများ အတည်ပြုခဲ့ခြင်းကို ကြိုဆိုကြောင်း၊ "ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ" အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြိုဆိုကြောင်း၊ ရခိုင်ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးကြောင်း ဖော်ပြထားသည်။

(၅၃) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာ အစည်းအဝေးအပြီးတွင် ပူးတွဲကြေညာချက် (Joint Communique) အပါအဝင် စာရွက်စာတမ်း စုစုပေါင်း ၄၁ ခုကို ထုတ်ပြန်ခဲ့သည်။

**သတင်းစဉ်**

## မြဝတီမြို့ အမှတ် (၂) တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၁၈ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၁၂**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၁၈ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ ၅၅၈၀ စုစုပေါင်း ၇၆၇၄၃ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၂၂၆ ဦး၊ အမျိုးသမီး ၉၂ ဦး စုစုပေါင်း ၃၁၈ ဦး ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၂**
စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။

**ဈေးမြင့်ရောင်းချမှု စစ်ဆေးမည်**

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကိုဗစ်-၁၉ ကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည့်အပြင် တစ်ဦးချင်းအနေဖြင့်လည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မိမိဌာန၏ လုပ်ငန်းတာဝန်များအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ လုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလာသည့်အတွက် လူဝင်/ထွက်မှုကို ကန့်သတ်တားဆီးမှုများရှိပြီး ကုန်ပစ္စည်းပြတ်လပ်မှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်လာနိုင်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် အခြေခံစားသောက်ကုန်များ၊ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများကို ဖြစ်သင့်သည့်ဈေးထက် မြင့်တက်ရောင်းချမှုများကိုလည်း စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စစ်ဆေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**အရှိန်အဟုန်မပြတ် ဆောင်ရွက်**

ဝန်ကြီးဌာနအနေဖြင့် အရေးပေါ်ရိက္ခာ ဆန်နှင့်ဆီ ဝယ်ယူသိုလှောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဌာန၏လုပ်ငန်းတာဝန်များအပြင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရာ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ရုံးချုပ်အနေဖြင့်လည်းလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေးနွေးပွဲများကို အွန်လိုင်းမှ ဆောင်ရွက်လျက်ရှိကြောင်း၊ အွန်လိုင်းမှ ညှိနှိုင်းဆောင်ရွက်မှုများသည် ကိုဗစ်-၁၉ က ပေးသည့် New Normal အခြေအနေဖြစ်ပါကြောင်း၊ လုပ်ငန်းများကို New Normal အရ အရှိန်အဟုန်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ၊ စားသုံးသူ သက်သာချောင်ချိရေးလုပ်ငန်းများ၊ အရေးပေါ်ရိက္ခာဆန်နှင့် ဆီသိုလှောင်မှုများ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့မှ ဆန်စပါးဝယ်ယူသိုလှောင်မှုများ၊ ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပြည်တွင်းကုန်သွယ်မှုအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းအဖွဲ့များ၊ ကဏ္ဍအလိုက်ဇုန်များ၊ အစုအဖွဲ့များဖွဲ့စည်းဆောင်ရွက်သည့် လုပ်ငန်းများ၊ ကိုဗစ်-၁၉ အလွန်တွင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

**ဖြည့်စွက်ရှင်းလင်း**

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်များတွင် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က ပြန်လည်ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ထပ်မံဖြည့်စွက်ရှင်းလင်းပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်နေရာများ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၂**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ မြို့မနှစ်ခြင်း၊ လော်ဝေါ်နှစ်ခြင်း၊ မူရင်းနှစ်ခြင်း၊ လော်ဝေါ်အေဂျီ၊ လီဆူနှစ်ခြင်း၊ မဒိန် KBC၊ ခတ်ချို အလယ်ပိုင်း (ကွက်သစ်)၊ နောင်ဟီး၊ မိုင်းနား ကက်သလစ်၊ မိုင်းနား(အေဂျီ)၊ မိုင်းနား(လဝမ်)၊ မိုင်းနား ဖုံနယ် (ဖွံ့ဖြိုးရေးခြံ)၊ ပူတာအိုမြို့နယ်ရှိ ဒုတ္ထန်ရပ်ကွက်နှင့် လုံးစွတ်ရပ်ကွက် IDP စခန်း ၁၄ ခုသို့ သွားရောက်၍ ထုံးအိတ် ၁၄၀ နှင့် ဆပ်ပြာ ၅၀၆၄ ခဲတို့ကို လည်းကောင်း။

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ စေတီတောင်နှင့် ဖုံညိုလိပ်ယာယီတိုက်ပွဲရှောင်နေရာနှစ်နေရာသို့ ထုံးအိတ် ၂၀ တို့ကိုလည်းကောင်း။

ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ ဂျော်(၁)၊ ဂျော်(၂)၊ စိန့်သောမတ်၊ ပန်လုံ၊ နေဝန်းနီ၊ မိုင်းဝီနှင့် ကွတ်ခိုင်မြို့နယ်ရှိ (၅)ရပ်ကွက်နှစ်ခြင်းအသင်းတော်ရုံးနှင့် (၆)ရပ်ကွက် မူကြိုကျောင်း စုစုပေါင်း IDP စခန်းရှစ်ခုသို့ ထုံးအိတ် ၈၀ နှင့် ဆပ်ပြာ ၂၃၃၈ ခဲတို့ကိုလည်းကောင်း ထောက်ပံ့ခဲ့သည်။

အလားတူ စက်တင်ဘာ ၁၀ ရက်က ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ မံစီနှစ်ခြင်း၊ မိုင်းခေါင်နှစ်ခြင်းနှင့် မိုင်းခေါင် ကက်သလစ် IDP စခန်းသုံးခုနှင့် မိုးကောင်းမြို့နယ်ရှိ ကံလှမောနွေလ ယာယီတိုက်ပွဲရှောင်နေရာများသို့ သွားရောက်၍ ထုံးအိတ် ၄၀ နှင့် ဆပ်ပြာ ၃၁၁၈ ခဲတို့ကို လည်းကောင်း။

စက်တင်ဘာ ၉ ရက်က မြစ်ကြီးနားမြို့နယ်ရှိ တပ်ကုန်း နှစ်ခြင်း၊ တပ်ကုန်းအင်ဂျန်ဒုံ၊ တပ်ကုန်းဂါလီလဲ၊ တပ်ကုန်းမောနွေလ၊ တပ်ကုန်းစံပြနှစ်ခြင်း၊ တပ်ကုန်း ရာဒါကောင်းဘီ COC၊ ဒူကတောင်နယ်မြေ(၄)၊ ဒူကတောင်နယ်မြေ(၅)၊ ဒူကတောင်နယ်မြေ(၁၄)၊ လယ်ကုန်းဇီးအုန်၊ လယ်ကုန်းဗက်လင်၊ လယ်ကုန်းမလိယန်၊ စီတာပူဆွတ်ငိုင်တောင်၊ စီတာပူသီတာအေးနှစ်ခြင်း၊ မြို့သစ်ကြီးဂျန်မိုင်ကောင်းနှစ်ခြင်း၊ မြို့သစ်ကြီးဂျန်မိုင်ကောင်းအာရ်စီ၊ မန်ခိန်နှစ်ခြင်း၊ ရွှေစက်နှစ်ခြင်း၊ မော်ဖောင်းခါနန်နှစ်ခြင်း၊ မော်ဖောင်းလော်ဝေါ်နှစ်ခြင်း၊ နန်းကွေ့စိန်ယောဟန်၊ ပလန ကက်သလစ်လူငယ်ဗဟိုကျောင်း၊ ဗန်းမော်မြို့နယ်ရှိ လီဆူနှစ်ခြင်းဘော်ဒါ၊ နှစ်-၂၀၀၀(အာရ်စီ)၊ ရှောဘတ်ကျောင်း၊ ထွယ်ဆန်ကျောင်း၊ နှစ်ခြင်း(မူရင်း)နှင့် ဖန်းခါးကုန်း IDP စခန်း ၂၈ ခုနှင့် မြစ်ကြီးနားမြို့နယ်ရှိ နောင်နန်းတြီနီတီ၊ နောင်နန်းဂျော်မဆပ်နှင့် ဆဒုံးယာယီတိုက်ပွဲရှောင်နေရာသုံးခုသို့ သွားရောက်၍ ထုံးအိတ် ၃၁၀ နှင့် ဆပ်ပြာ ၁၇၁၉၈ ခဲတို့ကို ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နတ်မောက်မြို့မဈေး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး

**နတ်မောက် စက်တင်ဘာ ၁၂**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းသို့ လာရောက်သည့် ဈေးရောင်းဈေးဝယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ နှာခေါင်းစည်းများ စနစ်တကျ ဝတ်ဆင်စေခြင်း၊ လက်ဆေးဘေစင်များ ထားရှိပေးပြီး စနစ်တကျ လက်ဆေးစေခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်းနှင့် ကိုဗစ်-၁၉ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သင်းသင်းဝေ(ပြန်/ဆက်)**

# ကျိုက်မရောမြို့နယ်၌ Cash For Work စီမံကိန်း ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် စက်တင်ဘာ ၁၂**
မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ကျေးရွာ ၁၃ ရွာတွင် နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဆောင်ရွက်ခဲ့သော Cash for Work စီမံကိန်းမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီး ကျေးရွာနေပြည်သူကျား ၆၁၆ ဦး၊ မ ၄၇၉ ဦး စုစုပေါင်း ၁၀၉၅ ဦး အလုပ်အကိုင်နှင့် ဝင်ငွေများရရှိခဲ့ကြောင်း သိရသည်။



"Cash for Work စီမံကိန်းကို ကျေးလက်နေပြည်သူတွေ ကိုဗစ်-၁၉ ရောဂါကာလအတွင်း လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးမှုတွေ လျော့နည်းသက်သာစေဖို့နဲ့ ဝင်ငွေရရှိစေဖို့ ဆောင်ရွက်ခဲ့တာပါ။ လုပ်ငန်းဆောင်ရွက်ရာမှာ ကိုဗစ်-၁၉ ကာလအတွင်း အလုပ်လက်မဲ့ဖြစ်နေသူတွေ၊ ဝင်ငွေမရှိတဲ့သူတွေ၊ အမျိုးသမီးဦးဆောင်တဲ့ အိမ်ထောင်စုတွေကို ဦးစားပေးကာ စီမံကိန်းလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်စေပြီး ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တစ်နေ့တာ လုပ်အားခအဖြစ် ကျား၊ မ မရွေး တစ်ဦးကို ကျပ် ၆၀၀၀ အထိ လက်ငင်းပေးချေဆောင်ရွက်ခဲ့ပါတယ်" ဟု ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဦးကိုကိုက ပြောသည်။

အဆိုပါ စီမံကိန်းကို ဇူလိုင်လမှစတင်ကာ ကျိုက်မရောမြို့နယ် ကျေးရွာ ၁၃ ရွာတွင် လမ်းဘေးရေနုတ်မြောင်းတူးဖော်ခြင်း၊ မြေဖို့ခြင်း၊ မြေသားလမ်းခင်းခြင်းနှင့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၎င်းလုပ်ငန်းများ စီမံကိန်းလမ်းညွှန်ချက်များနှင့်အညီ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီမှု ရှိ၊ မရှိ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဟန်လင်းနိုင်**

# ကာရာအိုကေ ဗိုင်းရပ်စ်

စောမော်အောင်

ပထမတစ်ချီ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ခဲ့ပေမယ့် ဒုတိယအကြိမ် တစ်ကျော့ပြန် ဝင်လာပြီး ကူးစက်ပျံ့နှံ့နေတဲ့၊ မျိုးဗီဇပြောင်းလဲသွားတယ်လို့ဆိုတဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးကတော့ နိုင်ငံတစ်ဝန်း မွှေနှောက်ပျံ့နှံ့နေတယ်။

ရခိုင်ပြည်နယ် စစ်တွေမြို့က စဝင်လာတယ်။ နိုင်ငံရပ်ခြားသွားခဲ့တာမရှိ၊ ရောဂါပိုးရှိတဲ့ လူနာတွေနဲ့လည်း ထိတွေ့တာမရှိတဲ့ ပြည်တွင်းကူးစက်လူနာ တစ်ယောက် ဩဂုတ်လ ၁၆ ရက်က ဓာတ်ခွဲတွေ့ရှိ အတည်ပြုခဲ့ပါတယ်။ အဲဒီနေ့ကစပြီး ကူးစက်ပြန့်ပွားစာရင်း တိုးလာလိုက်တာ ဒီနေ့ဆိုရင် အတည်ပြုလူနာ စုစုပေါင်း ၂၅၉၅ ဦးပါတဲ့။ စစ်တွေမှာ ပထမဆုံးစတွေ့တဲ့လူနာ က ၃၇၅ ဦးဆိုတော့ တစ်ကျော့ပြန်မှာ ၂၂၀၀ ကျော် တိုးသွားတယ်။ ပထမ လေး၊ ငါးလမှာ ပိုးရှိသူ စုစုပေါင်း ၄၀၀ မပြည့်ခဲ့ပေမယ့် အခု တစ်လမပြည့်ခင်မှာ ၂၂၀၀ ကျော် တိုးလာတယ်ဆိုတော့ ဒုတိယလှိုင်းမှာ ကူးစက်မှုနှုန်း အရှိန်ဘယ်လောက်များလဲ မှန်းကြည့်နိုင်ပါတယ်။

........................

တစ်ကျော့ပြန် ဗိုင်းရပ်စ်ပိုးရဲ့ ဇီဝမျိုးဗီဇပြောင်းလဲလာပြီး ကူးစက်မြန်၊ အဖိတ်အစဉ်လည်း ပိုများနေတာက သိသာပါတယ်။ ပထမကာလတစ်ခုလုံးမှာ လူနာခြောက်ဦး သေဆုံးခဲ့တယ်။ အခု သုံးပတ်လောက်အတွင်းမှာ ၁၀ ဦး တိုးလို့ စုစုပေါင်း သေဆုံးသူ ၁၆ ဦး ဖြစ်လာတယ်။

ဒါကြောင့်ပဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အနေအထိုင်၊ အသွားအလာ သတိထား ဆင်ခြင်ကြဖို့ ဗိုင်းရပ်စ်ပိုး တစ်ကျော့ပြန်မလာခင်ကစပြီး အထပ်ထပ်ကြေညာခဲ့ပါတယ်။

ဒီနေ့ ဒီအချိန်အထိ စိတ်ချသေချာပြီလို့ အတည်ပြုကြေညာနိုင်တဲ့ ကာကွယ်ဆေး၊ ကုသဆေးတို့ဆိုတာကလည်း မပေါ်သေးဘူးဆိုတော့ အနေအထိုင် ဆင်ခြင်ပြီး ကာကွယ်ကြတဲ့နည်းကသာ အကောင်းဆုံးဖြစ်နေတာပါ။ အခုဆိုရင် ကမ္ဘာမှာ အတည်ပြုလူနာ ၂၈ သန်းကျော်ရှိပြီး သေဆုံးတာ ကိုးသိန်းကျော် ရှိနေပါပြီ။

ကိုဗစ်ကပ်ရောဂါရဲ့အန္တရာယ်ဟာ မြန်မာနိုင်ငံသားတို့အနေနဲ့ ဘယ်လိုမှ ပေါ့ပေါ့ဆဆ သဘောထားလို့မဖြစ်။ တကယ်တော့ ကျွန်တော်တို့ဟာ ပထမအကြိမ်မှာ သတိနဲ့နေခဲ့ကြ၊ လက်ဆေးဆို ဆေးကြ၊ နှာခေါင်းစည်း တပ်ဆိုတပ်ကြ၊ အပြင်မထွက်နဲ့ဆို မထွက်ဘဲ နေခဲ့ကြ၊ လူချင်းခွာနေကြ၊ အနေအထိုင် ဆင်ခြင်ကြနဲ့ တော်တော်လေး ဂရုစိုက်ခဲ့ကြ၊ ဒါကြောင့်ပဲ တော်တော့်ကို ထိန်းချုပ်နိုင်ခဲ့ကြတာပါ။ ကျွန်တော်တို့ ပြည်သူလူထုရဲ့ စိတ်ပါလက်ပါ ကူညီကြ၊ စည်းကမ်းလိုက်နာကြတာတွေကြောင့် ခုလောက်ထိန်းနိုင်သွားတာ။

........................

အခု ဗိုင်းရပ်စ်ပိုး ဒုတိယအကြိမ် တစ်ကျော့ပြန် ခပ်ပြင်းပြင်းလေး ဝင်လာတဲ့အခါမှာ အရင်အတွေ့အကြုံကို ဖြတ်သန်းဖူးတော့ သိပ်အရေးမကြီးဘူးလို့ ယူဆကြသလား မသိပါဘူး။ အလေးအနက်သမားတွေနဲ့အပြိုင် ပေါ့ပေါ့သဘောထားသူတွေကလည်း မနည်းလှတာကို တွေ့ရပါတယ်။ ရခိုင်ပြည်နယ်မှာ စတင်ဝင်လာတာကို အစိုးရရော၊ ပြည်သူတွေရော အားလုံးဝိုင်းဝန်းပြီး စောင့်ရှောက်ကြတဲ့အခါမှာ ကူးစက်မှုနှုန်း ငြိမ်သွားတာကို သတိထားမိပါတယ်။ ဒါပေမဲ့ ဗိုင်းရပ်စ်ပိုးက တခြားပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေကို ခရီးဆန့်ပြီး ကူးစက်လိုက်တဲ့အခါမှာ တရိပ်ရိပ်ဖြစ်လာတာ တွေ့ရပါတယ်။

အထူးသဖြင့်တော့ ရန်ကုန်။

ရန်ကုန်ဟာ လူစုံပါတယ်။ ကြီးထွားမြို့ပြတွေရဲ့ သဘာဝအတိုင်း အနယ်နယ်က လာရောက်အခြေချသူတွေ၊ ကူးလူးဆက်ဆံနေသူတွေနဲ့ တရုန်းရုန်းလို့ ဆိုရမယ့်မြို့။

စားဝတ်နေရေးအတွက် ရုန်းကန်နေကြရသူတွေဖြစ်တော့ အပြင်မထွက်မဖြစ် ထွက်ကြရ။ အဲဒီမှာ စည်းကမ်းလိုက်နာမှု လျော့ရဲလာတော့ ပိုးပျံ့နှံ့ဖို့က အင်မတန်လွယ်ကူလာ။

ဒီလိုထဲမှာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာတွေထဲကို စားစရာပို့တော့ ကန့်သတ်ထားတဲ့အရက်တို့၊ ဆေးလိပ်တို့ ခိုးထည့် ပို့တာလည်းရှိ။ ခရီးသွားပြီး ပြန်လာသူတွေကလည်း အကြောင်းမကြားကြ။ တိတ်တိတ်ခိုးဝင်ကြ။

ဒီလိုမြို့မှာ ခပ်ပေါ့ပေါ့သဘောထားတဲ့ လူတစ်စုရှိရင်ပဲ ချက်ချင်းဆိုသလို မြန်မြန်ဆန်ဆန် လူတစ်အုပ်တစ်မဖြစ်မှာ။ စက်တင်ဘာ ၁၁ ရက်ကဆိုရင် တစ်နေ့တည်း အတည်ပြု ပိုးတွေ့သူ ၂၇၂ ဦး။ အရင်တုန်းက တစ်ရက်ကို ဆယ်ဂဏန်းတက်ရင် များလှပြီဆိုပြီး ရင်တမမဖြစ်သူတွေဟာ ပါးစပ်အဟောင်းသားနဲ့။

စိတ်ပူသူတွေက စိတ်ပူအစိုးရိမ်ကြီးကြ။ ပေါ့ပေါ့သမားတို့က ဥပဒေ၊ စည်းကမ်း အလေးမထား။

အရောင်အသွေးစုံလင်လှတဲ့ စိတ်ကူးအကြံဉာဏ်တွေကိုလည်း မြင်ရတွေ့ရ။ တစ်မြို့နယ်ချင်း မဟုတ်ဘဲ တစ်မြို့နယ်လုံး၊ တိုင်းဒေသကြီးတစ်ခုလုံး၊ တစ်နိုင်ငံလုံး သော့ခတ်ခြေချုပ်ထားစို့တဲ့။ ချို့ငဲ့သူတွေကို ထောက်ပံ့မှုများများပေးတဲ့။ ဘယ်သူမှ အိမ်ထဲကမထွက်စေနဲ့တဲ့။ သံသယရှိသူ အိမ်မှာထား၊ အိမ်တံခါးကို ပိတ်ထား၊ သံသယလူနာရှိဆိုတဲ့ စာကပ်ထားဆိုတာလည်းပါရဲ့။

တချို့ကလည်း ဘာမှ ထိန်းချုပ်ကန့်သတ်မှုတွေ လုပ်စရာမလို၊ ဒီပိုးက ဒီလိုပဲ တွေ့နေကြရမှာတဲ့။ ဗိုင်းရပ်စ်ပိုးနဲ့ အတူယှဉ်တွဲနေထိုင်ကြဖို့သာ ပြင်ဆင်ကြ၊ ပုံမှန်အတိုင်းနေကြ၊ စနစ်တကျ လက်ဆေး၊ နှာခေါင်းစည်းတပ်၊ လူချင်းခွာခွာနေ၊ အလုပ်ကို ပုံမှန်ဆက်လုပ်၊ ဆိုင်တွေမပိတ်နဲ့၊ သတိနဲ့ စည်းကမ်းနဲ့ ဆိုင်တွေဖွင့်။

အဲဒီလို အကြံပေးမှုအမျိုးမျိုးကို ကြားရပါတယ်။

တကယ့်လက်တွေ့မှာတော့ ကိုဗစ်-၁၉ ရောဂါပိုးနဲ့ ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းမှာ အယူအဆအမျိုးမျိုး၊ တုံ့ပြန်ရင်ဆိုင်ပုံအမျိုးမျိုးပါ။ ကိုယ့်နိုင်ငံရဲ့တတ်နိုင်မှုအင်အား၊ ကိုယ့်နိုင်ငံရဲ့ အခြေအနေပေါ်မူတည်ပြီး ရင်ဆိုင်နေကြတာ။ ဘယ်လိုရင်ဆိုင်တာ အကောင်းဆုံးလဲဆိုတဲ့ နမူနာမရှိ။

မြန်မာနိုင်ငံမှာတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အစစအရာရာကို အဘက်ဘက်က တွက်ချက်ချိန်ဆပြီး တာဝန်ယူ ဆုံးဖြတ်ရတာပါ။ အဆုံးအဖြတ်ရဲ့နောက်မှာ တာဝန်ကိုပါ အပြည့်အဝယူရတာဆိုတော့ အင်မတန်ကြီးမားတဲ့ စိန်ခေါ်မှုကို ရင်ဆိုင်အဖြေရှာရတာ ဖြစ်ပါတယ်။

........................

ရန်ကုန်မှာ ကူးစက်မှုများတာ သင်္ဃန်းကျွန်းကတဲ့။ ကေတီဗွီဆိုင်က ကူးစက်တာတဲ့။ အဲဒီဆိုင်တစ်ခုတည်းက ပိုးတွေ့သူဦးရေ ရှစ်ဆယ်လောက်ရှိတယ်တဲ့။

တကယ်တော့ ကေတီဗွီဆိုင်တွေ၊ ဘား အရက်ဆိုင်တွေကို မဖွင့်ဖို့ တားမြစ်ထားတယ်လို့ နားလည်ပါတယ်။ စည်းကမ်းတွေ၊ ဥပဒေတွေကို လိုက်နာမှုမှာသာမကဘဲ တာဝန်သိစိတ်ပါ လျော့ရဲနည်းပါးတဲ့သဘောလို့ နားလည်မိ။

ကာရာအိုကေဆိုတာ ဂျပန်က စတီထွင်တာ။ သီချင်းဆို ဝါသနာရှင်တွေ ကိုယ့်အိမ်မှာ တီဗွီရှေ့ထိုင်ပြီး မိုက်ကရိုဖုန်းတစ်လုံးနဲ့ ကိုယ်ကြိုက်ရာသီချင်းတွေကို ဆိုနိုင်ဖို့ ထွင်ထားတဲ့စနစ်ပဲ ဆိုပါတော့။ စစချင်း ဗီဒီယိုခွေတွေ ခေတ်က အနုတ် ၁ ဆိုပြီးပေါ်တယ်လို့ထင်။ သီချင်းခွေထဲက အဆိုတော်ရဲ့ အသံကိုဖျောက်၊ တေးဂီတသံတွေကိုပဲ ထုတ်နိုင်အောင်လုပ်၊ ဝါသနာရှင်က အဲဒီဂီတနဲ့ ဆို။

နောက်တော့ တီထွင်မှုတွေက တိုးတက်လာ၊ စက်တွေက ပို အဆင့်မြင့်လာ။ ဆောင်းဘောက်စ်လို့ခေါ်တဲ့ အသံထွက်သေတ္တာကနေ အသံကို ဘယ်၊ ညာထွက်ရာမှာ သီချင်းသံထွက်တဲ့ဘက်ကို ပိတ်လိုက်ပြီး ဂီတသံနဲ့ ဟာမိုနီသံတွေကိုပဲ ထုတ်။ အဲဒီမှာ ဆိုတဲ့သူက ဂီတသံနဲ့ဝင်ဆို။ ဟန်ကျလို့။ တကယ်တီးထားတဲ့ ဂီတသံစုံတွေနဲ့ ဆိုရတာကိုး။

ကာရာအိုကေဆိုကြရာမှာ အိမ်ထဲမှာတင်မဟုတ်ဘဲ အဲဒီစက်တွေကိုပဲ အသံထွက်ပိုကောင်းအောင် အသံလုံခန်းတွေဖွဲ့၊ မြင်ကွင်းကျယ် ဖန်သားပြင်ကြီးတွေ၊ ပိတ်ကားတွေနဲ့ ပြင်ဆင်ပေးတဲ့ဆိုင်တွေ ပေါ်လာတယ်။ အစားအသောက်နဲ့ တွဲဖက်ရောင်းချတော့ သွားကြ၊ စားကြ၊ သောက်ကြ၊ ဆိုကြ။

အိမ်မှာ မရှိတဲ့သူတွေ၊ ဒါမှမဟုတ် အိမ်မှာ ကိုယ့်မိသားစုနဲ့ ကိုယ့်ဘာသာဆိုရုံနဲ့ မလုံလောက်ဘဲ သူငယ်ချင်းမိတ်ဆွေတွေနဲ့ စုကာဝေးကာ ဝိုင်းဆိုကြလို့ရတဲ့ ကာရာအိုကေဆိုင်တွေဟာ နေရာအနှံ့လို ဖြစ်လာတယ်။ ဒါဟာ မြန်မာနိုင်ငံတင်မဟုတ်၊ ဂျပန်မှာ၊ ထိုင်းမှာ၊ အမေရိကန်မှာ၊ နိုင်ငံတကာမှာ ရှိနေတာပါ။

........................

မြန်မာနိုင်ငံမှာတော့ အမျိုးသမီး၊ အမျိုးသား မခွဲခြား၊ သူငယ်ချင်း မိတ်ဆွေတွေစုပြီး သွားကြ၊ ဆိုကြ၊ ပျော်ကြတာမျိုးတွေရှိသလို ကူပြီး ဝင်ဆိုပေးတဲ့ အမျိုးသမီးငယ်တွေကို ဆိုင်မှာ စီစဉ်ထားရှိပေးတဲ့အတွက် အစုလိုက် အဖွဲ့လိုက် သွားရောက်သီဆိုကြ၊ စားကြသောက်ကြတဲ့ ယဉ်ကျေးမှု ထွန်းကားလာပါတယ်။ ကာရာအိုကေ ဘားကို ကေတီဗွီလို့ အသုံးများပါတယ်။

ကေတီဗွီတွေဟာ အမျိုးသားများချည်း သီးသန့်သွားကြထိုင်ကြတဲ့ နေရာအဖြစ်လည်း နာမည်ကြီးပါတယ်။

အဲဒီလို ဆိုင်မျိုးတွေမှာ သီချင်းဆိုကြတာတင်မကဘဲ တခြား ဖျော်ဖြေရေးတွေပါ တွဲဖက်ပါလာတာမျိုးတွေလည်း ရှိလာပါတယ်။ တကယ်တော့ ဒါဟာ လျှို့ဝှက်လုပ်ငန်းမဟုတ်ဘဲ အားလုံးသိကြ၊ သွားကြလေ့ရှိတဲ့ ကိစ္စမျိုးဖြစ်ပါတယ်။ ဥပဒေ၊ စည်းကမ်းတွေနဲ့၊ လိုင်စင်နဲ့ လုပ်ရတာပါ။ ဘယ်လိုလိုက်နာကြ၊ ဘယ်လို လုပ်ကိုင်နေကြတယ်ဆိုတာကတော့ အများပြည်သူကြား ပြောစရာတွေ အများကြီးရှိနေတာ။

အသောက်အစားနဲ့ တွဲဖက်တဲ့အခါ ဒါမျိုးတွေကို အပန်းဖြေစရာအဖြစ်၊ ပျော်ရွှင်စရာအဖြစ် သဘောထားကြတယ်။ နွမ်းပါးပြီး အလုပ်အကိုင်ခက်ခဲနေတဲ့ မိန်းကလေးငယ်တွေအတွက် ဝင်ငွေရတဲ့လုပ်ငန်းအဖြစ်လည်း မြင်ကြပါတယ်။ သီချင်းဝိုင်းဆိုပေး၊ အစားအသောက်အတွက် စားပွဲထိုးပေး ဆိုတာကို အလုပ်အနေနဲ့ လုပ်ကြကိုင်ကြတာဟာ ဂုဏ်ငယ်စရာ မဟုတ်ပါဘူး။ ဒါပေမဲ့ သောက် စား မူးယစ်နေသူတွေကြားမှာ၊ အရက်နံ့၊ ဆေးလိပ်နံ့၊ ချွေးနံ့ကြားမှာ ကိုယ်မပျော်ပိုက်ပါဘဲ သူတစ်ပါးကို ငွေကြေးအတွက် ဖျော်ဖြေပေးရတဲ့ အလုပ်ဆိုတာကျတော့ ဝန်လေးစရာ၊ ဘဝကို နာကြည်းစရာအဖြစ် မြင်လာကြမလားပါပဲ။

ဆိုးတာကတော့ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ရောဂါပိုးကြောင့် ကန့်သတ်မှုတွေ များပြားနေတဲ့အချိန်မှာ ကေတီဗွီဆိုင်က ဖွင့်တယ်၊ အဲဒီမှာ လာကြသူတွေကလည်းများ၊ ကူးစက်မှုကလည်းများ၊ တစ်ဆင့်တစ်ဆင့် ပြန့်ပွားတာကလည်းများ ဖြစ်တာပါပဲ။

လူစုလူဝေးများ။ ခြောက်ပေခွာတာ မရှိ။ စကားကျယ်ကျယ်ပြောရင် ပိုးက ပိုပျံ့နိုင်ခြေများ၊ သီချင်းဆိုရတာဆိုတော့ပိုဆိုး။ မိုက်ကရိုဖုန်းတစ်ခု၊နှစ်ခု၊ သုံးခုကို အလှည့်နဲ့ ခွဲဝေဆိုကြ။

ကူးစက်ပြန့်ပွားမှုက ဘယ်လောက်အထိ ဆက်သွားမလဲဆိုတာကို မသိနိုင်သေး။

........................

ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးရဲ့ အန္တရာယ်ကြီးပါတယ်။ ဒါကို ချို့တဲ့တဲ့ မြန်မာနိုင်ငံအနေနဲ့ ပင်ပန်းတကြီး ခုခံနေရတာပါ။ မလုံလောက်တဲ့ ဆရာဝန်တွေ၊ မနိုင်ဝန်တွေနဲ့ ပိနေတဲ့ ကျန်းမာရေးဝန်ထမ်းဦးရေနဲ့ ကျားကုတ်ကျားခဲ ရင်ဆိုင်နေရတာ။

အခုဆိုရင်ပဲ အတော့်ကို လက်ပန်းကျလုလု ဖြစ်နေတာကို စိတ်ဓာတ်အင်အားနဲ့ အားတင်းနေကြတာပါ။ ဒါကို ကျွန်တော်တို့တွေ စာနာနားလည်ကြဖို့လည်းလိုမှာ။

အခက်အခဲတွေက လူတိုင်းအတွက် ရှိနေမှာပါပဲ။ တစ်ကမ္ဘာလုံးခံနေရတာ။ လူ့လောက တစ်ခုလုံး အသီးသီး၊ ပုံစံအမျိုးမျိုးနဲ့ သည်းညည်းခံ ရင်ဆိုင်နေကြရတာ။

စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေ လိုက်နာကြ၊ တစ်ဦးချင်းစီက တာဝန်သိသိနဲ့နေကြ၊ အပြင်မထွက်ဘဲ အိမ်ထဲမှာနေကြ၊ လူစုလူဝေးမဖြစ်စေနဲ့၊ မဖြစ်မနေ ထွက်ရရင် လူချင်းအနည်းဆုံး ခြောက်ပေခွာနေ၊ နှာခေါင်းစည်းတပ်၊ အပြင်ကပြန်လာရင် စနစ်တကျလက်ဆေး၊ ခဏခဏဆေး၊ ရေနဲ့ ဆပ်ပြာနဲ့ဆေး၊ လက်ဆေးရေနဲ့ဆေး၊ အစားအသောက်အနေအထိုင်ကို ဂရုတစိုက်နဲ့နေ။

ဒီလိုပဲ လူထုကညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကြ၊ စည်းကမ်း ဥပဒေတွေကို လိုက်နာကြ၊ စောင့်ထိန်းရမှာတွေ၊ လုပ်ရမှာတွေကို မပျက်မကွက်လုပ်ကြရင်း ကပ်ရောဂါဘေးက ကင်းဝေးအောင်နေကြရမှာပါ။ အေးချမ်းတည်ငြိမ်တဲ့အချိန်အထိ တောင့်ခံကြပါစို့။ ။

❖ ဆိုးတာကတော့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုးကြောင့် ကန့်သတ်မှုတွေ များပြားနေတဲ့အချိန်မှာ ကေတီဗွီဆိုင်က ဖွင့်တယ်၊ အဲဒီမှာ လာကြသူတွေကလည်းများ၊ ကူးစက်မှုကလည်းများ၊ တစ်ဆင့်တစ်ဆင့် ပြန့်ပွားတာကလည်းများ ဖြစ်တာပါပဲ။

❖ လူစုလူဝေးများ။ ခြောက်ပေခွာတာ မရှိ။ စကားကျယ်ကျယ်ပြောရင် ပိုးက ပိုပျံ့နိုင်ခြေများ၊ သီချင်းဆိုရတာဆိုတော့ ပိုဆိုး။ မိုက်ကရိုဖုန်းတစ်ခု၊ နှစ်ခု၊ သုံးခုကို အလှည့်နဲ့ ခွဲဝေဆိုကြ။

❖ ကူးစက်ပြန့်ပွားမှုက ဘယ်လောက်အထိ ဆက်သွားမလဲဆိုတာကို မသိနိုင်သေး။

✻ စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေ လိုက်နာကြ၊ တစ်ဦးချင်းစီက တာဝန်သိသိနဲ့နေကြ၊ အပြင်မထွက်ဘဲ အိမ်ထဲမှာနေကြ၊ လူစုလူဝေးမဖြစ်စေနဲ့၊ မဖြစ်မနေ ထွက်ရရင် လူချင်း အနည်းဆုံး ခြောက်ပေခွာနေ၊ နှာခေါင်းစည်းတပ်၊ အပြင်ကပြန်လာရင် စနစ်တကျလက်ဆေး၊ ခဏခဏဆေး၊ ရေနဲ့ ဆပ်ပြာနဲ့ဆေး၊ လက်ဆေးရေနဲ့ဆေး၊ အစားအသောက်အနေအထိုင်ကို ဂရုတစိုက်နဲ့နေ။

✻ ဒီလိုပဲ လူထုက ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကြ၊ စည်းကမ်းဥပဒေတွေကို လိုက်နာကြ၊ စောင့်ထိန်းရမှာတွေ၊ လုပ်ရမှာတွေကို မပျက်မကွက်လုပ်ကြရင်း ကပ်ရောဂါဘေးက ကင်းဝေးအောင်နေကြရမှာပါ။ အေးချမ်းတည်ငြိမ်တဲ့ အချိန်အထိ တောင့်ခံကြပါစို့။

# CERP အရ မြေပုံမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့



**နေပြည်တော် စက်တင်ဘာ ၁၂**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် (COVID-19 Economic Relief Plan-CERP) အရ ရခိုင်ပြည်နယ်အတွင်းရှိ IDP/ တိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာအိမ်ထောင်စုများအား စားသောက်ကုန်ငါးမျိုး ဝယ်ယူရန် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့**

အဆိုပါ CERP အရ စားသောက်ကုန်ငါးမျိုး ဝယ်ယူရန်အတွက် မြောက်ဦးခရိုင် မြေပုံမြို့နယ် တောင်ပေါ် IDP စခန်းရှိ အိမ်ထောင်စု ၆၄၂ စု လူဦးရေ ၂၉၁၆ ဦး၊ ကျီခေါင်းတောင်ကျေးရွာရှိ အိမ်ထောင်စု ၃၀ လူဦးရေ ၁၁၅ ဦး၊ တောင်ကြီးရင်းကျေးရွာရှိ အိမ်ထောင်စု ၆၁ စု လူဦးရေ ၂၄၃ ဦး၊ ရေရှင်ကျေးရွာရှိ အိမ်ထောင်စု ၇၉ စု လူဦးရေ ၂၅၆ ဦး၊ အငူကျေးရွာရှိ အိမ်ထောင်စု ၃၂ စု လူဦးရေ ၁၀၄ ဦး၊ အလယ်ပိုင်းရပ်ကွက် မြို့နယ်ခန်းမရှိ အိမ်ထောင်စု ၄၃ စု လူဦးရေ ၁၃၄ ဦး၊ ရက်ချောင်းကျေးရွာရှိ အိမ်ထောင်စု ၁၄၁ စု လူဦးရေ ၅၉၁ ဦး၊ သပြေတောကျေးရွာရှိ အိမ်ထောင်စု ၁၀ စု လူဦးရေ ၂၉ဦး၊ ပြားသုန်းကျေးရွာရှိ အိမ်ထောင်စု ၄၀ လူဦးရေ ၁၉၃ ဦး၊ ပင်ကပ်တော်မော်ကျေးရွာရှိ အိမ်ထောင်စု ၉၆ စု လူဦးရေ ၃၄၃ ဦး၊ ဝိဇိတာရာမ ဘုန်းတော်ကြီးကျောင်းရှိအိမ်ထောင်စု ၄၂ စု လူဦးရေ ၁၃၈ ဦး၊ ဈေးပိုင်းရပ်ကွက် မူလတန်းကျောင်းရှိ အိမ်ထောင်စု ၃၀ လူဦးရေ ၁၀၆ ဦး၊ ကမ်းထောင့်ကြီးမြို့ မြို့ဦး ဆုတောင်းပြည့်ဓမ္မာရုံရှိ အိမ်ထောင်စု ၂၃၀ လူဦးရေ ၇၇၆ ဦး၊ ငန်းတောင်ကျေးရွာရှိ အိမ်ထောင်စု ၁၅ စု လူဦးရေ ၆၉ ဦး၊ ပေါက်တူးတောင်ကျေးရွာရှိ အိမ်ထောင်စု ၅၁ စု လူဦးရေ ၁၆၆ ဦး၊ စက်ခွေကျေးရွာရှိ အိမ်ထောင် စု ၁၃ စု လူဦးရေ ၄၈ ဦး စုစုပေါင်း IDP စခန်းတစ်ခုနှင့် ယာယီတိုက်ပွဲရှောင်စုရပ် ၁၅ ခုရှိ အိမ်ထောင်စု ၁၅၅၅ စုတို့အတွက် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၆၂၂၀၀၀၀၀ ကို မြောက်ဦးခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက စက်တင်ဘာ ၁၀ ရက်တွင် မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ထောက်ပံ့ခဲ့သည်။

ထောက်ပံ့ရန်ကျန်ရှိသည့် စစ်တွေ၊ ပေါက်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ မင်းပြားနှင့် အမ်းမြို့နယ်များရှိ တိုက်ပွဲရှောင် နေရပ်စွန့်ခွာသူများအား ထောက်ပံ့ကူညီမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့ကြီးသားများသို့

❖ မြန်မာပြည်၏၊ ကမ္ဘာသိရန်ကုန်
အဟုန်ပြင်းပြင်း၊ သတင်းအစအန
ကြားနေရ၍၊ မြို့ပြလူထု
ပူပန်မှုတွေ၊ သည်အခြေအနေကို
ဘယ်လိုရှုန်းထွက်၊ ခရီးဆက်မလဲ
အသက်နှင့်ရင်း၊ စစ်ခင်းနေရှာ
"စေတနာခြုံလွှမ်းဆေးဝန်ထမ်းတွေ"...
"စေတနာအလှ၊ ပရဟိတတွေ"...
ဤမျှများပြား၊ ရှိနေငြားလည်း
တရားသဖြင့်ချမှတ်၊ စည်းကမ်းရပ်တိုင်း
မဆိုင်းမတွ၊ လိုက်နာကြရန်
တာဝန်ကိုယ်စီ၊ ရှိကြသည်မို့
ရန်ကုန်မြို့ကြီးသား၊ ပြည်သူများက
လေးစားနာယူ၊ စံနမူနာပြ
နေပေးကြဖို့၊ လိုအပ်သည်။

**ဟသ်ာတမြင့်ငွေ**

# ကျောက်တံခါးမြို့နယ်ရှိ ကျေးရွာပေါင်း ၁၁ ရွာ၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ Cash For Work စီမံကိန်း ဆောင်ရွက်

**ကျောက်တံခါး စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်(CERP) အရ Cash For Work စီမံကိန်းကို ကျောက်တံခါးမြို့နယ်ရှိ ကျေးရွာ ၁၁ ရွာဖြစ်သည့် ဂုံမင်းကွင်းကျေးရွာ၊ လည်းဘီးကွဲကျေးရွာ၊ သပြေကုန်းကျေးရွာ၊ ထီးလပ်မြောက်ကျေးရွာ၊ ရွာသစ်ကျေးရွာ၊ကြို့ကုန်းကျေးရွာ၊ ကျောက်ခဲအင်းကျေးရွာ၊ ဇလုပ်ကြီးကျေးရွာ၊ ရေအေးကျေးရွာ၊ မြို့ချောင်းကျေးရွာ၊ ကြိုင်းအုံကျေးရွာတို့တွင် လမ်းဘေးရေနုတ်မြောင်းများ တူးဖော်ခြင်း၊ လမ်းများအားမြေသားဖို့ခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ ကျောက်ရောမြေခင်းခြင်း၊ ဂဝံခင်းခြင်းလုပ်ငန်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း၊ ရေပြွန်တည်ဆောက်ခြင်း၊ ခြံစည်းရိုးခတ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ စီမံကိန်းသည် ကိုဗစ်ကာလအတွင်း နိုင်ငံတော်မှ အရေးပေါ်တုံ့ပြန်မှု အစီအစဉ်တစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ကို အထောက်အကူပြုခြင်း၊ ပြည်သူများ ချက်ချင်းဝင်ငွေရရှိခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မြန်မာ ဝိုင်အမ်စီအေက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှ

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာဝိုင်အမ်စီအေနှင့် လားရှိုးဝိုင်အမ်စီအေတို့ ပူးပေါင်းလျက် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration -IOM) ၏ ပံ့ပိုးမှုဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်း၊ မျက်နှာကာ၊ လက်သန့်ဆေးရည်၊ လက်အိတ်၊ အသိပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများဝေငှသည့် လှုပ်ရှားမှုကို စက်တင်ဘာ ၈ ရက်က လားရှိုးမြို့ပေါ်နှင့် ဝင်/ထွက်ပေါက်နေရာများ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လားရှိုး ဝိုင်အမ်စီအေ အတွင်းရေးမှူး ဒေါ်ဘောက်အောန်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ စီမံကိန်းဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက ငွေကျပ်ဆယ်သိန်းကျော် တန်ဖိုးရှိ နှာခေါင်းစည်းများ၊ မျက်နှာကာများ၊ လက်သန့်ဆေးရည်များ၊ လက်အိတ်များ၊ လက်ကမ်းစာစောင်များနှင့် ပိုစတာများကိုပြည်သူများအား ဝေငှကြသည်။




အလားတူ ဩစတြေးလျရန်ပုံငွေအဖွဲ့ (Australian Aid) ၏ ပံ့ပိုးမှုဖြင့် မြန်မာ ဝိုင်အမ်စီအေနှင့် Habitat for Humanity Myanmar (HFHM) တို့ ပူးပေါင်း အကောင်အထည်ဖော်နေသော ဒလမြို့နယ် လူမှုအကျိုးပြုဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ အသုံးပြုရေး ပညာပေးလှုပ်ရှားမှုအစီအစဉ်ကို စက်တင်ဘာ ၁၀ ရက်က ဒလမြို့နယ်၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် စီမံကိန်းဝန်ထမ်းများက ငွေကျပ်ဆယ်သိန်းကျော်တန်ဖိုးရှိ နှာခေါင်းစည်းများနှင့် လက်သန့် ဆေးများဝေငှပြီး ဒေသခံပြည်သူများအား စနစ်တကျအသုံးပြုနိုင်ရေး ပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြန်မာဝိုင်အမ်စီအေ၊ ကွတ်ခိုင်ဝိုင်အမ်စီအေနှင့် မူဆယ်ဝိုင်အမ်စီအေအဖွဲ့တို့ ပူးပေါင်းလျက် Norwegian Church Aid (NCA)- Dan Church Aid (DCA) ရန်ပုံငွေပံ့ပိုးမှုဖြင့် အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၁၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မူဆယ်)က ကွတ်ခိုင်မြို့ ဈေးအဝင်လမ်းထိပ်နှင့် မူဆယ်မြို့ ကျင်စန်းကျော့ဂိတ်အနီးတို့တွင် လူကုန်ကူးမှုအသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းကို ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကန့်သတ်ချက်များနှင့်အညီ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# မင်းသားကြီးမြင့်စိုးနှင့် ရုပ်ရှင်စကားဝိုင်း(ဒုတိယပိုင်း)

ဒီတစ်ပတ်စကားဝိုင်းမှာ ပြောမယ့်မင်းသားကတော့ လူချောမင်းသားလို့ ပြောရပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ လူချောလူလှမင်းသားတွေထဲက ကံအားလျော်စွာကျန်နေတဲ့ မင်းသားတစ်ဦးနဲ့ ရုပ်ရှင်စကားဝိုင်းကို ပြောကြားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ သူ့ကိုမင်းသားကြီးလို့ပဲ ခေါ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့နာမည်က အင်မတန် နာမည်တူများပါတယ်။ ကျွန်တော်နဲ့ ပထမဆုံးရုပ်ရှင်စကားဝိုင်းမှာ စပြီးတော့ဆွေးနွေးတဲ့ပုဂ္ဂိုလ်ကလည်း ရုပ်ရှင်မှာဘီအေဘွဲ့ရတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ သူ့နာမည်က ဦးမြင့်စိုး ဖြစ်ပါတယ်။

ထို့အတူပဲ ကျွန်တော့်ရဲ့မိတ်ဆွေပေါ့လေ၊ သူငယ်ချင်း လောလောဆယ်ဒါရိုက်တာလုပ်နေတဲ့ မြင့်စိုး(ဝ/သ) ဆိုတာလည်း တစ်ယောက်ရှိပါတယ်။ မြင့်စိုးဆိုတဲ့နာမည်တွေက ပေါများတဲ့အတွက် ကျွန်တော်နဲ့ အခုစကားပြောမယ့် လူချောလူလှ မင်းသားကြီးမြင့်စိုးကို မင်းသားကြီးလို့ပဲ ကျွန်တော်က ခေါ်ဝေါ်လေ့ရှိပါတယ်။ အခုကျွန်တော်နဲ့ မင်းသားကြီးမြင့်စိုးနဲ့ ရုပ်ရှင်စကားဝိုင်းကို စတင်မှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း ဒါရိုက်တာ ကြည်စိုးထွန်း**

**ကြည်စိုးထွန်း။** ။ အရင်အပတ်ကတော့ ကျွန်တော်တို့ မင်းသားကြီးနဲ့ တွေ့ဆုံခဲ့ရတဲ့ ဒါရိုက်တာတွေအကြောင်း၊ တွဲခဲ့ရတဲ့ မင်းသားတွေအကြောင်း၊ မင်းသမီးတွေအကြောင်းလည်း တော်တော်များများ စုံခဲ့ပြီပေါ့။ ကဲ ဒီတစ်ပတ်တော့ကျွန်တော်တို့ ဒုတိယပိုင်းအနေနဲ့ မင်းသားကြီးရဲ့ ဖြတ်သန်းလာရတဲ့ဘဝခရီးနဲ့ ကျွန်တော်တို့ရဲ့ ရုပ်ရှင်လောကရဲ့ သမိုင်းလေးကို ဆက်ပြောကြရအောင်။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်ကဲ့ ကြိုးစားလိုက်ကြရအောင်ပေါ့ဗျာ။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ မင်းသားကြီးက တစ်ခါ ဒီလိုခေတ်ကားတွေပေါ့လေ၊ ဖိုက်တင်တွေရိုက်လိုက်၊ အနုအရွလေးတွေရိုက်လိုက်၊ အဲဒီလိုရိုက်ရာကနေပြီးတော့ ရာဇဝင်ကားရိုက်တာတွေ့ရတယ်။ အဲဒီမှာ မင်းသားချောတွေနဲ့ပဲပြိုင်ရတာ ဟုတ်လား။ ကိုမြင့်အောင်ဆိုတာလည်း မင်းသားချောပဲ။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ ခင်မောင်ဇင်လည်း မင်းသားချောပဲ။ ကိုဇော်ဦးတို့ အဖေပေါ့နော်။ ဇော်ဦးတို့ အဖေပေါ့။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ ကိုခင်မောင်ဇင်နဲ့တွဲရိုက်တဲ့ကားလေး အကြောင်းလည်း ပြောပါဦး။ "ရာဇဒါဏ်"ထင်တယ်နော်။

**မင်းသားကြီးမြင့်စိုး။** ။ "ရာဇဒါဏ်"ကို ကျွန်တော်တို့ရိုက်တော့ ခင်မောင်ဇင်ရဲ့ အစ်ကိုအဖြစ် ကျွန်တော်က လုပ်ပါတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော်က ဘုရင်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။



**မင်းသားကြီးမြင့်စိုး။** ။ အဲဒီအင်္ကျီနဲ့ရိုက်ထားတဲ့ ဓာတ်ပုံလေး ဆရာ့ကို ကျွန်တော်ပေးမယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော့်အင်္ကျီဖျင်ပေါက်မျိုး တစ်စုံပေါ့ဆရာရယ်၊ သူတစ်ထည်၊ ကျွန်တော်တစ်ထည်ချုပ်တယ်၊ ပြီးတော့ သူ့ပရိသတ်အိမ်ကို ကျွန်တော့်ကို ခေါ်သွားတယ်။ ဟိုကျတော့ မိတ်ဆက်ပေးတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော်နဲ့ ခင်မောင်ဇင်က နာမည်ကြီးနေပြီ ဆရာရဲ့။







**မင်းသားကြီးမြင့်စိုး။** ။ ခင်မောင်ဇင်က စစ်သူကြီးပေါ့ဆရာရယ်။

**ကြည်စိုးထွန်း။** ။ ပဒေသာဖလင်းကပဲနော် အဲဒါလည်း။

**မင်းသားကြီးမြင့်စိုး။** ။ပဒေသာဖလင်း။ အဲဒီမှာ နည်းနည်းရယ်စရာလေးကို မပြောခင်ပေါ့ ဆရာရယ်၊ ခင်မောင်ဇင်ကို ကျွန်တော် ချစ်သွားတယ်၊ ခင်မောင်ဇင်က သိပ်သဘောကောင်းတယ်ဆရာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ သူ့နာမည်က ဆန်နီလို့ခေါ်တယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ အင်မတန်သဘောကောင်းတာပဲ။ ကျွန်တော်နဲ့ တွေ့လို့ရှိရင် ညီအစ်ကိုအရင်းလိုပဲ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ မြို့ထဲမှာသွားတွေ့ရော ကျွန်တော်က အင်္ကျီ သွားချုပ်တာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ဟာ ကိုမြင့်စိုးအတော်ပဲလာပါဗျာ ကျွန်တော့်ပရိသတ်ရှိတယ်။ သွားမိတ်ဆက်ပေးမယ်၊ သူက ပေါ်ပြူလာဖြစ်နေတဲ့အချိန်ပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ပေါ်ပြူလာဖြစ်နေတဲ့အချိန် သူ့ကို ကြိုက်နှစ်သက်တဲ့ ပရိသတ်အိမ်တွေ ရှိတယ်ပေါ့ဆရာရယ်၊ ခေါ်သွားမယ်ဆိုပြီးတော့ ကျွန်တော်က နေဦး ကိုခင်မောင်ဇင်၊ ကျွန်တော် အင်္ကျီသွားချုပ်မလို့။ အဲဒါလိုက်ခဲ့ဆိုပြီး သူ့ကိုပါ ကျွန်တော်အင်္ကျီတစ်ထည် ချုပ်ပေးလိုက်တယ်။

**ကြည်စိုးထွန်း။** ။ ဩော်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ မင်းသားလည်းမင်းသားချော၊ သူက ခုနက ဆရာပြောတဲ့ မင်းသားဇော်ဦးတို့အဖေ။ ဆိုတော့ ဒါမောင်မြင့် မင်းသား ကိုမြင့်စိုးပဲ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ အဲဒီက သူ့ရဲ့ပရိသတ်ရဲ့အဖေကြီးကရုပ်ရှင်ထဲမှာတော့ တွေ့ဖူးတယ်၊ အပြင်မှာ တစ်ခါမှမတွေ့ဖူးဘူး၊ အခုမှ တွေ့ဖူးတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ဆိုတော့ ဘာပြောလဲဆိုတော့ ခင်မောင်ဇင်ကို ကြိုက်တဲ့ ပရိသတ်ရဲ့ အဖေကြီးက သူ့သမီးတွေကို မင်းတို့ ခင်မောင်ဇင်နဲ့ မောင်မြင့်စိုးနဲ့ ဘယ်သူကချောလဲဆိုပြီး မေးတယ် ဆရာရယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ဒါမမေ့နိုင်ဘူး။ ဘာပြောလဲဆိုတော့ အဲဒီအမျိုးသမီးတွေက ချောတာတော့ ခင်မောင်ဇင်က ချောတယ်တဲ့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ဒါပေမဲ့ မြင့်စိုးက ပိုပြီးချစ်ဖို့ကောင်းတယ်တဲ့။ အဲဒီမှာတင် ကျွန်တော်အမှတ်ရသွားတာပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း။** ။ တော်တော်ဖြေတတ်တယ်နော်၊ အဖြေကောင်းတယ်နော်။

**မင်းသားကြီးမြင့်စိုး။** ။ အဲဒါလေး ပြောချင်လို့ပါဆရာရယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ဩော် နောက်ပြီး တစ်ခုအမှတ်ရတယ်ပေါ့ ဆရာရယ်။

အဲဒီ "ရာဇဒါဏ်" ရိုက်တော့ မှတ်မှတ်ရရ ဒါရိုက်တာက ကျော်အုန်းမောင်။ ရိုက်တော့ ကုမ္ပဏီက ပဒေသာဖလင်းက ပိုက်ဆံအကုန်အကျခံတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ဘုရင်စီးဖို့အတွက် ကတ္တီပါဖိနပ်ဝယ်ပေးတယ်။ အခုခေတ်ဆရာရယ် ရုပ်ရှင် ကျွန်တော်တို့ ရုပ်မြင်သံကြားမှာရိုက်ရင် ခရိုမာနဲ့ ကာလာနဲ့ မတည့်တာတွေ ရှိတယ်မဟုတ်လား။

**ကြည်စိုးထွန်း။** ။ ဟုတ်ပါတယ်။

**မင်းသားကြီးမြင့်စိုး။** ။ အဲဒါတွေသဘောမျိုး သွားသတိရတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး။** ။ အဲဒီမှာ ဒါရိုက်တာက ကတ္တီပါဖိနပ် ကျွန်တော့်ကို ဝယ်စီးခိုင်းတယ်။ စီးခိုင်းတော့ ဟိုတုန်းက ရုပ်ရှင်က ဆရာရယ် black and white ။ ကားထဲကျတော့ အဲဒီကတ္တီပါဖိနပ်ကြီးက ဂျပန်ဖိနပ်ကြီးနဲ့သွားတူနေတယ်။

**ကြည်စိုးထွန်း။** ။ ဟား ဟား ဟား ဟား။

**မင်းသားကြီးမြင့်စိုး။** ။ အောက်ကကြည့်တဲ့လူတွေက ဟာ ဘုရင်ကလည်း ဂျပန်ဖိနပ်ကြီးနဲ့ပါလားပေါ့။ အဲဒါလေးသတိရ ရှောင်စရာလေးတွေပေါ့ သတိရတယ်ဆရာ။

**ကြည်စိုးထွန်း။** ။ မှန်ပါတယ်၊ မှန်ပါတယ်။ ကိုယ်ကတော့ အကောင်းစားပဲ။ ဒါပေမဲ့ ဓာတ်ပုံထဲကျတော့ အညံ့စားကြီးဖြစ်နေတော့လည်း တစ်ခါတလေကျတော့ အမြင်ကတစ်မျိုး ဖြစ်သွားတာသွားတွေ့တာပေါ့။ အဲဒီနောက်ကျတော့ တစ်ခါ စတန့်မင်းသားထဲမှာ အင်မတန်ချောတဲ့ မင်းသားကြီးလို့လည်း ပြောရမှာပေါ့။ အင်မတန် စည်းကမ်းရှိပြီးတော့ အင်မတန် ကျန်းမာရေးလိုက်စားတဲ့ မင်းသားကြီးနဲ့တွဲရပြန်ရော။

**မင်းသားကြီးမြင့်စိုး။** ။ ဩော် ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ ဦးတင်ညွန့်နဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ကိုတင်ညွန့်နဲ့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အဲဒီကားကတော့ "သစ္စာနဲ့မေတ္တာ" မေသစ်ရယ် အဲဒီမှာ ဒါရိုက်တာ ရွှေဘော်ဗျ။

**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ အောင်မင်္ဂလာက ရိုက်တာထင်တယ်။ ဒါရိုက်တာ ရွှေဘော်ကလည်းကောင်းတာပဲ တော်တာပဲ။

**မင်းသားကြီးမြင့်စိုး။** ။ တော်တယ် ဆရာ။ သူက ဆေးရောင်စုံရိုက်ခဲ့တာပဲ။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ် ရန်ကုန်ရုပ်ရှင်ကပေါ့လေ သူ့အကြောင်း ကျွန်တော်အများကြီး ပြောဖူးပါတယ်။

**မင်းသားကြီးမြင့်စိုး။** ။ တခိုင်လုံးရွှေတို့ ဘာတို့ ရိုက်ခဲ့တာ။

**ကြည်စိုးထွန်း။** ။ တော်ပါတယ်ခင်ဗျ တော်ပါတယ်။ ဟုတ်ကဲ့ ဒါနဲ့လည်း တွေ့ခဲ့ပြီးတော့ ဒါလည်းရိုက်ခဲ့။

**စာမျက်နှာ ၉ သို့ ■**



■ စာမျက်နှာ ၈ မှ

မင်းသားကြီးမြင့်စိုး။ ။ အဲဒီတင်ညွန့်ရုပ်ရှင်က တစ်ခုထပ်ရိုက်သေးတယ် ဆရာ။ "မိမိကြီး" ဆိုတာ ရိုက်တယ်။

ကြည်စိုးထွန်း။ ။ ဩော် ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ "မိမိကြီး"ဆိုတာ ရိုက်တယ်။ ကြည်ကြည်ဌေးနဲ့ပေါ့။

ကြည်စိုးထွန်း။ ။ ကြည်ကြည်ဌေးနဲ့ပေါ့နော် အဲဒါလေးကတော့ ကျွန်တော်ရှာမတွေ့သေးဘူး။

မင်းသားကြီးမြင့်စိုး။ ။ ဟုတ်ကဲ့။

ကြည်စိုးထွန်း။ ။ နောက်တစ်ခါကျတော့ ကိုယ်တိုင်ရိုက်တဲ့ကားလို့ ပြောရမယ့်ဟာ တစ်ကားရှိတယ်နော်။

မင်းသားကြီးမြင့်စိုး။ ။ ဟုတ်ကဲ့ဆရာ။

ကြည်စိုးထွန်း။ ။ "မင်းကတော်"။ ခင်ယုမေနဲ့ တွဲပြန်ပြီ။ မင်းသမီးတွေကလည်း အချောတွေနဲ့ချည်းတွဲတာ ကျွန်တော်တွေ့တယ်နော်။ သို့သော်လည်း မင်းသမီး အချောတွေနဲ့ တွဲတဲ့အထဲမှာ 'မုန်းပန်းတစ်ပွင့်' ကျတော့ တစ်မျိုးပဲနော်။ မေချစ်နဲ့တွဲတာ ဟုတ်လား။

မင်းသားကြီးမြင့်စိုး။ ။ 'မုန်းပန်းတစ်ပွင့်'မှာ မင်းသမီးသုံးယောက်နဲ့ တွဲတယ် ဆရာ။

ကြည်စိုးထွန်း။ ။ ဩော် မေချစ်ရယ်။

မင်းသားကြီးမြင့်စိုး။ ။ တင်တင်မူပါတယ်။ နောက်ပြီးတော့ ဇာတ်မင်းသမီးလေးတစ်ယောက် နာမည်မေ့နေပြီ ဆရာရယ်။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ အဲဒီ မင်းသမီး တစ်ယောက်ပါတယ်။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ သုံးယောက်တွဲတော့ အဲဒီမှာဆရာရယ် အဲဒီ 'မုန်းပန်းတစ်ပွင့်'က ပထမဆုံးဒါရိုက်တာက ကျားဦးသိန်းမောင်။ ကျားဦးသိန်းမောင်က ကျွန်တော့်ဆရာဖြစ်တဲ့အတွက် အဲဒီဆောင်းဖလင်းက



မင်းကတော်မှ မြင့်စိုးနှင့် ခင်ယုမေ

မင်းသားကြီးမြင့်စိုး။ ။ သီချင်းတွေကလည်း အတော်ကောင်းတယ်။ ကျွန်တော်လည်း အဆိုတော်ပြဇာတ်မင်းသားဆိုတော့ အဲဒီဇာတ်ထုပ်မှာ သီချင်းပဲ ၁၀ ပုဒ်၊ ၁၅ ပုဒ် လောက်ဆိုရတယ်။ သီချင်းတွေကလည်း အလွန်ကောင်းတယ်။

ကြည်စိုးထွန်း။ ။ musical ဖြစ်တာပေါ့။

မင်းသားကြီးမြင့်စိုး။ ။ ရည်ရွယ်ချက်က ဇာတ်ကားထွက်သွားပြီးရင် ဒီသီချင်းတွေခွေတ်ပြားသွင်းပြီးရောင်းဖို့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့ဆရာရယ်။ ဒါကဘာလို့လဲဆိုတော့ အေဝမ်းမှာလည်းဟိုတုန်းက ဒီလိုလုပ်တာကိုး။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ အေးဝမ်းခွေတ်ပြားလုပ်တုန်းက ကျားဦးသိန်းမောင်က သီချင်းတော့သီချင်းပေါ့ ဒါပေမဲ့ ဇာတ်လမ်းကို ဦးစား

မင်းသားကြီးမြင့်စိုး။ ။တက္ကသိုလ်နေဝင်းကဟိုတုန်းကအင်္ဂလိပ်မင်းသားကြီး ကယ်ရီဂရန့် (Carry Grant)လေ။

ကြည်စိုးထွန်း။ ။ ဟုတ်ပ့ါ။

မင်းသားကြီးမြင့်စိုး။ ။ ကယ်ရီဂရန့်နဲ့သွားတူတယ်ဆရာ။

ကြည်စိုးထွန်း။ ။ ဟုတ်တယ်အဲဒါနဲ့လည်းတစ်ခါ "ဤရုပ"ဆိုတာ ရိုက်ဖြစ်တယ်နော်။

မင်းသားကြီးမြင့်စိုး။ ။ 'ဤရုပ'ရိုက်တော့ ဖိုးပါကြီးပါတယ်။

ကြည်စိုးထွန်း။ ။ အဲဒါက ဇဝနရဲ့ဝတ္ထုလား။

မင်းသားကြီးမြင့်စိုး။ ။ ဟုတ်ပါတယ်ဆရာ။ဆရာဇဝနရဲ့ ဇာတ်ထုပ်။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့ သူကဖိုးပါကြီးနဲ့။

မင်းသားကြီးမြင့်စိုး။ ။ ကျွန်တော်နဲ့။

ကြည်စိုးထွန်း။ ။ မင်းသားကြီးနဲ့က လိမ်ကြတာနော်လိမ်ကြတာ။

မင်းသားကြီးမြင့်စိုး။ ။ mistake ပေါ့။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ဇာတ်လမ်းကဖိုးပါကြီးက စာရေးဆရာ။ကျွန်တော်က ဂီတဆရာ ဂီတဝါသနာ၊ သူက စာရေးတာ၊ စာရေးတော့ စွံတော့ သူ့ကို စာရေးဆရာဆိုတော့ မိန်းကလေးတွေက မိတ်ဆက်ကြတာပေါ့။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့ စာဖတ်ပရိသတ်အမျိုးသမီးတွေက။

မင်းသားကြီးမြင့်စိုး။ ။ စာရေးဆရာနာမည်တောင် သူကတော်တော် ရုပ်ဆိုးနာမည်။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့ ကုသမဟုတ်လား။

မင်းသားကြီးမြင့်စိုး။ ။ ကုသ ဟုတ်တယ် ကုသ။ ကုသဆိုတဲ့ နာမည်နဲ့ မိတ်ဆက်ကျတော့ မင်းသမီးတင်တင်မူက မိတ်ဆက်တာပေါ့။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။



ဆရာ ဇဝန



ဒါရိုက်တာ ရွှေဘော်



တက္ကသိုလ်စိုး



ဒါရိုက်တာ မြတ်တင်အေး



တင်တင်မူ



မေချစ်

ဦးကျင်စိန်ကနေပြီးတော့ မောင်မြင့်စိုး ဒါရိုက်တာတစ်ယောက်နဲ့ဆက်သွယ်ပေးပါ။

ကြည်စိုးထွန်း။ ။ ဩော် ဟုတ်ပြီ။

မင်းသားကြီးမြင့်စိုး။ ။ ကျွန်တော်ကလည်း ရှင်းရှင်းပြောရရင် အခုခေတ်လိုပေ့ါဆရာရယ် အနုပညာလည်း တော်ရမယ်။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ စိတ်နေစိတ်ထားလည်း ကောင်းရမယ်။

ကြည်စိုးထွန်း။ ။ ကိုယ်နဲ့လည်း အဆင်ပြေရမယ်။

မင်းသားကြီးမြင့်စိုး။ ။ အကျင့်စာရိတ္တလည်းကောင်းရမယ်ဘက်စုံပေ့ါဆရာရယ်။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ အဲလို ပုဂ္ဂိုလ်နဲ့တွဲမှ နို့မို့ဆို ကြားထဲကပွဲစားက နာမည်ပျက်မယ်ပေ့ါ။

ကြည်စိုးထွန်း။ ။ မှန်တာပေ့ါ

မင်းသားကြီးမြင့်စိုး ။ ။ ကျွန်တော်စိတ်ချရတဲ့၊ ရိုးလည်းရိုးသားတဲ့......။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ ဒါနဲ့ ဦးသိန်းမောင်နဲ့ ဆက်သွယ်ပေးလိုက်တယ်။ ဘယ်လိုဖြစ်လာလဲဆိုတော့ အဲဒီ ဦးကျင်စိန်ဆိုတာ ဒါရိုက်တာမြတ်တင်အေးရဲ့ အဖေပါ။ ငယ်ငယ်လေး ရှိသေးတယ်။ ဦးကျင်စိန်က သူကဟိုတုန်းက ပဒေသာခွေတ်ပြားကုမ္ပဏီမှာ သူကအကြီးဆုံး။ ကိုမျိုးလှိုင်တို့လူပေ့ါ ဒီလိုခေတ်။

ကြည်စိုးထွန်း။ ။ ခွေးတံဆိပ်။

မင်းသားကြီးမြင့်စိုး။ ။ ခွေးတံဆိပ်မဟုတ်ဘူး ပဒေသာခွေတ်ပြား။

ကြည်စိုးထွန်း။ ။ ပဒေသာက ကိုမျိုးလှိုင်မဟုတ်လား။

မင်းသားကြီးမြင့်စိုး။ ။ ကိုမျိုးလှိုင်လေ။

ကြည်စိုးထွန်း။ ။ ဟုတ်လား။

မင်းသားကြီးမြင့်စိုး။ ။ ကိုမျိုးလှိုင်နဲ့သူက အတူတူပဲ လုပ်ခဲ့တာ။

ကြည်စိုးထွန်း။ ။ ဩော် ဟုတ်လား။

မင်းသားကြီးမြင့်စိုး။ ။ လုပ်ခဲ့တော့ ဦးကျင်စိန်က သူက သီချင်းအကြောင်း နားလည်တယ်။ သီချင်းကို ဟိုတုန်းက ဆရာရွှေပြည်အေးတို့ ဘာတို့၊ တက္ကသိုလ်စိုးတို့ အဲဒီလိုနာမည်ကြီးတဲ့ ဆရာတွေနဲ့ သီချင်းရေးခိုင်းတာ။

ကြည်စိုးထွန်း။ ။ ဩော် ဟုတ်ကဲ့။

ပေးပြီးတော့ ရိုက်ချင်တယ်။

ကြည်စိုးထွန်း။ ။ ဒါပေ့ါ။

မင်းသားကြီးမြင့်စိုး။ ။ ဆရာတို့လိုပေ့ါ။ သူ့ဇာတ်လမ်းက ကျောရိုးမပျက်စေချင်ဘူးပေ့ါ။ ကျွန်တော်တို့အထင်ကတော့ တစ်ယောက်တစ်ယောက် အဲဒီဇာတ်လမ်းအရလည်း ဖြစ်နိုင်တယ်။ တစ်ယောက်တစ်ယောက် ငွေပေးငွေယူ ကတိမတည်တာတွေလည်း ဖြစ်နိုင်သလို တစ်ခုခုပေ့ါ ဆရာရယ်။

ကြည်စိုးထွန်း။ ။ တစ်စုံတစ်ခုပေ့ါ။

မင်းသားကြီးမြင့်စိုး။ ။ အကြောင်းတစ်ခုခုတော့ ရှိမှာပေ့ါ။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။အဲဒါနဲ့ဦးသိန်းမောင်နဲ့ ကျားသိန်းမောင်နဲ့ မရိုက်ဖြစ်ဘူး။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ မရိုက်ဖြစ်တော့ ကျွန်တော်ကမေးတယ် ဘာဖြစ်လို့လဲဆိုတော့ သူက မောင်မြင့်စိုး ဘာမှမပူနဲ့သီချင်းကောင်းတယ်။ ဒါနဲ့ ဦးကျင်စိန်နဲ့ ရိုက်ဖြစ်တယ်။ သီချင်းတွေက ပေါက်တယ်။ ဇာတ်ကားကတော့ သိပ်ပြီးတော့ အောင်မြင်တဲ့အထိ မရောက်ဘူးပေ့ါ။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ မှန်တန်းပဲသွားတာပေ့ါ။

ကြည်စိုးထွန်း။ ။ နောက်ကျတော့ ခုနက "ဤရုပ"။

မင်းသားကြီးမြင့်စိုး။ ။ "ဤရုပ" ဟုတ်ပြီဆရာ။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့ ဖိုးပါကြီးနဲ့နော် ဖိုးပါကြီးနဲ့ တင်တင်မူနဲ့။

မင်းသားကြီးမြင့်စိုး။ ။ ဟုတ်ပါတယ်။

ကြည်စိုးထွန်း။ ။ ဒါရိုက်တာက တက္ကသိုလ်နေဝင်း။

မင်းသားကြီးမြင့်စိုး။ ။ ဗိုလ်ထွန်းလှဆရာ။

ကြည်စိုးထွန်း။ ။ ဗိုလ်ထွန်းလှပေ့ါ။ ရုပ်ရှင်အင်မတန်ဝါသနာပါတာကိုး။

မင်းသားကြီးမြင့်စိုး။ ။ ဟုတ်တယ်။

ကြည်စိုးထွန်း။ ။ ကျွန်တော်ဖတ်ဖူးတာက တက္ကသိုလ်နေဝင်းကို အေဝမ်းကတောင်မှနော် ဗိုလ်ထွန်းလှကို သူက မင်းသားတင်ဖို့အကြောင်းရှိတယ်။ မင်းသားလုပ်မလားဆိုပြီးတော့ စာရေးသေးတယ် ပြောတယ်၊ သူကစာမပြန်ဘူးတဲ့၊ ဘာဖြစ်လို့လဲမသိဘူး၊ စာမပြန်လိုက်လို့တဲ့ အဲဒါလေး ကျွန်တော် တစ်နေရာမှာဖတ်ဖူးတယ်။

မင်းသားကြီးမြင့်စိုး။ ။ ပါးချိုင့်လေးနဲ့ဆရာ။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ ဆရာကုသရှင့် ဆရာ့စာတွေက သိပ်နှသိပ်လှတယ်။ အရေးအသားလည်း အဖွဲ့အနွဲ့တွေ သိပ်ကောင်းတယ်ဆိုတော့ ဆရာ့ကိုမိတ်ဆက်ချင်ပါတယ်။ ဆရာ့ ခွေတ်ပုံလေး ကျေးဇူးပြုပြီးတော့ ကျွန်မဆီကို ပို့ပေးပါရှင့်ပေ့ါ ကျွန်မ မျှော်လင့်ပါတယ် ဘာညာဘာညာနဲ့ပေ့ါဆရာရယ်။ မြူတင်လေးနဲ့လုပ်လိုက်တော့ သူက သူ့ပုံကိုပြလို့ရှိရင်သူ့ကို......။

ကြည်စိုးထွန်း။ ။ ခါမယ်ပေ့ါ ခါမှာစိုးလို့။

မင်းသားကြီးမြင့်စိုး။ ။ကဲမြင့်စိုးမင်းခွေတ်ပုံနဲ့ငါပေးလိုက်မယ်ကွာ ဆိုတော့ ကျွန်တော့်ခွေတ်ပုံလှလှလေးကိုပေးလိုက်ရော။

ကြည်စိုးထွန်း။ ။ ဟုတ်။

မင်းသားကြီးမြင့်စိုး။ ။ ပို့လိုက်တော့ တင်တင်မူက စာရေးလည်းကောင်းတယ်၊ ရုပ်လည်းချောတယ်ဆိုတော့ စွဲလမ်းသွားပါလေရော ကုသကို။ ကျွန်တော်က ကုသ ဖြစ်နေတယ်။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ သူကလိုက်လာတော့ အဲဒီမှာတလွဲတချော်တွေ ဖြစ်ကုန်တာပေ့ါ။

ကြည်စိုးထွန်း။ ။ ဒါပေ့ါ ဟာသတွေ။

မင်းသားကြီးမြင့်စိုး။ ။ အဲဒီမှာဆရာရဲ့ ကျွန်တော့်ဘဝမှာ ထူးထူးဆန်းဆန်း စာရေးဆရာ တက္ကသိုလ်နေဝင်းဖြစ်တဲ့အတွက် ကျွန်တော်အဲဒီဇာတ်ကားမှာ ဒိုင်ယာလော့ခ်ကိုအရှည်ကြီး ပြောရတယ်ဆရာ။ ကျွန်တော့်ကို အေဖိုးနဲ့ စာမျက်နှာ နှစ်မျက်နှာ၊ သုံးမျက်နှာလောက်ကို ပြောရတယ်။ ဆရာဗိုလ်ထွန်းလှက အဲဒါတွေလည်း ပါမှာပေ့ါဆရာရယ်။ ရုပ်ရှင်ဆိုတာ ဆရာသိပါတယ်။

ကြည်စိုးထွန်း။ ။ မှန်တာပေ့ါ။

မင်းသားကြီးမြင့်စိုး။ ။ ရုပ်ကရှင်မှကောင်းတာကိုး။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ ဒိုင်ယာလော့ခ်တွေက အရှင်ဖြစ်နေတော့ ရုပ်ရှင်ဖြစ်တယ်ပေ့ါဆရာရယ်။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး။ ။ ရုပ်ရှင်ဖြစ်တော့ အဲဒီကားလည်း သိပ်ပြီးတော့ အောင်မြင်သင့်သလောက်မအောင်မြင်ဘူး။

ကြည်စိုးထွန်း။ ။ ဒါပေ့ါမှန်တာပေ့ါဒိုင်ယာလော့ခ်များတော့။

(ဆက်လက်ဖော်ပြပါမည်)

## ကော့သောင်းမြို့ ပုလုံးတုံတုံးတံတားသစ်မှ စတင်ဖြတ်သန်းသွားလာ

**ကော့သောင်း စက်တင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နှင့် ပုလုံးတုံတုံး ပင်လယ်ကျွန်းရွာသို့ ဆက်သွယ်တည်ဆောက်လျက်ရှိသည့် ပုလုံးတုံတုံး ပင်လယ်ဖြတ်ကူးကွန်ကရစ်တံတားသစ်ကြီး တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ယမန်နေ့ နံနက်ပိုင်းမှစတင်ကာ အများပြည်သူများနှင့် မော်တော်ယာဉ်များအား စတင်ဖြတ်သန်းသွားလာခွင့်ပြုပြီဖြစ်သည်။

တံတားအား စတင်ဖြတ်သန်းသွားလာခွင့်ပြုသည့်နေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများက တံတားသစ်ကြီးပေါ်တွင် အန္တရာယ်ကင်း ပရိတ်နံ့သာရည်များ ပက်ဖျန်းပေး၍ တံတား ကြီး ပေါ်မှ အများပြည်သူများအား စတင်ဖြတ်သန်းသွားလာခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါတံတားသည် ကော့သောင်းမြို့နှင့် ပုလုံးတုံတုံးကျေးရွာကို ဆက်သွယ်သွားလာမည့် ပင်လယ်ဖြတ်ကူးတံတားဖြစ်ပြီး RC Girder – PC Girder– RC Decking အမျိုးအစား၊ အရှည်ပေ ၂၄၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊လူသွားလမ်းအကျယ် ၅ ပေ ၆ လက်မ၊ ရေလမ်းကင်းလွတ်အကျယ်ပေ ၈၀၊ရေလမ်းကင်းလွတ်အမြင့်သုံးပေ၊ View Deck အကျယ် ၁၀ ပေရှိသည်။

အဆိုပါစီမံကိန်းကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်းပေါင်း ၁၃၄၄၀ အသုံးပြုကာ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒေသတွင်း လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ ရေထွက်ကုန်ပစ္စည်းရောင်းချတင်ပို့မှုနှင့် ဒေသခံပြည်သူများ၊ ခရီးသွားဧည့်သည်များ ဖြတ်သန်းသွားလာမှုလွယ်ကူမြန်ဆန်လာကာ ကော့သောင်းဒေသ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**





## တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၂**

နေပြည်တော်၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုပေးနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

ပန်လေးမေမေကုမ္ပဏီမှ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၃၀ နှင့် နှာခေါင်းစည်းအခု ၁၀၀၀၀ တို့ကို လှူဒါန်းရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါအခမ်းအနားကို နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးတင်ထွန်း၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးခင်မောင်လေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စိုးမိုး (ပြန်/ဆက်)**

## ကိုယ်အပူချိန်တိုင်းတာခြင်း၊ လူဝင်လူထွက်စိစစ်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၂၀)ရပ်ကွက်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာခြင်း၊ လူဝင်လူထွက်စိစစ်ခြင်းတို့ ဆောင်ရွက်နေမှုကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း လာရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ် (၂၀)ရပ်ကွက် ဗိုလ်တေဇပတ်လမ်း၌ လမ်းသူလမ်းသားများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အပူချိန်တိုင်းခြင်း၊လိုက်လံဆော်ဩခြင်း၊ လူဝင်လူထွက် စိစစ်ခြင်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လမ်းအလိုက်ဆောင်ရွက်နေမှုများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လှိုင်သာယာမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ်၊ စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်(၂) ဦးဇော်အောင်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြသန္တာဝင်း(ပြန်/ဆက်)**



## ဒီးမော့ဆို မြို့မဈေး၌ နှာခေါင်းစည်းဝတ်ဆင်အသုံးပြုရေး အသိပညာပေး

**ဒီးမော့ဆို စက်တင်ဘာ ၁၂**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမဖြစ်ပွားစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီက ဒီးမော့ဆိုမြို့မဈေး၌ ဝင်ထွက်သွားလာနေသော ပြည်သူများအား မဖြစ်မနေ နှာခေါင်းစည်းဝတ်ဆင်အသုံးပြုရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြသည်။

အသိပညာပေးလုပ်ငန်းဆောင်ရွက်ရာတွင် ဒီးမော့ဆိုမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင် ဦးဆောင်သော ဌာနဆိုင်ရာများနှင့် ဈေးကော်မတီဝင်များက ဈေးရှေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော ညွှန်ကြားချက်များအား အသံချဲ့စက်ဖြင့် အသိပညာပေးခြင်း၊ ဈေးအတွင်းသို့ ဝင်ထွက်သွားလာနေသောပြည်သူများအား နှာခေါင်းစည်း တပ်ဆင်အသုံးပြုခြင်းရှိ-မရှိ စစ်ဆေးခြင်း၊ ကျန်းမာရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ကြသည်။

ဒီးမော့ဆိုမြို့မဈေးသည် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် စနေနေ့တို့တွင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**ရီရယ်(ပြန်/ဆက်)**

**○ မလေးရှားနိုင်ငံမှ**

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများစိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ မလေးရှားနိုင်ငံမှ ယနေ့ထိ ကယ်ဆယ်ရေးလေယာဉ် (၁၃)ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ကိုဗစ်-၁၉ ရောဂါမှ**

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့်ကြေညာချက်များအား ဈေးများအတွင်း အသံချဲ့စက်များဖြင့် လှည့်လည်အသိပညာပေးခြင်း၊ အသိပညာပေးဗီနိုင်း၊ ပိုစတာများကပ်ခြင်းနှင့်အတူ နှာခေါင်းစည်းများနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေး စာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းလွင်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ဘိန်းစိုက်ပျိုးမှုလျှော့နည်းပပျောက်စေရေး ကလောမြို့နယ်၌ အသိပညာပေး

**ကလော စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် တောင်လားကျေးရွာအုပ်စု မြင်းစိုင်းကုန်းကျေးရွာတွင် ဘိန်းစိုက်ပျိုးမှုလျှော့နည်းပပျောက်စေရေးအတွက် ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကလောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလွင်က ကျေးရွာငါးရွာမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဘိန်းစိုက်ရာသီနီးကပ်လာပြီဖြစ်၍ ဘိန်းစိုက်ပျိုးခြင်းမပြုရန်နှင့် ဘိန်းစိုက်ပျိုးထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ရရှိလာနိုင်သည့် ဆိုးကျိုးလက္ခဏာများအားလည်းကောင်း၊ ကလောမြို့မစခန်းမှူး ဒုရဲမှူးလှနိုင်က ဘိန်းအစားထိုးဆောင်းသီးနှံများ စိုက်ပျိုးကြရန်နှင့် လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လူထူထပ်သောနေရာများအား သွားလာခြင်းမပြုရန်၊ သွားရောက်မည်ဆိုပါက နှာခေါင်းစည်းအား စနစ်တကျဝတ်ဆင်ကြရန် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ရာ ကျေးရွာငါးရွာမှ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာဖဂန်စစ်ပွဲ ထာဝရ ရပ်စဲနိုင်မည်လော

■ ကိုရင်ဩ

အမေရိကန်ပြည်ထောင်စု၏ အသည်းနှလုံးကိုလှုပ်ခါခဲ့သည့် ဖြစ်ရပ်ဆိုးအဖြစ် ကမ္ဘာ့သမိုင်းတွင် ထင်ရှားသော ... 



PHOTO: BAXTER BULLETIN

အမေရိကန်ပြည်ထောင်စု၏ အသည်းနှလုံးကိုလှုပ်ခါခဲ့သည့် ဖြစ်ရပ်ဆိုးအဖြစ် ကမ္ဘည်းမော်ကွန်း ရေးထိုးအပ်သော "စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်" ပေါ်ပေါက်ခဲ့မှု (၁၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ အနီ ကမ္ဘာ့ထိပ်သီးနိုင်ငံကြီး အတွက်သာမက တစ်ကမ္ဘာလုံးကိုပါ သမိုင်းသင်ခန်းစာများ ပေးစွမ်းသော ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စေ့ငုလေ့လာမိလေ၏။

**အသက်ဆုံးရှုံး**

"စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်" ဆိုသည်ကား ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့က "အယ်လ်ခိုင်ဒါ" အဖွဲ့မှ အကြမ်းဖက်သမား ၁၉ ဦး တို့က ခရီးသည်တင်လေယာဉ် လေးစင်းကို ပြန်ပေးဆွဲကာ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာန အဆောက်အအုံကို လည်းကောင်း၊ ဗာဂျီးနီးယားပြည်နယ် အာလင်တန်ရှိ ပင်တဂွန်စစ်ဌာနချုပ်ကိုလည်း ကောင်း တိုက်ခိုက်ခဲ့ကြသောဖြစ်စဉ် ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးဌာနအဆောက်အအုံ၏ တာဝါနှစ်ခုစလုံးကို လေယာဉ်ပျံ တစ်စင်းစီဖြင့် ဝင်တိုက်ခဲ့ရာတွင် တာဝါနှစ်ခုစလုံး နှစ်နာရီအတွင်း ပြိုကျခဲ့ပြီး လေယာဉ်ပျံနှစ်စင်းပေါ်တွင် လိုက်ပါလာသော ခရီးသည်များအားလုံးနှင့် အဆိုပါ အဆောက်အအုံအတွင်း ရှိနေသူများအားလုံး အသက်ဆုံးရှုံးခဲ့ကြရသည်။

တတိယမြောက်လေယာဉ်မှာ ပင်တဂွန်စစ်ဌာနချုပ်အတွင်းသို့ ထိုးစင်းခဲ့ပြီး စတုတ္ထမြောက်ခရီးသည်တင် လေယာဉ်တစ်စင်းမှာမူ ပင်ဆယ်လ်ဗေးနီးယားပြည်နယ် ရှန့်ခ်မေးလ်ဒေသတွင် ပျက်ကျခဲ့သည်။ စတုတ္ထမြောက်လေယာဉ်ပေါ်တွင် ခရီးသည်များနှင့် အကြမ်းဖက်သမားများ တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် လေယာဉ်ပျက်ကျခဲ့ခြင်း ဖြစ်သည်။

စတုတ္ထမြောက်လေယာဉ်၏ ဦးတည်ရာကား အမေရိကန်ကွန်ဂရက်လွှတ်တော် အဆောက်အအုံ သို့မဟုတ် "အိမ်ဖြူတော်" ဖြစ်နိုင်ဖွယ် ရှိသည်။

အပြစ်မဲ့ပြည်သူ ၂၉၇၇ ဦးနှင့် အကြမ်းဖက်သမား ၁၉ ဦး စုစုပေါင်း ၂၉၉၆ ဦး သေဆုံးခဲ့ရသော အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ် ပေါ်ပေါက်ခဲ့သည်မှာ ယနေ့ကာလတွင် ၁၉ နှစ်တင်းတင်း ပြည့်မြောက်ခဲ့လေပြီ။

စက်တင်ဘာလ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်၏ နှစ်ပတ်လည် အခါသမယတွင် ယင်းဖြစ်စဉ်အတွင်း သေဆုံးခဲ့ကြရသော အပြစ်မဲ့ပြည်သူများအတွက် ဂါရဝပြုကာ ဝမ်းနည်းစကားဆိုခဲ့ကြသူများမှာ သမ္မတ ဒေါ်နယ်ထရမ့်နှင့် နိုဝင်ဘာရွေးကောက်ပွဲ၏ သမ္မတလောင်း ဂျိုးဘိုင်ဒင်တို့ ဖြစ်ကြ၏။

**မိန့်ခွန်းပြောကြား**

၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက် နံနက်ပိုင်းက ပင်ဆယ်လ်ဗေးနီးယားပြည်နယ် ရှန့်ခ်မေးလ်ဒေသအနီး စတုတ္ထမြောက်ခရီးသည်တင်လေယာဉ် ပျက်ကျခဲ့ရာ နေရာ၌ အောက်မေ့ဖွယ်အခမ်းအနား ပြုလုပ်ခဲ့ရာတွင် သမ္မတထရမ့် မိန့်ခွန်းပြောကြားခဲ့သည်။

ဒုတိယသမ္မတလောင်း ဂျိုးဘိုင်ဒင်မှာမူ နယူးယောက်မြို့ရှိ စက်တင်ဘာ ၁၁ ရက် အထိမ်းအမှတ်ပြတိုက်တွင် ကျင်းပသော အောက်မေ့ဖွယ်အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ယင်းနေ့ညနေပိုင်းတွင် ရှန့်ခ်မေးလ်ဒေသသို့ သွားရောက်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ အသည်းနှလုံးကိုလှုပ်ခတ်နိုင်ခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုကြီးသည် မကြုံစဖူး ထူးထူးခြားခြား တူးတူးခါးခါးရှိလှသည့် အကြမ်းဖက် တိုက်ခိုက်မှုကြီးအဖြစ် သမိုင်းတွင်ရစ်ခဲ့ပေသည်။

၂၀၀၄ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ နီးကပ်လာချိန်တွင် ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဘင်လာဒင်က တရားဝင်ထုတ်ဖော်ဝန်ခံချက် ပေါ်ထွက်ခဲ့၏။ အမေရိကန်ပြည်ထောင်စု၏ သမိုင်းတွင် လူသေဆုံးမှုအများဆုံး အကြမ်းဖက်တိုက်ခိုက်မှုသည် သွေးပျက်ဖွယ်ရာ ဖြစ်ရပ်ဆိုးအဖြစ် ယနေ့တိုင် မမေ့နိုင်အောင် ဖြစ်နေရဆဲ ဖြစ်၏။

လူပေါင်း ၃၀၀၀ နီးပါး အသက်ဆုံးရှုံးခဲ့ရသည့်အပြင် လူပေါင်း ၁၀၀,၀၀၀ ခန့် ထိခိုက်ဒဏ်ရာရခြင်း(သို့မဟုတ်) အနံ့ဆိုးများရှူရှိုက်ရခြင်းကြောင့် နာမကျန်းခြင်းတို့ ခံစားခဲ့ကြရပြီး ချက်ချင်းသေဆုံးခြင်းမရှိသည့်တိုင်အောင် နောက်ပိုင်းတွင် ကင်ဆာရောဂါကဲ့သို့ ရောဂါဘယများ ခံစားခဲ့ကြကာ အသက်ဇီဝိန်ကြွေခဲ့သူ ဦးရေမှာလည်း များပြားခဲ့ချေသည်။

စက်တင်ဘာလ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုကြီးအတွက် စီစဉ်ကြိုးကိုင်သူအဖြစ် လက်ညှိုးထိုးခံခဲ့ရသူ "အယ်လ်ခိုင်ဒါ" အဖွဲ့၏ဦးသျှောင် အိုစမာဘင်လာဒင်ကို ခိုလှုံခွင့်ပေးထားသော အာဖဂန်နစ္စတန်နိုင်ငံကို စစ်ရေးနည်းလမ်းအရ အမေရိကန်က တိုက်ရိုက်အရေးယူခဲ့ခြင်းသည် ယင်းဖြစ်စဉ်၏ အကြီးကျယ်ဆုံးသော ဂယက်တစ်ခု ဖြစ်ခဲ့သည်။

**လေကြောင်းမှ တိုက်ခိုက်**

ထိုစဉ်က အာဖဂန်နစ္စတန်နိုင်ငံကို "တာလီဘန်" အဖွဲ့က အုပ်စိုးနေချိန်ဖြစ်ပြီး ဘင်လာဒင်အား လွှဲပြောင်းပေးအပ်ရန် ငြင်းဆန်ခဲ့ရာမှ စက်တင်ဘာလ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုအပြီး တစ်လအကြာတွင် အမေရိကန်က ယင်းနိုင်ငံကို လေကြောင်းမှ တိုက်ခိုက်ခဲ့လေသည်။

အမေရိကန်သည် "အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲ" ဟု ကျူးဝါးလျက် အာဖဂန်နစ္စတန်နိုင်ငံကို စစ်ဆင်နွှဲခဲ့ရာတွင် သူ၏ မဟာမိတ်နိုင်ငံများကလည်း ပူးပေါင်းပါဝင်ခဲ့ကြသည်။

တာလီဘန်အဖွဲ့သည် မကြာမတင်မှာပင် "တန်ခိုးအာဏာ" ဖယ်ရှားခံလိုက်ရပြီး အရှက်တကွဲအကျိုးနည်း ဖြစ်ခဲ့ရသော်လည်း ယင်းအဖွဲ့မှာ စုန်းစုန်းမြုပ်မြုပ် ပျောက်ကွယ်သွားခြင်းမရှိခဲ့ချေ။

စက်တင်ဘာလ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုသည် ထိုစဉ်က သမ္မတအဖြစ် တာဝန်ယူထားသူ ဂျော့ဂျ်ဒဗလျူဘုရှ်၏ ပထမမြောက် ရာထူးသက်တမ်းကို ထူးထူးခြားခြား ပြောင်းလဲသွားစေခဲ့သည်။

"အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ" နောက်ကွယ်မှာပင် နိုင်ငံရေးအရ လှုံ့ဆော်မှုများနှင့် အကျိုးသက်ရောက်မှုများဖြစ်ပေါ်ခဲ့ရပြီး ပြည်တွင်း၊ ပြည်ပတွင် ရှုထောင့်ပေါင်းစုံမှ ရှုမြင်ကြလျက် ခါးခါးသီးသီးအငြင်းပွားပြောဆိုစရာများလည်း အဟုန်ကြီး ဖြစ်ပေါ်ခဲ့ရသည်။

တာလီဘန်အဖွဲ့ အာဏာလက်လွှတ်ခဲ့ရသည့်တိုင်အောင် အညံ့မခံ အရှုံးမပေးဘဲ "ပြောက်ကျားစစ်ပွဲ"ကို ဆက်လက်ဆင်နွှဲခဲ့သည်။

အကြမ်းဖက်သမားများအဖြစ် သတ်မှတ်ခံရသူများကို ပစ်မှတ်ထားသော အမေရိကန်က စစ်ဆင်ရေးများကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်သာမက စီးပွားရေးနှင့် နိုင်ငံရေးတို့အရ ဖိအားပေးမှုများကို အရှိန်အဟုန်မြှင့်တင်ခဲ့လေသည်။

**ဖိအားပေးမှုများ**

ထို့ပြင် အကြမ်းဖက်သမားများကို ခိုလှုံခွင့်ပေးထားသည်ဟု စွပ်စွဲခံကြရသော နိုင်ငံများနှင့် အစိုးရအဖွဲ့များအပေါ်တွင်လည်း ဖိအားပေးမှုများကို တစိုက်မတ်မတ်ပြုလုပ်ခဲ့သည်။

၂၀၀၁ ခုနှစ် အောက်တိုဘာလမှ အစပြု၍ စစ်ရေးနည်းလမ်းစတင်ခဲ့ပြီး တာလီဘန်အဖွဲ့ကို ဖြုတ်ချရန်အလို့ငှာ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က အာဖဂန်နစ္စတန်နိုင်ငံကို ကျူးကျော်ခဲ့လေသည်။

အမေရိကန်၏ "အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ" သည် အာဖဂန်နစ္စတန်နိုင်ငံ၏ အိမ်နီးချင်း ပါကစ္စတန်နိုင်ငံ၏ တည်ငြိမ်မှုကိုထိခိုက်ခဲ့ရပြီး ငြိမ်းချမ်းရေးနှင့် အလှမ်းကွာဝေးခဲ့သည်ဟုရှုမြင်ရသည်။

အမေရိကန်သည် အကြမ်းဖက်သမားများကို အမြစ်ပြတ် ချေမှုန်းရန်ဟူသော ဦးတည်ချက်ကို ကိုင်စွဲခဲ့လင့်ကစား တန်ပြန်အကျိုးသက်ရောက်မှုများနှင့်အတူ အကြမ်းဖက်သမားများ ဆက်လက်ပေါက်ဖွား နေဆဲ ဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် လူပေါင်းသိန်းနှင့်ချီ၍ သေဆုံးခဲ့ကြပြီး အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့တွင် ပြီးဆုံးခြင်းသို့မရောက်သော ဂိုဏ်းဂဏ ဖက်ပြိုင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်ဟု ရှုမြင်ကြသည်။

**ထုတိဩဘာပေးထိုက်**

အဆုံးမသတ်နိုင်သော စစ်ပွဲများအပေါ် ပြည်သူများ စိတ်ပျက်ငြီးငွေ့နေကြချိန်တွင် အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့မှ အမေရိကန်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို လာမည့်နိုဝင်ဘာထက် နောက်မကျဘဲ ရုပ်သိမ်းပေးမည်ဟု သမ္မတဒေါ်နယ်ထရမ့်က စက်တင်ဘာလ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းမှာ ထုတိဩဘာပေးထိုက်သော မင်္ဂလာသတင်းတစ်ပုဒ် ဖြစ်လာသည်။

သမ္မတထရမ့်သည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှု၏ ကတိကဝတ်ပြုချက်တစ်ရပ်အရ "အဆုံးမသတ်နိုင်သော စစ်ပွဲများ" အမေရိကန်ပြည်သူတို့အပေါ် ဖိစီးခြင်းမှ ကျော်လွှားလွန်မြောက်အောင် မိမိဆောင်ကြဉ်းမည်ဟု ဆိုသည်။

ထိုစဉ်အတွင်း အာဖဂန်နစ္စတန် အစိုးရအဖွဲ့နှင့် တာလီဘန်တို့အကြား ပထမဆုံးအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း စက်တင်ဘာ ၁၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

လပေါင်းအတန်ကြာမျှ နှောင့်နှေးကြန့်ကြာခဲ့ရသော ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပင်လယ်ကွေ့ဒေသရှိ ကာတာနိုင်ငံ မြို့တော် ဒိုဟာ၌ ကျင်းပရာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အမေရိကန်နှင့် တာလီဘန်တို့အကြား လုံခြုံရေးဆိုင်ရာ သဘောတူညီချက် တစ်ရပ်ကို ဖေဖော်ဝါရီလတွင် ရရှိခဲ့ပြီးနောက် ငြိမ်းချမ်းရေးဆွေးနွေးရန် ဦးတည်ခဲ့သည်။

သို့ရာတွင် အကျဉ်းသား အပြန်အလှန်ဖလှယ်ရေးကိစ္စနှင့်ပတ်သက်၍ သဘောကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဆယ်စုနှစ်လေးစုကြာမျှ ဖြစ်ပွားလာခဲ့သော စစ်ပွဲကြီးအဆုံးသတ်စေမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပရေးမှာ နှောင့်နှေးကြန့်ကြာခဲ့ရသည်။

**တစိုက်မတ်မတ် ငြင်းဆန်**

အာဖဂန်အစိုးရ တာဝန်ရှိသူများနှင့် တာလီဘန်အဖွဲ့အကြား ပထမဆုံးအကြိမ် တိုက်ရိုက်တွေ့ဆုံဆွေးနွေးရန်မှာ အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ပြီးမှသာ ဖြစ်ပေါ်လာသည်။ အာဖဂန်အစိုးရသည် အမေရိကန်၏ "ရုပ်သေး" ဖြစ်သည်ဟုဆိုကာ အစိုးရတာဝန်ရှိသူများနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးရန် စစ်သွေးကြွများက တစိုက်မတ်မတ် ငြင်းဆန်ခဲ့သေးသည်။

အမျိုးသား ပြန်လည်သင့်မြတ်ရေးမှာ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များ၏ ရည်မှန်းချက်ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ဆိုဗီယက်ကျူးကျော်မှုစတင်ချိန်မှစ၍ ဆယ်စုနှစ်ပေါင်းများစွာကြာ အကြမ်းဖက်မှုများ ဖြစ်ပွားလာနေမှု အဆုံးသတ်ရန် ဦးတည်သည်။

အမေရိကန်နှင့် တာလီဘန်တို့ရရှိခဲ့သော လုံခြုံရေးသဘောတူညီချက်အရ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းပေးရပေမည်။

ထိုစဉ်အတွင်း စက်တင်ဘာ ၉ ရက်တွင် အာဖဂန်ဒုတိယသမ္မတ အာမရူလာ ဆာလားအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုတစ်ရပ် ဖြစ်ပေါ်ခဲ့ရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ လမ်းချော်သွားနိုင်သည်ဟု စိုးရိမ်ပူပန်စရာ ဖြစ်ပေါ်ခဲ့ရသေးသည်။

**အာဏာမျှဝေရေး**

အာဖဂန်အစိုးရနှင့် တာလီဘန်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အမြဲတမ်းနှင့် အလုံးစုံ အပစ်အခတ်ရပ်စဲရေးကို ဆွေးနွေးရန် အမေရိကန်-တာလီဘန် သဘောတူညီချက်တွင် ဖော်ပြထားသည်။ ဆွေးနွေးပွဲ အစီအစဉ်အရ အလေးပေးဆွေးနွေးရန် အချက်အဖြစ် အာဖဂန်နိုင်ငံရေးအင်အားစုနှင့် တာလီဘန်အကြား အာဏာမျှဝေရေး သဘောတူညီချက်ရရှိရေးအတွက် ဆွေးနွေးရန်ဟူ၍ အဆိုပါ သဘောတူညီချက်တွင် ရေရေရာရာ ဖော်ပြထားပေရာ ဒိုဟာဆွေးနွေးပွဲ၏ရလဒ် မည်သို့ရှိမည်ကို ဆက်လက်စောင့်ကြည့်ရန် လိုအပ်သည်ဟု ကျွန်ုပ်တွေးတောမိရင်း "အာဖဂန်စစ်ပွဲ ထာဝရ ရပ်စဲနိုင်မည်လော"ဟု ကျူးရင့်မိပါသတည်း။ ။

Source: Daily News Bulletin

"သမ္မတထရမ့်သည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှု၏ ကတိကဝတ်ပြုချက် တစ်ရပ်အရ "အဆုံးမသတ်နိုင်သော စစ်ပွဲများ" အမေရိကန် ပြည်သူတို့အပေါ် ဖိစီးခြင်းမှ ကျော်လွှားလွန်မြောက် အောင် မိမိဆောင်ကြဉ်း မည်ဟု ဆိုသည် ....."

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၇၅၇၀ စံချိန်တင်စမ်းသပ်တွေ့ရှိပြီး ၁၂၀၁ ဦး ထပ်မံသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၁၂**

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၇၅၇၀ စံချိန်တင်တွေ့ရှိခဲ့ခြင်းနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၆၅၉၉၈၄ ဦးရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၂၄၁၉၆ ဦးသည် ကျန်းမာရေးကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်ဆင်းခဲ့ကြသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာမှုနှုန်းမှာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအားလုံး၏ ၇၇ ဒသမ ၇၇ ရာခိုင်နှုန်းခန့်ရှိသည်။

ထို့အတူ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၂၀၁ ဦးသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၇၇၇၆၈ ဦး ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်း သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၆၆ ရာခိုင်နှုန်းအောက်ရှိကြောင်း သိရသည်။

လတ်တလောအချိန်တွင် လူနာ ၉၅၈၃၁၆ ဦးသာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူအားလုံး၏ ၂၀ ဒသမ ၆၆ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေမှာ ဩဂုတ် ၇ ရက်က နှစ်သန်းရှိလာပြီး ဩဂုတ် ၂၃ ရက်တွင် သုံးသန်းနှင့် စက်တင်ဘာ ၅ ရက်တွင် လေးသန်းစသည်ဖြင့် ရောဂါကူးစက်မှုနှုန်း မြင့်တက်လာခဲ့သည်။ ထို့ပြင် တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၉၅၀၀၀ နှင့်အထက်ရှိလာသည်မှာ သုံးရက်ဆက်တိုက်ရှိကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ယမန်နေ့တစ်ရက်အတွင်း လူဦးရေ ၁၀၉၁၂၅၁ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ လူဦးရေ ၅၅၁၈၉၂၂၆ ဦးတို့၏ နမူနာကို စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း အိန္ဒိယဆေးသုတေသနကောင်စီမှ အချက်အလက်အရ သိရသည်။



ကိုးကား - ပီတီအိုင်၊ ဘာသာပြန် - ဂျေတီ

# ကမ္ဘာတစ်ဝန်း၌ မီဒီယာသမားများအား တိုက်ခိုက်မှုအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရှုတ်ချ

**ကုလသမဂ္ဂ စက်တင်ဘာ ၁၂**

ကမ္ဘာတစ်ဝန်းတွင် သတင်းထောက်များကို တိုက်ခိုက်မှုများ မြင့်တက်လာသည့်အတွက် အဆိုပါလုပ်ရပ်များအပေါ် ရှုတ်ချပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ယမန်နေ့က ပြောကြားခဲ့သည်။

မီဒီယာသမားများအား အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုမြင့်တက်လာခြင်းနှင့်ပတ်သက်ပြီး လွန်စွာတုန်လှုပ်ခြောက်ခြားမိပါကြောင်း အန်တိုနီယိုဂူတာရက်စ်က ဆိုသည်။

မကြာသေးမီက မက္ကဆီကို သတင်းထောက်တစ်ဦးဖြစ်သည့် ဂျူလီယိုဗာဒီဗီယာရိုရီဂက်အား လုပ်ကြံသတ်ဖြတ်မှုသည် ကမ္ဘာတစ်ဝန်းရှိ သတင်းထောက်များအတွက် သတင်းရယူရာတွင် အခက်အခဲအကျပ်အတည်းများ ရှိနေခြင်းကို မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်ဟု ဂူတာရက်စ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

သတင်းထောက်များအား အကြမ်းဖက်တိုက်ခိုက်ခြင်းကို ရှုတ်ချပါကြောင်းနှင့် တာဝန်ရှိသူများအနေဖြင့် အဆိုပါလုပ်ရပ်များကို သေချာစွာ ကိုင်တွယ်စစ်ဆေးရန်နှင့် အရေးယူမှုများပြုလုပ်ရန်လိုအပ်ကြောင်း ဂူတာရက်စ်က တိုက်တွန်းပြောကြားခဲ့သည်။

မီဒီယာလွတ်လပ်ခွင့်သည် ငြိမ်းချမ်းရေး၊ တရားမျှတမှုရှိရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့အတွက် မရှိမဖြစ်လိုအပ်သော အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု ဂူတာရက်စ်က ထပ်လောင်းပြောကြားခဲ့သည်။ မီဒီယာလွတ်လပ်ခွင့်မရှိပါက ဒီမိုကရေစီရှင်သန်နိုင်ခြင်းမရှိကြောင်းနှင့် မီဒီယာသမားများကို အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်မည်ဆိုပါက လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဆုံးရှုံးနစ်နာမှုများ ရှိလာမည်ဖြစ်ကြောင်း ဂူတာရက်စ်က ဆိုသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ရွှေမိုင်းတွင်းပြိုကျမှုဖြစ်ပွားရာ ၅၀ ထက်မနည်း သေဆုံး

**ကင်ရှာဆာ စက်တင်ဘာ ၁၂**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အရှေ့ပိုင်း ကာမီတူဂါမြို့အနီးရှိ ရွှေမိုင်းတွင်းတစ်ခု ပြိုကျခဲ့ရာ လူ ၅၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသခံ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုက ပြောသည်။

ယမန်နေ့ နေ့လည်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီးနောက် ဒက်ထရှိုက် မိုင်းနယ်မြေရှိ ရွှေမိုင်းတွင်း ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း အမျိုးသမီးများအား ထောက်ပံ့ရေးနှင့် လူမှုဆိုင်ရာကြီးကြပ်မှုအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ အီမီလီယာနီအိုင်တွန်ဂွါက ပြောကြားခဲ့သည်။

"ပြိုကျမှုဖြစ်ပွားတဲ့ ရွှေမိုင်းတွင်းမှာ မိုင်းလုပ်သားတွေ အများအပြားရှိခဲ့ပြီး တစ်ယောက်မှ အပြင်ဘက်ကို မထွက်နိုင်ခဲ့ပါဘူး" ဟု ၎င်းက ဆိုသည်။ ရွှေတွင်းမိုင်းဝင်ပေါက်ရှိ တောင်ကုန်းတစ်ခုပေါ်၌ ရာနှင့်ချီသော သူများ၏ ငိုကြွေးသံများကြားရကြောင်း လူမှုကွန်ရက်ပေါ်ရှိ ဓာတ်ပုံများ၊ ရုပ်သံဖိုင်များက ဆိုသည်။

အဆိုပါရွှေမိုင်းတွင်းမှာ ကနေဒါ သတ္တုတူးဖော်ရေးလုပ်ငန်း ဘန်ရိုကော်ပိုရေးရှင်းက ပိုင်ဆိုင်သည့် ကာမီတူဂါရွှေမိုင်းနယ်မြေအတွင်း မရှိကြောင်း ကုမ္ပဏီ၏ အမှုဆောင်ချုပ်က ပြောကြားခဲ့သည်။ ကွန်ဂိုနိုင်ငံရှိ ဥပဒေနှင့်မညီညွတ်သော သတ္တုမိုင်းတွင်းများ၌ ယခုကဲ့သို့သောဖြစ်ရပ်များ ဖြစ်ပွားလေ့ရှိပြီး ဘေးအန္တရာယ်ကင်းမှု စံချိန်မမီသည့် သတ္တုတွင်းများ၌ မြေပြိုကျမှုများကြောင့် နှစ်စဉ် လူအများအပြား သေဆုံးရသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ရွှေမိုင်းတွင်းတစ်ခု၌ မြေပြိုမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူ ၁၆ ဦး သေဆုံးခဲ့သလို ယမန်နှစ် ဇွန်လအတွင်း ကြေးနီနှင့်ကိုဗော့သတ္တုမိုင်းတစ်ခု၌ မြေပြိုမှုဖြစ်ပွားရာ တရားမဝင်မိုင်းလုပ်သား ၄၃ ဦး သေဆုံးခဲ့ရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ |
| --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၈၇၂၄၀၄၄ ဦး |
| သေဆုံးသူ ၉၂၀၈၃၀ ဦး |
| ပြန်လည်ကျန်းမာလာသူ ၂၀၆၄၃၀၈၆ ဦး |

# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် အစ္စတန်ဘူလ်မြို့၌ သဘင်ပေါ် ထိမ်းမြားခြင်းအပါအဝင် ပွဲတော်အားလုံး တားမြစ်



**အစ္စတန်ဘူလ် စက်တင်ဘာ ၁၂**

တူရကီနိုင်ငံ၏ အကြီးမားဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်မြို့သည် မြို့တွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မြင့်မားလာခြင်းနှင့် ပတ်သက်၍ ဘေ့စ်ဖိုရာ့စ်ရေလက်ကြားရှိ သဘော်ပေါ် ထိမ်းမြားခြင်းများနှင့် ဆက်စပ်သည့် အခမ်းအနားများ၊ လဟာပြင်၌ တေးဂီတဖျော်ဖြေပွဲများနှင့် ပွဲတော်အားလုံးကို ယနေ့မှစ၍ တားမြစ်လိုက်ကြောင်း သိရသည်။

လူစုလူဝေးရှောင်ရှားခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ခပ်ခွာခွာနေခြင်းများအား ထိန်းသိမ်းထားခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါအန္တရာယ်ပို၍ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် တားမြစ်ချက်များကို ချမှတ်ရန် ယခုကဲ့သို့ ဆုံးဖြတ်ချက် ချမှတ်လိုက်ခြင်းဖြစ်ကြောင်း အစ္စတန်ဘူလ်မြို့တော်ဝန်ရုံးက ယနေ့ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သဘော်များသည် အဆိုပါရေလက်ကြားပေါ်တွင် တေးဂီတဖျော်ဖြေပွဲနှင့် ခရီးသွားလုပ်ငန်းများအတွက် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း သိရသည်။

**နှစ်ဆမြင့်တက်**

ယမန်နေ့က အစ္စတန်ဘူလ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေက ပြီးခဲ့သည့် ဩဂုတ်လက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောဦးရေထက် နှစ်ဆနီးပါး မြင့်တက်လာခဲ့ပြီးနောက် တူရကီကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာအနေဖြင့် အစ္စတန်ဘူလ်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့်ဆက်စပ်သည့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းအားလုံးကို လိုက်နာကြရန် တိုက်တွန်းလိုက်သည်။

ရောဂါနှိမ်နင်းရေးအသင်း ၆၄၂ သင်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို မြန်မြန်သိရှိပြီး ခြေရာခံနိုင်ရန်အတွက် လူဦးရေ ၁၇ သန်းခန့်ရှိသည့် အစ္စတန်ဘူလ်မြို့တွင် ကင်းလှည့်လျက်ရှိသည်ဟု မြို့တော်ဝန် အာလီယာလီကာယာက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အာဖဂန်နစ္စတန်အစိုးရနှင့် တာလီဘန်အဖွဲ့တို့ ကာတာနိုင်ငံ၌ ငြိမ်းချမ်းရေးဆွေးနွေးမှု စတင်




**ဒိုဟာ စက်တင်ဘာ ၁၂**
အာဖဂန်နစ္စတန်အစိုးရနှင့် တာလီဘန်အဖွဲ့တို့အကြား သမိုင်းဝင်ငြိမ်းချမ်းရေးဆွေးနွေးမှုကို ကာတာနိုင်ငံ ဒိုဟာမြို့တွင် ယနေ့ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်လျက်ရှိသော်လည်း နှစ်ဖက်အကြား မြေပြင်တွင် အပြန်အလှန် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

အာဖဂန်နစ္စတန်အစိုးရအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ဦးဆောင်နေသူ အဗ္ဗဒူလာက အပစ်အခတ် ချက်ချင်းရပ်စဲရန် တောင်းဆိုခဲ့ပြီး ဖေဖော်ဝါရီလအတွင်း အမေရိကန်နိုင်ငံနှင့် တာလီဘန်အဖွဲ့တို့အကြား သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း အပြန်အလှန်တိုက်ပွဲများဖြစ်ပွားမှုကြောင့် အရပ်သား ၁၂၀၀၀ သေဆုံးခဲ့ပြီး ၁၅၀၀၀ ဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ဖြစ်နိုင်သမျှစောပြီး အပစ်အခတ်ရပ်စဲဖို့ သဘောတူရမှာ ဖြစ်ပါတယ်။ လူသားချင်းစာနာထောက်ထားတဲ့အနေနဲ့ အပစ်အခတ်ရပ်စဲဖို့ လိုပါတယ်"ဟု ၎င်းက ဆိုသည်။

ယနေ့ပြုလုပ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အခမ်းအနားသို့ တာလီဘန်အဖွဲ့ ပူးတွဲတည်ထောင်သူ မူလာအဗ္ဗဒူဂါနီဘာရာဒါနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုတို့လည်း တက်ရောက်ခဲ့သည်။ တာလီဘန်အဖွဲ့နှင့် အာဖဂန်အစိုးရတို့က စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းသို့ ရောက်ရှိရန် ခြောက်လနီးပါးကြာမြင့်ခဲ့ပြီး နှစ်ဖက်စလုံးအတွက် စိန်ခေါ်မှုတစ်ရပ်မှာ သဘောတူညီချက်တစ်ရပ် ရရှိရေးဖြစ်သည်။ အာဖဂန်နစ္စတန် စေ့စပ်ညှိနှိုင်းရေးအဖွဲ့တွင် ဆွေးနွေးမှုများအတွင်း အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်မည့် အမျိုးသမီးကိုယ်စားလှယ် ငါးဦးပါဝင်သည်။ အာဖဂန်နစ္စတန်အစိုးရ၏ ဆွေးနွေးပွဲအတွက် အဓိကလုပ်ငန်းစဉ်မှာ ထာဝရ အပစ်အခတ်ရပ်စဲမှုရရှိရန်ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့၏ ပြောကြားချက်အရ အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ် ပထမခြောက်လအတွင်း ကလေးငယ်များအပါအဝင် အရပ်သား ၁၃၀၀ နီးပါး သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ကျော်ထိုက်စိုး**



## စီးပွားရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အရေးပေါ်ငွေကြေးသုံးစွဲရန် ဥပဒေတစ်ရပ် သမ္မတ ဒူတာတေး လက်မှတ်ရေးထိုး

**မနီလာ စက်တင်ဘာ ၁၂**
ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် စီးပွားရေးထိခိုက်သွားသည့် စီးပွားရေးလုပ်ငန်းများကို ကူညီထောက်ပံ့ပေးရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရန် ပီဆို ၁၆၅ ဒသမ ၅ ဘီလီယံ(အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံ)ခန့် အရေးပေါ်သုံးစွဲခွင့်ပြုရန် ဥပဒေတစ်ရပ်ကို ဖိလစ်ပိုင် သမ္မတ ဒူတာတေးက ယနေ့ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါဥပဒေအရ အသေးစားစီးပွားရေးလုပ်ငန်းများအား ငွေထုတ်ချေးနိုင်ရန် နိုင်ငံပိုင်ဘဏ်များသို့ ထပ်ဆောင်းရင်းနှီးငွေအဖြစ် ပီဆို ဘီလီယံ ၄၀ ခန့် အစိုးရက ခွင့်ပြုပေးမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကပ်ဆိုး စတင်ကူးစက်ခြင်းမရှိမီအချိန်တွင် စီးပွားရေးဖွံ့ဖြိုးမှု အမြန်ဆန်ဆုံးသော အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ခရီးသွားလာခွင့်များပိတ်ပင်လျက်ရှိသည့်အတွက် ၂၉ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာခဲ့ရသည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာသည့်အတွက် ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ရန် ဆရာဝန်နှင့် သူနာပြုအင်အားဖြည့်တင်းရန်နှင့် လိုအပ်သည့် ကျန်းမာရေး ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်၊ ဆေးရုံများ တည်ဆောက်ရန်အတွက် ပီဆို ၂၅ ဒသမ ၅ ဘီလီယံကို အဆိုပါဥပဒေအရ ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပီဆို ၁၀ ဘီလီယံကို ကိုဗစ်-၁၉ ကာကွယ်ဆေးထွက်ပေါ်လာသည့်အခါ ဝယ်ယူရန် အဆင်သင့်ထားရှိမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ဖိလစ်ပိုင်အစိုးရက ရုရှား၊ တရုတ်၊ သြစတြေးလျ အပါအဝင် အမေရိကန်နိုင်ငံတို့နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

လက်ရှိအချိန်တွင် မြို့တော်မနီလာ၌ တင်းကျပ်သော ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ချမှတ်ထားဆဲဖြစ်သည်။ စားသောက်ဆိုင်များ၊ ဈေးဝယ်စင်တာများနှင့် စာသင်ကျောင်းများကိုလည်း ယာယီပိတ်သိမ်းထားသည်။ ပြည်သူများအား နှာခေါင်းစည်းများဝတ်ဆင်ရန်နှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန် တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## ယီမင်နိုင်ငံ မြို့တော်ဆာနားရှိ ဟူသီစစ်စခန်းအား ဆော်ဒီဦးဆောင်သည့်ညွန့်ပေါင်းအဖွဲ့ လေကြောင်းမှ တိုက်

**ဆာနား စက်တင်ဘာ ၁၂**
ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့မှ စစ်လေယာဉ်များသည် ယီမင်နိုင်ငံတွင်းမှ ဟူသီသူပုန်များ ထိန်းချုပ်ထားသည့် မြို့တော်ဆာနားရှိ စစ်စခန်းတစ်ခုအား ယနေ့အစောပိုင်းတွင် စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ဒေသတွင်းနေထိုင်သူများနှင့် ဟူသီသူပုန်အဖွဲ့က ပြောကြားသည်။

မြို့တော်ဆာနား၏အရှေ့ပိုင်းရှိ ဆာဝန်အရပ်မှ စစ်အင်ဂျင်နီယာတပ်ဖွဲ့စခန်းတစ်ခုသည် ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်း စစ်လေယာဉ်များက ယနေ့အရုဏ်ဦးတိုက်ခိုက်မှုကြောင့် ပျက်စီးသွားကြောင်း ဟူသီသူပုန်အဖွဲ့ပိုင် အယ်လ်မာဆီရာ၏ ရုပ်မြင်သံကြားသတင်းဌာနက ထုတ်လွှင့်ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုကြောင့် အရပ်သားများ ထိခိုက်သေဆုံးမှုမရှိဟု ဒေသခံများက ပြောကြားသည်။

ယခုရက်သတ္တပတ် အစရက်များအတွင်းက ယီမင်အခြေစိုက်ဟူသီသူပုန်အဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံပိုင်နက်နယ်မြေအတွင်းသို့ နယ်စပ်ဖြတ်ကျော်ကာ မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီးနောက် ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းလေယာဉ်များ၏ တိုက်ခိုက်မှုဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဟူသီသူပုန်များ၏ ပစ်ခတ်တိုက်ခိုက်မှုအားလုံးကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က ပြောကြားသည်။

ယီမင်နိုင်ငံ၏ပြည်တွင်းစစ်သည် ၂၀၁၄ ခုနှစ်နှောင်းပိုင်းတွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံက ထောက်ခံအားပေးသည့် ဟူသီသူပုန်များက ယီမင်နိုင်ငံမြောက်ပိုင်းရှိ နယ်မြေအများအပြားကို ထိန်းချုပ်ထားခဲ့ပြီး နိုင်ငံတကာအသိအမှတ်ပြုထားသည့် သမ္မတအဘ်ရက်ဘူမန်ဆာဟာဒီ၏အစိုးရအား မြို့တော်ဆာနားမှ တိုက်ခိုက်မောင်းထုတ်လိုက်စဉ်ကတည်းက ပြည်တွင်းစစ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဇော်ဝင်း**

## ကရာချိမြို့တော်ရှိ လူနေအဆောက်အအုံ၌ မီးလောင်မှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၂**
ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့တော် ကရာချိမြို့ရှိသုံးထပ်လူနေအဆောက်အအုံတစ်လုံး၌ ယနေ့ မီးလောင်မှုဖြစ်ပွားခဲ့ရာ လေးဦး သေဆုံးခဲ့ပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

ကရာချိမြို့တော်၏ လူနေထူထပ်ရာအရပ်ရှိ အဆိုပါအဆောက်အအုံ၏ ပထမထပ်တွင် လျှပ်စီးပတ်လမ်းကြောင်းမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ကရာချိမြို့အခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုမှ ကယ်ဆယ်ရေးလုပ်သားတစ်ဦးက ပြောကြားသည်။ အဆိုပါမီးလောင်ရာသို့ မီးသတ်ယာဉ်များ၊ စက်ကိရိယာများ ရွှေ့ပြောင်းရာတွင် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် နှောင့်နှေးမှုရှိခဲ့ကြောင်း ၎င်းက ပြောသည်။ အဆောက်အအုံ၌ မိသားစုလေးစုနေထိုင်ပြီး သေဆုံးသူများမှာ ပထမထပ်ရှိ မိသားစု တစ်ခုတည်းမှ ဖြစ်ကြောင်း၊ အခြားအထပ်များရှိ နေထိုင်သူများကို ကယ်ဆယ်ရေးလုပ်သားများက ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ကြောင်း သူက ဆိုသည်။



ဒဏ်ရာရရှိသူများကို အနီးအနားရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားချိန်တွင် အဆောက်အအုံ တတိယထပ်မှ ခုန်ချခဲ့သူတစ်ဦးမှာ အရေးပေါ်အခြေအနေတွင်ရှိနေကြောင်း ၎င်းက ဆိုသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

## ဘာရိန်းနှင့် အစ္စရေးပုံမှန်ဆက်ဆံရေးထူထောင်ရန် သဘောတူညီ

**ဝါရှင်တန် စက်တင်ဘာ ၁၂**
ဘာရိန်းနိုင်ငံသည် အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေးထူထောင်ရန် သဘောတူညီခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဘာရိန်းဘုရင် ဟာမက်ဘင် အယ်လ်အီဆာအယ်လ်ကာလီဖာ၊ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ပြီးနောက် ဘာရိန်းနှင့် အစ္စရေးတို့ ပုံမှန်ဆက်ဆံရေးထူထောင်မည့် ကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ယင်းသဘောတူညီမှုသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် သမိုင်းကြောင်းအရ အောင်မြင်မှုတစ်ခုဖြစ်ကြောင်း ပူးတွဲကြေညာချက်တစ်စောင်တွင် သုံးနိုင်ငံခေါင်းဆောင်များက ချီးကျူးဖော်ပြကြသည်။

လွန်ခဲ့သည့်လအတွင်းက အစ္စရေးနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့သည် နှစ်နိုင်ငံပုံမှန်ဆက်ဆံရေးထူထောင်ရန် သဘောတူညီမှုရခဲ့ပြီး ယင်းနှစ်နိုင်ငံတို့၏ တရားဝင် ပုံမှန်ဆက်ဆံရေးထူထောင်သည့် အခမ်းအနားမကျင်းပမီ ရက်သတ္တတစ်ပတ်အလိုတွင် အစ္စရေးနှင့် ဘာရိန်းနှစ်နိုင်ငံ ဆက်ဆံရေးထူထောင်သည့် သဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အစ္စရေးနှင့် အာရပ်နိုင်ငံတို့အကြား ပထမဆုံးငြိမ်းချမ်းရေးသဘောတူစာချုပ်ကို ၁၉၇၉ ခုနှစ်တွင် အီဂျစ်နိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့ပြီး ဒုတိယမြောက်အဖြစ် အစ္စရေးနှင့် ဂျော်ဒန်နိုင်ငံတို့ ၁၉၉၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဒုတိယမြောက် အာရပ်နိုင်ငံတစ်နိုင်ငံနှင့် ငြိမ်းချမ်းရေး သဘောတူညီမှုရခဲ့ပြီး ၂၆ နှစ်အကြာတွင် တတိယမြောက် အာရပ်နိုင်ငံနှင့် ငြိမ်းချမ်းရေး သဘောတူညီမှုရခဲ့ကြောင်း၊ သို့သော် တတိယမြောက် ငြိမ်းချမ်းရေးသဘောတူညီမှုရခဲ့သည့် နိုင်ငံနှင့် စတုတ္ထမြောက် ငြိမ်းချမ်းရေးသဘောတူညီမှုရခဲ့သည့် အာရပ်နိုင်ငံအကြားတွင်မူ ၂၉ ရက်သာ ကြာခဲ့ပြီးနောက်ထပ် သံတမန်ဆက်ဆံရေး ထူထောင်မည့် အာရပ်နိုင်ငံများ ပိုမိုများပြားလာလိမ့်မည်ဟု အစ္စရေးဝန်ကြီးချုပ်က ဗီဒီယိုဖြင့် ထုတ်ပြန်သည့် ကြေညာချက်တွင် ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ဇော်ဝင်း**

# စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိပြီး ပစ်ခတ်ဖမ်းဆီးရသည့် အခြေအနေများရှိခဲ့

**နေပြည်တော် စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပမာဏများပြားသော မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိပြီး ပစ်ခတ်ဖမ်းဆီးရသည့် အခြေအနေများရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီတွင် သံဖြူဇရပ်မြို့နယ် ရေး-သံဖြူဇရပ် ကားလမ်း သင်္ကောကျေးရွာအနီးတွင် မော်တော်ယာဉ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသောကြောင့် သေနတ်ဖြင့် ပစ်ခတ်တားဆီးရာ ယာဉ်ဘီးများ ကျည်ဆန်ထိမှန်ပြီး ရပ်တန့်သွားခဲ့ကြောင်း၊ ထို့နောက် ခန့်ဇော်ကို၊ ရဲထက်လွင်နှင့်ညီမွန်ဦးတို့ သုံးဦးအား စစ်ဆေးရာ အိုက်စ်ကိုးကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၄၀ (တန်ဖိုးငွေကျပ် ၃၈၄၂ သိန်း) တို့နှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း။

စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့မူးယစ်ဆေးဝါး စတင်ယူဆောင်ခဲ့သည့် ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ အမှတ်(၃)ရပ်ကွက် ရတနာသိင်္ခလမ်းနေ အေးဝင်းနိုင်(ခ) ဝတုတ်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၃၄၀၀၊ ဘိန်းဖြူ ၁၀၈ ဒသမ ၁၅ ကီလိုခန့်၊ ကတ်တမင်း တစ်ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် သုည ဒသမ ၄၅ ကီလို (တန်ဖိုးငွေကျပ် ၁၀၀၈၅၅ သိန်း)ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်အရ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများမှာ ဩဂုတ် ၁၉ ရက်က ဝေါလေမြို့ ဝေါလေ-မြဝတီ သွားကားလမ်း သဲဖြူချောင်းကျေးရွာအနီးတွင် အိုက်စ် ၁၅၉၈ ကီလို၊ ဘိန်းဖြူ ၁၃၇ ဒသမ ၆၅၅ ကီလိုနှင့် မော်လမြိုင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀၀ သိမ်းဆည်းရမိခဲ့သည့် မြဝတီမြို့မရဲစခန်း၏ အမှုမှ ဖမ်းမိ မူးယစ်ဆေးဝါးပိုင်ရှင် အောင်ကျော်လတ်(ခ) မောင်လတ်က ထိုင်းဘတ်ငွေ ၁၃၀၀၀၀ ပေး၍ သိမ်းဆည်းခိုင်းထားသော ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ခန့်ဇော်ကို(ခ)ခန့်ကို(ခ)ဘယ်ကျော်၊ ရဲထက်လွင်၊ ညီမွန်ဦး(ခ)ညီညီ၊ အေးဝင်းနိုင်(ခ)ဝတုတ်၊ အောင်ကျော်လတ် (ခ)မောင်လတ်တို့အား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။



ခန့်ဇော်ကို(ခ)ခန့်ကို(ခ)ဘယ်ကျော်၊ ရဲထက်လွင်၊ ညီမွန်ဦး(ခ)ညီညီ၊ အေးဝင်းနိုင်(ခ)ဝတုတ်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၁၀ နာရီခန့်တွင် စစ်ကိုင်းတိုင်း ဒေသကြီး ပင်လည်ဘူးမြို့နယ် ပင်လည်ဘူး - ဖောင်းပြင်သွားလမ်း ဝါးဘိုးချောင်းရွာအနီးတွင် သတင်းအရ ဇင်မင်းထွေး မောင်းနှင်ပြီး အိုက်လောင်လိုက်ပါလာသည့် ကွန်တိန်နာယာဉ်အား ရပ်တန့်ရှာဖွေရာ ၎င်းယာဉ်အတွင်းမှ ဘိန်းဖြူ ၉ ဒသမ ၄၅ ကီလို (တန်ဖိုးငွေကျပ်သိန်း ၇၅၆၀) သိမ်းဆည်းရမိခဲ့ပြီး စိစစ်ချက်အရ ၎င်းတို့ မူးယစ်ဆေးဝါးများ စတင်ယူဆောင်လာသည့် သီပေါမြို့နယ် စံလောင်းကျေးရွာရှိ ကိုသီဟအား ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ဇင်မင်းထွေး၊ အိုက်လောင်နှင့် သီဟတို့အား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၄ နာရီတွင် ဖောင်းပြင်မြို့နယ် ဖောင်းပြင်-ဗန်းမောက်ကားလမ်း မြောက်လွင်ကျေးရွာအနီးတွင် အမျိုးသားတစ်ဦးမောင်းနှင်လာသည့် ယာဉ်အား ရပ်တန့်ခိုင်းစဉ် လမ်းပိတ်ဆို့ရပ်ထားသည့် စစ်ဆေးရေးအဖွဲ့၏ဆိုင်ကယ်သုံးစီးအား တိုက်ကာမောင်းနှင်ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ တစ်ဖာလုံခန့်အကွာ လမ်း၏ယာဘက်ဘေးသို့ တိမ်းမှောက်သွားခဲ့ ကြောင်း၊ ယာဉ်မောင်းမှာ တိမ်းရှောင်သွားပြီး ယာဉ်နောက်ခန်းအတွင်းရှိ ဆာလာအိတ်များအတွင်းမှ ဘိန်းဖြူ ၉ ဒသမ ၅၇ ကီလို (တန်ဖိုးငွေကျပ် ၉၅၇၀ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းနှင့် ကွင်းဆက်တရားခံများအား ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



စိုင်းစိန်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

# ညောင်ရွှေ၊ လားရှိုးနှင့် ရှာငံမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၂ နာရီက သတင်းအရ ညောင်ရွှေမြို့နယ် မိုင်းပျိုးကျေးရွာအုပ်စု မိုင်းပျိုး(တောင်)ကျေးရွာအနီးရှိ ဘုရားကျိန်းကျောင်းစက်လှေဆိပ်တွင် နိုင်လင်း(ခ)ရွှေတိုး မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ရေပူကျေးရွာအုပ်စု လွယ်နွဲ့ကျေးရွာရှိ နိုင်လင်း(ခ)ရွှေတိုး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၉ နာရီက နမ့်ပေါင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာအုပ်စု နမ့်ပေါင်ကျေးရွာနေ မအေးငွေ၏နေအိမ်သို့ သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၈၀၀ ကိုလည်းကောင်း။

ထို့အတူ ယမန်နေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရှာငံမြို့နယ် ယုံတောင်ကျေးရွာအနီး ရှာငံ-ကျောက်ဆည်သွားကားလမ်းတွင် စိုင်းစိန်မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျောက်မိုင်းခွဲစဉ် ကျောက်စများထိမှန်၍ တစ်ဦးသေဆုံး

**ကသာ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် စုံးတော်ကျေးရွာအုပ်စု တုံးပင်ကျေးရွာတွင် ယနေ့နံနက် ၆ နာရီခွဲခန့်က ထာဝရကုမ္ပဏီရွှေလုပ်ကွက်အမှတ်(၁)ရှိ ရွှေတူးဖော်သည့်ကျင်းအတွင်း ကျောက်မိုင်းခွဲစဉ် ကျောက်စများမှန်၍ လူတစ်ဦးသေဆုံးကြောင်း သတင်းအရ ဗန်းမောက်မြို့မစခန်းမှူး ဒုတိယရဲမှူးခိုင်စိုးထွန်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူသည် ကျင်းလုပ်သား ဇော်ဖြိုးဖြစ်ပြီး ယမန်နေ့ နံနက် ၃ နာရီခန့်တွင် လုပ်ကွက်အတွင်းရှိ အကျယ်ရှစ်ပေ၊ အနက်ပေ ၁၀၀ ခန့်ရှိသော ကျင်းအတွင်းသို့ ကျောက်မိုင်းခွဲရာမှ မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် ဗန်းမောက်မြို့မစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမြသက်ထား**

# မြိတ်မြို့နယ် ရွာသစ်ကျေးရွာ၌ ICE မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မြိတ် စက်တင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြိတ်မြို့ အမှတ်(၃၅)မူးယစ်တပ်ဖွဲ့စုမှ ဒုရဲအုပ်မင်းအားမာဏ်စိုး ဦးစီးပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီ မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ မြို့ပတ်(၂)လမ်းတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် အောင်မြင့်ဆန်း(ခ) အောင်အောင်မောင်းနှင်ပြီး ဒေါ်လှအေး စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ICE မူးယစ်ဆေး ၃၈၀ ဂရမ်ခန့်နှင့်အတူ သိမ်းဆည်းရမိသဖြင့် ၎င်းတို့ နှစ်ဦးအား မြိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# နေပူတောင်အဆင်းတွင် ယာဉ်တိမ်းမှောက်မှုကြောင့် တစ်ဦးသေဆုံး

**ကသာ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် နေပူတောင်အဆင်းတွင် ယမန်နေ့ ည ၁၁ နာရီခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ အလယ်တော ရဲကင်းမှူး ဒုတိယရဲအုပ်ချမ်းမြေ့ကျော်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရွှေဘို-မြစ်ကြီးနားသွားကားလမ်း မိုင်တိုင်(၁၁၁/၆)နှင့် (၁၁၃/၆)အကြား ဦးသိန်းလှိုင်မောင်းနှင်ပြီး ဦးလှသိန်းလိုက်ပါလာသော အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ အနက် ၁၀ ပေခန့်ရှိ ရေမြောင်းအတွင်းသို့ ထိုးကျရာ ယာဉ်မောင်း ဦးသိန်းလှိုင်သည် အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ဦးလှသိန်းမှာ ဒဏ်ရာများ ရရှိခဲ့သဖြင့် ဦးသိန်းလှိုင်အား ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နန်းထွန်းမေ**




## ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၉-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ရွေးကောက်ပွဲကျင်းပရန်

**၅၆**

ရက်သာ

လိုတော့သည်။

**အထွေထွေရွေးကောက်ပွဲကို**

**၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်**

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (စ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ၂၀၂၀ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံတည်ဆောက်မည့်နေရာ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယနေ့နံနက် ၉ နာရီက အမှတ်(၄)ရပ်ကွက် ရွှေသရဖီ (၁) လမ်းတွင် မဲရုံတည်ဆောက်မည့် မြေနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ လှိုင်သာယာမြို့နယ် အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့်အဖွဲ့ဝင်များ၊ မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေး အဖွဲ့ဝင်များက အမှတ်(၄)ရပ်ကွက် ရွှေသရဖီ (၁) လမ်းတွင် မဲရုံတည်ဆောက်မည့် မြေနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီးနှင့် တက်ရောက်လာကြသူများက မဲရုံတည်ဆောက်မည့် မြေနေရာအား ဝိုင်းဝန်းဆွေးနွေးအကြံပြုကြပြီး အများဆန္ဒသဘောတူ သင့်လျော်နိုင်မည့် မြေနေရာလျာထားပြီး တာဝန်ရှိသူများက အဆိုပါ လျာထားမြေနေရာသို့ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ပြန်/ဆက်)



# ညီညွတ်သောဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၂

ညီညွတ်သောဒီမိုကရက်တစ်ပါတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စွာထက်ဦးက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



နှင်းဆီ-UDP

နှင်းဆီပွင့် ..... ဘဝမြင့်

ဘဝမြှင့်တင်ရေး ..... အခြေခံဝင်ငွေရရှိရေး

နှင်းဆီ-UDP ပါတီ ဘာလဲ ..... ဘဝကောင်းစားရေး

ဘဝကောင်းစားစေချင်တယ်ဆိုရင် ..... UDP ဖြစ်

ကိုယ့်မဲ ..... ကိုယ်ပေး

ကိုယ့်တိုင်းပြည် ..... ကိုယ်အုပ်ချုပ်

ကိုယ့်အာဏာ ..... ကိုယ်ပိုင်

ပြည်သူ့အာဏာ ..... ပြည်သူပိုင်

ပြည်သူ့တိုင်းပြည် ..... ပြည်သူအုပ်ချုပ်

(၅)နှစ် အချိန်ပေးပါ။


(၅)နှစ်ကာလတိုးတက်အောင် လုပ်ရမည်။

### "နှလုံးသားထဲကနှင်းဆီ"

V1 -(ပြည်သူ့ရင်ထဲနှင်းဆီရောက်တော့ ဆင်းရဲခြင်းတွေပျောက်တော့မည်
-မူဝါဒတွေအခိုင်အမာချလို့ အဆင့်အတန်းတွေ မြင့်တော့မည်)၂
-(တို့အောင်ပွဲဆီ)၄ တူစုံညီညီ ပျော်ရွှင်မှုနဲ့ ရှေ့သို့လှမ်းကာချီ
-(တို့ခေါင်းဆောင် ကချင်သွေးမို့ ကတိပေးကာ မနေးလုပ်မည်
-ညီညီညွတ်စွာလုပ်ဆောင်ကြစို့ အောင်နိုင်ရေးကို အဓိကရည်)၂
-(ဖွံ့မာန်ထက်သည် အမြဲညီညွတ်မည်)၂ UDP ကို ပြည်သူအများက
-တခဲနက်ထောက်ခံသည်

V2 -(တူစုံကာပျော်ရွှင်နွဲ့နှင်းဆီပန်းကိုမဲပေးမည်)၂
-(ပြည်သူအပေါင်းကို စိတ်ချမ်းမြေ့ဖို့ နှင်းဆီပန်းကို မဲပေးမည်)၂
-တူစုံညီညီအောင်မြင်မှုနဲ့ ရှေ့သို့လှမ်းကာချီ
(V1 V2)

F/O -တူစုံညီညီအောင်မြင်မှုနဲ့ ရှေ့သို့လှမ်းကာချီ



## ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၁၂**

ကယားပြည်နယ်အတွင်း ၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့နယ် ပြည်နယ်ရွေးကောက်ပွဲအဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းစိုးက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီသည် မဲဆွယ်စည်းရုံးရေးကာလတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီများနှင့် ရွေးကောက်ပွဲတွင် သက်ဆိုင်သူများအကြား အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် လုပ်ငန်းစဉ်လက်စွဲနှင့်အညီ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးကျော်ဆန်းဝင်းက ဇဟိုနှင့်ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းမှု၊ ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စေ့စပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**စိုးလှိုင်ငွေး (ပြန်/ဆက်)**

## လဲချား၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေး ကျင်းပ

**လဲချား စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲခန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းလှထွန်းက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ကျင်းပနိုင်ရေး၊ မဲဆွယ်စည်းရုံးရေးကာလအတွင်း နိုင်ငံရေးပါတီများမှ လိုက်နာရမည့်စည်းကမ်းချက်များ၊ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ကော်မတီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၏ သိရှိလိုသော မေးမြန်းချက်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒေါ်ဇင်နွယ်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**လွှမ်းသူနောင်(ပြန်/ဆက်)**

## မြစ်ကြီးနားခရိုင်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၅၉၇၄၉ ဦးရှိ

**မြစ်ကြီးနား စက်တင်ဘာ ၁၂**

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြစ်ကြီးနားခရိုင်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၅၉၇၄၉ ဦးရှိကြောင်း မြစ်ကြီးနားခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

### ထုတ်ပြန်ကြေညာ

မြစ်ကြီးနားခရိုင်အတွင်း ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက် မှ ၃၁ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ရာ လာရောက်ကြည့်ရှုသူဦးရေ ၁၃၀၅၀၀ ကျော်ရှိခဲ့ပြီး ပုံစံ(၃)ဖြင့် တောင်းဆိုသူ ၈၀၂၈ ဦး၊ ပုံစံ(၄) ဖြင့် ပယ်ဖျက်သူ ၃၈၀၆ ဦး၊ ပုံစံ(၄-က) ဖြင့် အမှားပြင်ဆင်သူ ၅၇၃၄ ဦးရှိသည်။

### ကျင်းပသွားမည်

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မြစ်ကြီးနားခရိုင်အတွင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၆ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၀ နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၂ ဦးရှိပြီး စုစုပေါင်း ၁၅၈ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ မြစ်ကြီးနားခရိုင်အတွင်း မဲရုံပေါင်း ၂၉၀ ဖြင့် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပသွားမည်ဖြစ်ကြောင်း မြစ်ကြီးနားခရိုင် ရွေးကောက်ပွဲအရာရှိ ဦးကျော်စိုးအောင်ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကော့ကရိတ်မြို့၌ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများက နှာခေါင်းစည်းများ အခမဲ့ပေးဝေပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ကော့ကရိတ် စက်တင်ဘာ ၁၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီက အမှတ်(၃)ရပ်ကွက်၊ ရဲစခန်းရှေ့ မီးပွိုင့်လမ်းဆုံနှင့် မြို့မဈေးရှေ့တို့တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာကွယ်နိုင်ရန် နှာခေါင်းစည်းများ အခမဲ့ဝေငှခြင်း၊ အိမ်အပြင်ထွက်ပါက နှာခေါင်းစည်းများ ဝတ်ဆင်ပြီးမှ သွားလာကြရန်၊ ရောဂါမကူးစက်အောင် ဆောင်ရန်ရှောင်ရန်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

### အသိပညာပေး

အဆိုပါ အသိပညာပေးလုပ်ငန်းများကို ကော့ကရိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်စောင့်ကြည့်ရေးကော်မတီ၊ ပြန်/ဆက်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် လူငယ်မောင်မယ်များ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အလှူရှင်များမှ လှူဒါန်းသော နှာခေါင်းစည်းများဝေငှခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များအား ညှိနှိုင်းဆွေးနွေး

**ပြည်ကြီးတံခွန် စက်တင်ဘာ ၁၂**

ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲ ဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ လုပ်ငန်းများတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များအား ညှိနှိုင်းဆွေးနွေးပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

### ရှင်းလင်းပြောကြား

ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းက အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဦးမင်းစိုးနိုင်က ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ လုပ်ငန်းများတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များအား ရှင်းလင်းပြောကြားသည်။

### ပြန်လည်ဆွေးနွေး

ထို့နောက် တက်ရောက်လာသောနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၈ ရပ်ကွက်ရှိပြီး လက်ရှိပြုစုထားသောစာရင်းများအရ မဲဆန္ဒရှင်ပေါင်း ၁၇၅၆၅၂ ဦးနှင့် မဲရုံပေါင်း ၇၁ ရုံလျာထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၂

အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ ဒုဥက္ကဋ္ဌ ဒေါ်ဝင်းကေခိုင်အေးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



**လေးစားအပ်ပါသော ပြည်သူလူထုအပေါင်းရှင့်။**

ကျွန်မကတော့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီရဲ့ ဒုဥက္ကဋ္ဌ ဒေါ်ဝင်းကေခိုင်အေး ဖြစ်ပါတယ်ရှင့်။ အခုလို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ အခါသမယမှာ ကျွန်မအနေနဲ့ ပါတီရဲ့ မူဝါဒများနဲ့ လမ်းစဉ်များကို အကျဉ်းချုပ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ရဲ့ ပါတီအမည်ကတော့ မြန်မာလို – အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၊ အင်္ဂလိပ်ဘာသာဖြင့် National Political Alliance Party NPA ဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ပါတီရဲ့ အလံနဲ့ Logo အမှတ်အသားမှာ အပြာရောင်အောက်ခံတွင် အဖြူရောင်စက်ဝိုင်းအတွင်း ကြယ်ဖြူကြီးတစ်လုံးပါရှိပါတယ်။ ကြယ်ဖြူကြီးသည် အချုပ်အခြာအာဏာအောက်၌ တစုတစည်းတည်း သွေးစည်းညီညွတ်သော ပြည်ထောင်စုဟူ၍လည်းကောင်း၊ ဖြူစင်ရိုးသားခြင်း၊ အလင်းရောင်ပေးခြင်း၊ ဦးဆောင်လမ်းညွှန်ခြင်း ဟူ၍လည်းကောင်း ရည်ညွှန်းတာဖြစ်ပါတယ်ရှင့်။ အဖြူရောင်စက်ဝိုင်းကြီးသည် အချုပ်အခြာအာဏာ၏ သင်္ကေတသဘောကိုဆောင်ပြီး အပြာရောင်အောက်ခံကတော့ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းနဲ့ တစ်ပြေးညီတစ်သားတည်းဟူသော အနက်အဓိပ္ပာယ်ကို ဆောင်ပါတယ်ရှင့်။

ဆက်လက်ပြီးပါတီရဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို ဆက်လက်တင်ပြပါမယ်ရှင့်။ ကျွန်မတို့ပါတီ ကြွေးကြော်သံက "ပြည်သူလူထုအတွက် ငြိမ်းချမ်းရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် အဓိက၊ ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးသည် ပဓာန" ဖြစ်ပါတယ်။ ပါတီဟာ ဒီကြွေးကြော်သံနဲ့အညီ နိုင်ငံတော်ရဲ့ အနာဂတ်ပန်းတိုင်ဖြစ်တဲ့ "ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး" တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် ရှေ့တန်းမှ မားမားမတ်မတ်ရပ်တည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်မတို့ပါတီကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှာ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ပါတီမှာ ပါဝင်ဆောင်ရွက်ခဲ့သူတွေဟာ ၁၉၈၈ ခုနှစ် နိုင်ငံရေးလှုပ်ရှားမှုကြီးကနေ ယနေ့အချိန်အခါတိုင်အောင် မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တစ်လျှောက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ယနေ့မှာဆိုရင် ပါတီရဲ့ ခေါင်းဆောင်ကြီးတွေ လက်ဆင့်ကမ်းပေးခဲ့တဲ့ နိုင်ငံရေးအမွေကို ဆက်ခံပြီး ကျွန်မတို့တစ်တွေ အားသစ်မာန်သစ်နဲ့ ဆက်လက်ကြိုးပမ်း တာဝန်ထမ်းဆောင်လျက်ရှိကြပါတယ်ရှင့်။

ကျွန်မတို့ပါတီဟာ နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရန် လိုအပ်မှု၊ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြည်သူလူထုနှင့် ပါတီစုံအဖွဲ့အစည်းစုံ အချိုးညီမျှတစွာ ပါဝင်သော လွှတ်တော်တစ်ရပ် ပေါ်ပေါက်ရန်လိုအပ်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အုပ်ချုပ်သော ပြည်သူ့အစိုးရတစ်ရပ် ပေါ်ပေါက်ရန်လိုအပ်မှုတို့ကို ရှေးဦးကပင် ယုံကြည်မျှော်မှန်းခဲ့ပါတယ်ရှင့်။ ထိုသို့ ယုံကြည်ချက်နှင့်အညီ ယနေ့ ဒီမိုကရေစီရေး၊ နိုင်ငံအရေးတို့တွင် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ ကျွန်မတို့ပါတီ မဟာမိတ်ပါတီဟာ ၂၀၁၀ ခုနှစ်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၌ နိုင်ငံရေးပါတီများ အစုအဖွဲ့တွင် အကြံပေးအဖြစ်ပါဝင်ခဲ့ပြီး နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးမှာလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်ရှင့်။

**ပြည်သူလူထုအပေါင်းရှင့်။**

အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံဟာ ကိုလိုနီကျွန်ပြုခံဘဝမှာ နှစ်ပေါင်းရှည်ကြာ သွေးခွဲအုပ်ချုပ်ခံခဲ့ရပါတယ်။ အဲဒီအကျိုးဆက်ဟာ လွတ်လပ်ရေးရပြီးနောက် တိုင်းပြည်တည်ဆောက်ရာမှာ ကြီးမားတဲ့ အခက်အခဲကြီးတစ်ရပ် ဖြစ်ပေါ်စေခဲ့ပါတယ်။ လွတ်လပ်ရေးရယူစဉ်က ပင်လုံညီလာခံနဲ့ ရယူခဲ့ရသလို ဒီနေ့ ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်ရာမှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရရှိအောင် ခဲရာခဲဆစ်ကြိုးပမ်းနေရပါတယ်။ ဒီလို မတူကွဲပြားမှုဟာ လက်ရှိအခြေအနေမှာ အားနည်းချက်သဖွယ်ဖြစ်နေပေမယ့် အမှန်တကယ် စည်းလုံးညီညွတ်လာတဲ့တစ်နေ့မှာ ငြိမ်းချမ်းရေးဟာလည်း မလွဲမသွေရရှိလာပြီးတော့ အားသာချက်တွေဖြစ်လာမယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်မှာ တိုင်းရင်းသားလက်နက်ကိုင်များနဲ့ ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်း၊ တစ်ခုတည်းသော တပ်မတော်စနစ်သို့ ဦးတည်ပြောင်းလဲခြင်း၊ နိုင်ငံ၏သယံဇာတများ (မြေပေါ်မြေအောက်) နှင့် စွမ်းအင်အရင်းအမြစ်များကို ပြည်ထောင်စုကြီးနဲ့ ဖက်ဒရယ်နယ်မြေများ အချိုးကျ ခွဲဝေသုံးစွဲပြီး ပြည်သူလူထုဘဝ တိုးတက်မြင့်မားရေး၊ နိုင်ငံစီးပွားတိုးတက်ရေးတို့ကို ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြဖို့ အထင်အရှားပင်ဖြစ်ပါတယ်ရှင့်။ ဒါကြောင့်လည်း ကျွန်မတို့ပါတီဟာ ငြိမ်းချမ်းရေးသည် ပထမလို့ ကြွေးကြော်ခဲ့ခြင်း ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်သူလူထုအပေါင်းရှင့်။**

ဒီမိုကရေစီအရေး ပြည်သူ့ဘဝတိုးတက်မြင့်မားရေးတို့ဟာလည်း ငြိမ်းချမ်းရေးနဲ့ တန်းတူအရေးအကြီးဆုံးကိစ္စများ ဖြစ်တယ်ဆိုတာ မမိုတ်မသုန် ခံယူထားပါတယ်ရှင့်။

ဒီမိုကရေစီ နိုင်ငံတစ်ခုမှာလည်း စနစ်ကျသော အုပ်ချုပ်မှုယန္တရားက အဓိကကျတဲ့အခန်းက ပါရှိနေပါတယ်။ နိုင်ငံရေးပါတီများဟာ မဲဆွယ်ကာလမှာ ကတိကဝတ်တွေ ပေးကြပေမယ့် အုပ်ချုပ်ရေးယန္တရား စနစ်တကျပီပြင်မှုမရှိရင် ကတိမတည်နိုင်ဘဲ ပြည်သူရဲ့ အဝေဖန်ခံရတတ်ပါတယ်။ ပါတီတွေ ဘယ်လိုပြောင်းပြောင်း အုပ်ချုပ်တဲ့ယန္တရား အခြေခံအုတ်မြစ်တွေ မကောင်းရင်တော့ ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးဟာ နှေးကွေးနေမယ်၊ အခက်အခဲတွေ ကြုံတွေ့နေကြရဦးမယ်လို့ ကျွန်မတို့ပါတီက သုံးသပ်မိပါတယ်ရှင့်။

ယနေ့အချိန်မှာ ကျွန်မတို့နိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာ အဆင့်တစ်ဆင့်ဆီကို ရောက်ရှိဦးတည်လျက်ရှိနေပါပြီ။ ဒီမိုကရေစီနည်းမကျတဲ့ အာဏာရှင်စနစ်အောက်ကနေ ဒီမိုကရေစီနည်းကျတဲ့ နိုင်ငံအဖြစ် တစ်စတစ်စ ကူးပြောင်းလို့နေပါပြီ။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် အောင်မြင်စွာ ရပ်တည်နိုင်ဖို့ကတော့ အခြေခံအကြောင်းတရားပေါင်းများစွာကို ကျော်လွှားဖြေရှင်းရဦးမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီဆိုပြီး လူတစ်စုဒီမိုကရေစီမဟုတ်ဘဲ လူထုဒီမိုကရေစီဖြစ်ဖို့ ဝိုင်းဝန်းထိန်းကျောင်းရမယ့်တာဝန်ဟာ နိုင်ငံသားအားလုံးမှာ ကိုယ်စီတာဝန်ရှိကြပါတယ်။ ကျွန်မတို့ပါတီဟာ ဒီအချက်ကိုလည်း အစဉ်တစိုက် သတိရှိခဲ့ကြပါတယ်။

နိုင်ငံကောင်းအောင်၊ တိုးတက်အောင် ဆိုတဲ့နေရာမှာလည်း တစ်ဦးကောင်း တစ်ဖွဲ့ကောင်းနဲ့ လုပ်လို့မရပါ။ တိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်းကို လူထုလူတန်းစားအားလုံး အချိုးညီညီပါဝင်ပြီး ပူးပေါင်းဆောင်ရွက်မှသာ ဖြစ်နိုင်မှာဖြစ်ပါတယ်ရှင့်။ လူမျိုး၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု ကွဲပြားတဲ့ လူမျိုးစုတို့ အတူလက်တွဲ စုပေါင်းနေထိုင်တဲ့ ကျွန်မတို့နိုင်ငံမှာ အင်အားကြီးသူ၊ အင်အားနည်းသူ ခွဲခြားမှုမရှိ၊ အားလုံးအရာရာမှာ တန်းတူညီစွာ အခွင့်အရေးရနိုင်စေဖို့ ဖော်ဆောင်ပေးရပါမယ်ရှင့်။ အားလုံးဆောင်ရွက်၊ အားလုံးတွက်ဆိုတဲ့ စကားအတိုင်းပါပဲရှင့်။ ဥပဒေအရ တန်းတူညီမျှရှိပြီး ဥပဒေရဲ့အကာအကွယ်ကို လူတိုင်းမျှတစွာ ရရှိရပါမယ်။ လူတိုင်း လွတ်လပ်စွာ ယုံကြည်ခွင့်၊ ဖော်ထုတ်ခွင့်၊ ဆန္ဒပြခွင့်၊ တင်ပြခွင့် စတဲ့ ဒီမိုကရေစီအခွင့်အရေးများကိုလည်း အားလုံးရထိုက်ပါကြောင်း တင်ပြအပ်ပါတယ်ရှင့်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်တဲ့ သဘောရှိတာ အားလုံးမျက်မြင်ကိုယ်တွေ့ပါပဲရှင့်။ အတိတ်ရဲ့ ကောင်းမွေဆိုးမွေတွေကို ဆက်လက်သယ်ဆောင်ပြီး နိုင်ငံတော်သစ် တည်ဆောက်နေတဲ့နေရာမှာ စိတ်ရှည်သည်းခံပြီး ဒီမိုကရေစီစံနှုန်းပြည့်တဲ့ အခြေအနေကို တဖြည်းဖြည်း ကူးပြောင်းရပါမယ်။ တစ်ချိန်တည်းမှာပဲ တိုင်းပြည်အပေါ် ကျရောက်လာမယ့် ပစ္စုပ္ပန်၊ အနာဂတ် အန္တရာယ် အသွယ်သွယ်ကိုလည်း နိုင်ငံတကာကလက်ခံတဲ့ ဖြေရှင်းဆောင်ရွက်မှုမျိုးနဲ့ ကာကွယ်ဆောင်ရွက်သွားရမှာလည်း ဖြစ်ပါတယ်။

တိုင်းပြည်ဟာ ဒီမိုကရေစီ အတွေ့အကြုံကြွယ်ဝနေပြီဖြစ်တဲ့ ကမ္ဘာ့နိုင်ငံကြီးများနဲ့ အာရှ အရှေ့တောင်အာရှက နိုင်ငံအချို့ကဲ့သို့ တည်ငြိမ်ရင့်ကျက်ခြင်း၊ သာယာဝပြောခြင်း၊ ခေတ်မီတိုးတက်ခြင်းဆိုတဲ့ ဒီမိုကရေစီ အသီးအပွင့်တွေ ဖြစ်လာဖို့ရာ အချိန်ကာလတစ်ခုကို ခက်ခဲစွာ ဖြတ်သန်းနေရဦးမှာ ဖြစ်ပါတယ်။ ဒီလို ဖြတ်သန်းရာမှာ ကျွန်မတင်ပြခဲ့ပြီးဖြစ်တဲ့အတိုင်း ပါတီစုံ၊ လူတန်းစားပေါင်းစုံနဲ့ တက်ကြွလှုပ်ရှားပြီး တိုင်းပြည်အကျိုးလိုလားသူအားလုံး၊ တိုင်းရင်းသားလူမျိုးစုများပါမကျန် စည်းလုံးညီညွတ်တဲ့အားကို အရယူဖို့ အထူးပင်အရေးကြီးလှပါတယ်ရှင့်။

ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးနဲ့ ပတ်သက်လို့ လုပ်စရာ၊ ပြောစရာတွေ အများအပြားရှိပေမယ့်လည်း အချိန်ကန့်သတ်မှုအရ ဒီလောက်နဲ့ပဲ တင်ပြပြီး ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးကိစ္စနဲ့ ပတ်သက်လို့ ကျွန်မတို့ မဟာမိတ်ပါတီရဲ့ သဘောထားကို ဆက်လက်တင်ပြပါရစေရှင့်။ ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးလို့ ပါတီ၊ အဖွဲ့အစည်းအသီးသီးနဲ့ အစိုးရများက ပြောနေကြပေမယ့် ဒါဟာ လွယ်လွယ်ကူကူကိစ္စ မဟုတ်တဲ့အပြင် အဘက်ဘက်မှာ ဆက်နွယ်နေတဲ့ အကြောင်းတရားတွေ များစွာရှိပါတယ်ရှင့်။ ဒီမိုကရေစီနိုင်ငံတစ်ခုရဲ့ အသိမ်မွေ့ဆုံး၊ ခက်ခဲနက်နဲပြီး ရှုပ်ထွေးမှုအများဆုံးကိစ္စတစ်ခုလို့လည်း ပြောရမှာဖြစ်ပါတယ်ရှင့်။ ပြည်သူ့ဘဝ တိုးတက်မြင့်မားဖို့ဆိုတာ တိုင်းပြည်ရဲ့ စီးပွားရေးကောင်းမွန်နေဖို့လိုသလို နိုင်ငံသားတစ်ဦးချင်းစီရဲ့ ထုတ်လုပ်မှုတန်ဖိုး အများဆုံးဖြစ်နေဖို့လည်း လိုအပ်ပါတယ်ရှင့်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာတုန်းက ကျွန်မ ရှင်းလင်းတင်ပြခဲ့သလို တိုင်းပြည်ရဲ့ မြေပေါ်မြေအောက်၊ သက်ရှိသက်မဲ့ (ပြည်သူ့စွမ်းအား အပါအဝင်) သယံဇာတနဲ့ အရင်းအမြစ်များကို ပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့အညီ နိုင်ငံတော်မှာ မှီတင်းနေထိုင်ကြတဲ့ လူမျိုးစုအားလုံး စနစ်တကျ၊ အချိုးအစားကျကျ၊ ညီညီညွတ်ညွတ်၊ မျှမျှတတ ဖော်ထုတ်ပြီး တိုင်းပြည်သာယာဝပြောရေးအတွက် သုံးစွဲကြဖို့ဆိုတဲ့ အချက်ဟာဖြင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးတို့အတွက် သော့ချက်ပဲဖြစ်ပါတယ်။

ဒီလိုထုတ်လုပ်သုံးစွဲပြီး တိုင်းပြည်တိုးတက်အောင်လုပ်ဖို့ရာမှာ လျှပ်စစ်ဓာတ်အားနဲ့ စွမ်းအင်အလုံအလောက် ထုတ်လုပ်သုံးစွဲနိုင်ဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အင်တိုက်အားတိုက်စီးဝင်လာစေဖို့၊ လယ်ယာထွက်ကုန်ဈေးကွက်များ ပြည်ပမှာ ထိုးဖောက်ဈေးကွက်ရှာနိုင်ဖို့၊ အလတ်စားနဲ့ အကြီးစားစက်မှုလုပ်ငန်းတွေ တစ်ဟုန်ထိုး ကြီးထွားလာစေဖို့၊ ပြည်တွင်းမှာ အလုပ်အကိုင်များ တိုးတက်များပြားစေပြီး အလုပ်လက်မဲ့ နည်းပါးသွားစေဖို့ စသဖြင့် လုပ်ဆောင်စရာ အချက်အလက်တွေ များစွာရှိပါတယ်။

ဒါတွေကို အစိုးရက အခွင့်အလမ်းသာစေတဲ့ ဥပဒေပုဒ်မတွေနဲ့ အားပေးဖို့၊ အကျိုးစီးပွားတွေကို ကာကွယ်ပေးဖို့၊ အစိုးရကမတည်ပြီး တိုင်းရင်းသားလုပ်ငန်းရှင်တွေကို လွှဲပြောင်းလုပ်ကိုင်စေဖို့၊ အစိုးရ ပုဂ္ဂလိက ဖက်စပ်လုပ်ငန်းမျိုးတွေနဲ့ လက်တွဲဖော်ဆောင်ဖို့ စတာတွေကို လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း တိုင်းပြည်တည်ဆောက်ဖို့ အခွန်ထမ်းလုပ်ငန်းရှင်နဲ့ ပြည်သူတွေဆီကရရှိတဲ့ ဘဏ္ဍာငွေကို ချွေတာသုံးစွဲပြီး အလွဲမဖြစ်စေဖို့ တာဝန်ယူကြရမှာပါ။ အခွန်အတုတ်ကိုလည်း သက်ဆိုင်ရာမူဝါဒနဲ့အညီ အလျှော့အတင်းလုပ်ပြီး စီးပွားရေးတိုးတက်လာအောင် အားပေးအားမြှောက် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒီကိစ္စတွေကို လုပ်ကိုင်တဲ့နေရာမှာလည်း အာဏာရအစိုးရတစ်ရပ်ဟာ အဂတိမဖက်၊ ပွင့်လင်းမြင်သာတဲ့ အစိုးရ၊ ပြည်သူ့အကျိုးစီးပွား မျက်ခြည်ပြတ်မခံဘဲ မိမိပါတီ၊ အဖွဲ့အစည်းတစ်ခုတည်းကောင်းစားရေးကို ရှေ့တန်းမတင်တဲ့ အစိုးရတစ်ရပ် ဖြစ်ရပါမယ်ရှင့်။

**လေးစားအပ်ပါသော ပြည်သူလူထုအပေါင်းရှင်။**

တိုင်းပြည်သာယာဝပြောပြီး တိုးတက်အောင်လုပ်ရတဲ့ လုပ်ငန်းစဉ်၊ မဟာဗျူဟာ၊ နည်းဗျူဟာ၊ စီမံချက်၊ စီမံကိန်းတို့နဲ့ ပတ်သက်လို့လည်း ယခုလို အချိန်တိုအတွင်းမှာ ပြီးပြည့်စုံအောင် တင်ပြဖို့ အလွန်အင်မတန် ခက်ခဲလှပါတယ်။ အနှစ်သာရကတော့ ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးသည်သာ ပဓာနကျတဲ့ အကောင်းဆုံး တိုင်းတာစစ်ဆေးသော မှတ်ကျောက်ဖြစ်ပါတယ်။ ပြည်သူတွေက ယုံကြည်၍ အပ်နှင်းလိုက်တဲ့ အစိုးရအာဏာကို ပြည်သူ့အတွက် စင်ကြယ်သန့်ရှင်းစွာ အသုံးပြုမယ်ဆိုရင် ပြည်သူတွေက ကျေနပ်အားရစွာ ဝန်းရံထောက်ခံနေမှာ ဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ ပြည်သူကပဲ ဒဏ်ခတ်အရေးယူသွားမှာ ဖြစ်ပါတယ်ရှင့်။

နောက်တစ်ချက်တင်ပြလိုတာကတော့ နိုင်ငံတော်လုံခြုံရေးကိစ္စ ဖြစ်ပါတယ်ရှင့်။ ယနေ့ ကမ္ဘာနဲ့အဝှမ်း မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရကိုကြည့်ကြည့် နိုင်ငံကာကွယ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ တိုင်းပြည်ဂုဏ်သိက္ခာမြင့်မားရေးတို့အတွက် တပ်မတော်တစ်ရပ်ကို ခေတ်မီတိုးတက်အောင်၊ အင်အားတောင့်တင်းအောင် ဦးစားပေး တည်ဆောက်နေကြတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်ရှင့်။

ကျွန်မတို့နိုင်ငံဟာလည်း ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်တဲ့နေရာမှာ ခေတ်မီပြီး အင်အားရှိတဲ့ တပ်မတော်တစ်ရပ်ထားရှိဖို့ မလွဲမသွေလိုအပ်မှာ ဖြစ်ပါတယ်ရှင့်။ တင်ပြခဲ့ပြီးတဲ့အတိုင်း ကိုလိုနီနယ်ချဲ့စနစ်ဖြင့် ကျွန်ပြုခံဘဝမှ ရုန်းထွက်ရာမှာ လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်းနဲ့အတူ လက်ရှိတပ်မတော်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့တဲ့အချိန်မှာပဲ တိုင်းရင်းသားအင်အားစုများကလည်း လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးလာခဲ့ကြပါတယ်။ ဒီပဋိပက္ခရဲ့အကျိုးဆက်ဟာ တိုင်းပြည်အတွင်းမှာ အတွင်းလှိုက်စားတဲ့ ဝေဒနာတစ်ရပ်ပမာဖြစ်ခဲ့ပြီး မြွေပူရာကင်းမှောင့်ဆိုသလို နိုင်ငံဟာ ဆင်းရဲတွင်းနက်ခဲ့ရပါတယ်။ ကျွန်မတို့ပါတီ မဟာမိတ်ပါတီဟာ ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့၊ ပြည်သူ့ဘဝမြင့်မားဖို့ ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်မှုတွေကို အလေးဂရုပြုတက်ကြွလှုပ်ရှားခဲ့တာ၊ အကြံဉာဏ်ပေးခဲ့တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ရဲ့ ဂုဏ်ဆောင်တစ်ခုတည်းသော တပ်မတော်စနစ်ဟာလည်း မလွဲမသွေ ပေါ်ပေါက်လာမယ်လို့ ယုံကြည်ပါတယ်ရှင့်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်မတို့ပါတီ မဟာမိတ်ပါတီဟာ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ပြည်သူများရဲ့ ပြဋ္ဌာန်းချက်များ၊ ဆုံးဖြတ်ချက်များကို လေးစားစွာ ခံယူလိုက်နာသွားမှာ ဖြစ်ပါတယ်။ အခြားသော နိုင်ငံရေးပါတီနဲ့ အဖွဲ့အစည်းများဟာလည်း ဒီလိုပဲ သန့်ရှင်းစင်ကြယ်သောနည်းလမ်းနဲ့ တရားဥပဒေနဲ့အညီ ယှဉ်ပြိုင်ကြပြီး ပြည်သူ့အဆုံးအဖြတ်ကို ခံယူသွားကြမယ်လို့ ယုံကြည်ပါတယ်။

ကျွန်မတို့ မဟာမိတ်ပါတီအနေဖြင့် ဘယ်လို အခြေအနေပင်ဖြစ်ပါစေ၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ ပြည်သူ့ဘဝတိုးတက်မြင့်မားရေးတို့ကို မမိုတ်မသုန် ဆောင်ရွက်သွားပြီး နိုင်ငံအတွင်းမှာ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးတို့မှာ တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်မယ်၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းချစ် ပြည်ချစ် စိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အစဉ်အမြဲ သန္နိဋ္ဌာန်ချထားပါတယ်ဆိုတဲ့အကြောင်း ပြောကြားရင်းနဲ့ ကျွန်မတို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ NPA ရဲ့ ရှင်းလင်းတင်ပြမှုကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

# ဝံသာနုဒီမိုကရက်တစ်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၂

**ဝံသာနုဒီမိုကရက်တစ်ပါတီ ဒုဥက္ကဋ္ဌ ဦးအောင်ကြည်မြိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**လေးစားရပါသော မိဘပြည်သူများခင်ဗျာ...**

ကျွန်တော်ကတော့ ဝံသာနုဒီမိုကရက်တစ်ပါတီရဲ့ ဒုဥက္ကဋ္ဌ ဦးအောင်ကြည်မြိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝံသာနုဒီမိုကရက်တစ်ပါတီဟာ သမိုင်းလိုအပ်ချက်အရ ၉-၄-၂၀၁၀ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မှတ်ပုံတင်ရန် လျှောက်ထားခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့မှာ မှတ်ပုံတင်ခွင့်ရရှိခဲ့ပါတယ်။ ပါတီ၏အမှတ်စဉ်မှာ (၂၂)ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝံသာနုဒီမိုကရက်တစ်ပါတီဟာ မန္တလေးမြို့ရဲ့ အခြေစိုက် နိုင်ငံရေးပါတီတစ်ခုဖြစ်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းစောင့်ရှောက်သွားမည့်နိုင်ငံရေးပါတီတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်ကတော့ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ အမျိုးသားသင့်မြတ်ပေါင်းစည်းရေး၊ စစ်မှန်သော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးတို့ပဲ ဖြစ်ပါတယ်။ အမိနိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွား လက်တွေ့ကျကျ မှန်ကန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်ရယူလိုသည့် ရည်မှန်းချက်ဖြင့် ယခုလာမည့် ၂၀၂၀ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ အဆုံးအဖြတ်ကို ခံယူလိုခြင်းလည်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားမှန်သမျှကို ဖန်တီးနိုင်မယ့်စွမ်းအားသည် မဲဆန္ဒရှင်ပြည်သူများ၌သာရှိသည်ဆိုသော အချက်ကို ကျွန်တော်တို့ ဝံသာနုဒီမိုကရက်တစ်ပါတီမှ ယုံကြည်သောကြောင့် ဖြစ်ပါတယ်။

ကျွန်တော်တို့ ဝံသာနုဒီမိုကရက်တစ်ပါတီရဲ့ ရွေးကောက်ပွဲဝင် အမှတ်တံဆိပ်အလံနှင့်သင်္ကေတကို အဓိပ္ပာယ်ဖွင့်ဆိုပြချင်ပါတယ်။ အောက်ခံအနီရောင်ဟာ ရဲရင့်တည်ကြည်ပြတ်သားမှုကို ဖော်ညွှန်းပါတယ်။ ညာဘက်ထောင့်ရှိ ကြယ်ဖြူလေးကတော့ ပါတီ၏ ကိုယ်ပိုင်အလင်းရောင်ရှိခြင်းကို ဖော်ပြခြင်းဖြစ်ပါတယ်။ အလယ်တည့်တည့် အဖြူရောင်စက်ဝိုင်းအတွင်းမှ အစိမ်းရောင်ကဒေါင်းကို အဝါအနီများဖြင့် ခြယ်မှုန်းထားခြင်းသည် ဖြူစင်ခြင်း၊ ရဲရင့်ခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဟူသော လောကပါလတရားကို အခြေခံပြီး ဖွင့်ဆိုထားခြင်းဖြစ်ပါတယ်။ အစိမ်းရောင်ကဒေါင်းအမြီးဖျားပိုင်း (၁၄)ခုမှာ တိုင်းနှင့် ပြည်နယ်(၁၄)ခုကို ရည်ညွှန်းပြီး ပြည်ထောင်စုခိုင်မာမှု စည်းလုံးညီညွတ်မှုများအား ဖော်ဆောင်ထားခြင်း ဖြစ်ပါတယ်။

နိုင်ငံနဲ့ပြည်သူလူထုအပေါ် ကျွန်တော်တို့ပါတီရဲ့ ထားရှိတဲ့ မူဝါဒ သဘောထားများကို တင်ပြချင်ပါတယ်။ ကျွန်တော်တို့ပါတီဟာ အမျိုးသားပိုမိုသင့်မြတ်ရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတို့ကို ဦးလည်မသုန် ဆောင်ရွက်သွားဖို့ ရည်မှန်းထားပါတယ်။

ပထမဦးဆုံးအနေဖြင့် ကျွန်တော်တို့ပါတီရဲ့ ပြည်တွင်းအမျိုးသားအကျိုးစီးပွားအပေါ် အမြင်သဘောထားကို ပြောပါရစေ။ အမျိုးသားအကျိုးစီးပွားအတွက် လွတ်လပ်ပြီး တရားမျှတသော ဈေးကွက်စီးပွားရေးစနစ်ကို လက်ကိုင်ထားပြီး အသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်းမှသည် နိုင်ငံတကာအဆင့်မီ စီးပွားရေးလုပ်ငန်းကြီးများ ရှင်သန်ဖြစ်ထွန်း တိုးတက်စေရေးအပေါ် အလေးထားပြီးဆောင်ရွက်သွားပါမယ်။

နိုင်ငံသူ/နိုင်ငံသားများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ကိုယ်တိုင်ဖန်တီးနိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ရေတို/ရေရှည် စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်သွားပါမယ်။ အလုပ်သမားများ၏ လုပ်ခလစာအခွင့်အရေး ရပိုင်ခွင့်များကိုလည်း တိုးတက်ကောင်းမွန်လာအောင် ကြိုးစားဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့ပါတီရဲ့ နိုင်ငံ့ဝန်ထမ်းများအပေါ်ထားရှိမည့် သဘောထားများကို ဆက်လက်တင်ပြလိုပါတယ်-

- ကာလဒေသနှင့်အညီ လုပ်ခလစာ တိုးမြှင့်ခံစားနိုင်ရေး
- နိုင်ငံ့ဝန်ထမ်းအရေး ရပိုင်ခွင့်နဲ့အညီ လူနေမှုဘဝတွင် ဂုဏ်ရှိစွာ ရပ်တည်နိုင်ရေး
- အငြိမ်းစားယူပြီးနောက် လုံခြုံအဆင်ပြေသောဘဝများ ခံစားရရှိနိုင်စေရေး ကြိုးစားဆောင်ရွက်ပေးပါမယ်။

ပြည်သူ့ရေးရာအပေါ် သဘောထားကို ဆက်လက်တင်ပြသွားပါမယ်-

- ပြည်သူလူထုတစ်ရပ်လုံးကို အခြေခံဥပဒေ၊ တည်ဆဲဥပဒေများပါ နိုင်ငံသားအခွင့်အရေးများ ခံစားပိုင်ခွင့်ရရှိစေရမယ်။
- ပြည်သူလူထု ကြုံတွေ့နေရသော လူမှုအခက်အခဲ၊ မှုခင်းရေးရာ ပြဿနာများကို လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်ပြီး ပြည်သူ့အသံနားထောင်၍ လွှတ်တော်အတွင်းမှဖြစ်စေ၊ လွှတ်တော်ပြင်ပမှဖြစ်စေ ကူညီဆောင်ရွက်ပေးသွားပါမယ်။
- ထိုသို့ဆောင်ရွက်ရာတွင် “ဥပဒေအထက်တွင် မည်သူမျှမရှိစေရ” ဟူသော ဆောင်ပုဒ်နှင့်အညီ ဝံသာနုဒီမိုကရက်တစ်ပါတီမှ အထူးဦးစားပေး ဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့နိုင်ငံ၏ ပညာရေးကဏ္ဍအပေါ် အမြင်သဘောထားကို ဆက်လက်တင်ပြလိုပါတယ်-

- ပညာရေးနှင့် ကြံ့ခိုင်ရေးကို မျှတစွာ သင်ကြားပေးပြီး ခေတ်နှင့်လျော်ညီသော အမျိုးသားပညာရေးကို နိုင်ငံတကာပညာရေးနှင့် လိုက်လျောညီထွေရှိစေရန် အစဉ်လေ့ကျင့်ပြုစုပျိုးထောင်ပေးသွားပါမယ်။
- အာဂုံဆောင်ပညာရေးထက် အသိအတွေးနှင့် ကျောင်းသားကို ဗဟိုပြုသောပညာရေးကို ပုံဖော်လေ့ကျင့်ပြုစုပျိုးထောင်ပေးသွားပါမယ်။
- ကျောင်းပြင်ပ ပညာရေးနှင့် အသက်မွေးမှု ရပ်တည်နိုင်သော နိုင်ငံတကာအဆင့်မီ သင်တန်းကျောင်းများဖွင့်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ဦးထိပ်ထား ဆောင်ရွက်သွားပါမယ်။

ကျန်းမာရေးအပေါ်သဘောထားကိုလည်း ဆက်လက်တင်ပြလိုပါတယ်-

- နိုင်ငံတစ်ဝှမ်းလုံး ကျေးလက်ဒေသများ အပါအဝင် အခမဲ့ဆေးကုသခွင့် ရရှိစေရေး အလေးထားဆောင်ရွက်သွားပါမယ်။
- ဆေးဝါးပြည့်စုံရေး၊ ခေတ်မီကုသရေး၊ ကိရိယာပြည့်စုံရေး၊ ကျွမ်းကျင်ပညာရှင်များ လုံလောက်ရေးတို့ကိုလည်း ဆောင်ရွက်သွားပါမယ်။

ပြည်သူ့ကျန်းမာရေးအစ စာသင်ကျောင်းကဟူသော ဆောင်ပုဒ်နှင့်အညီ အားကစားနှင့် ကာယပညာကို ခေတ်မီတိုးတက်စွာ သိနားလည်စေရေး ပညာပေးဆောင်ရွက်သွားပါမယ်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ပြောကြားချင်ပါတယ်-

- ကျေးလက်ဒေသများမှာ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး အပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့ပြများနှင့် ကွာဟမှုမဖြစ်စေရန် အလေးထားဆောင်ရွက်သွားပါမယ်။

တောင်သူလယ်သမားများအပေါ် သဘောထားကို ဆက်လက်တင်ပြချင်ပါတယ်-

- ကျွန်တော်တို့တိုင်းပြည်ဟာ စိုက်ပျိုးရေးကိုအခြေခံသည့် တိုင်းပြည်ဖြစ်သည်နှင့်အညီ တောင်သူလယ်သမားတို့၏ စိုက်ပျိုးစရိတ်အပါအဝင် အခြားလိုအပ်သော“တောင်သူလိုအပ်ချက်များ”ကို အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးမယ်။
- စိုက်ပျိုးရရှိသော သီးနှံများအတွက် အာမခံရှိသော ကောက်ပဲသီးနှံဈေးကွက်ကိုမြှင့်တင်နိုင်ဖို့ ဖော်ဆောင်ပေးပါမယ်။



မျိုးဆက်သစ်လူငယ်များအပေါ် ထားရှိမည့်သဘောထားကိုဆက်လက်တင်ပြချင်ပါတယ်-

- နိုင်ငံတာဝန်များကို ပခုံးပြောင်း တာဝန်ယူကြရမည့် လူငယ်များကို အသိပညာရှင်၊ အတတ်ပညာရှင်၊ လူတော်/ လူကောင်းများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးပါမယ်။

အမျိုးသမီးရေးရာအပေါ် သဘောထားကို ဆက်လက်တင်ပြလိုပါတယ်-

- အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပိုမိုဖွံ့ဖြိုးလာအောင် ဆောင်ရွက်သွားပါမယ်။
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်စေပြီး အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိစေရပါမယ်။
- ဘက်ပေါင်းစုံထူးချွန်သော အမျိုးသမီးခေါင်းဆောင်များ ပေါ်ထွက်လာအောင် အလေးထားဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့ပါတီရဲ့ တပ်မတော်အပေါ် သဘောထားများကိုလည်း ဆက်လက်တင်ပြချင်ပါတယ်-

- မြန်မာ့တပ်မတော်ဟာ တို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အစဉ်အလာကြီးမားတဲ့ မျိုးချစ်တပ်မတော်အဖြစ် ရပ်တည်စေလျက် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးအပေါ် အဓိကတာဝန်ယူဆောင်ရွက်မည့် တစ်ခုတည်းသော တပ်မတော်အဖြစ် ရပ်တည်ခွင့်ရှိစေရပါမယ်။
- တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာလက်တွဲနိုင်ရေး အစဉ်ကြိုးစားဆောင်ရွက်သွားပ့ါမယ်။

ပရဟိတအဖွဲ့များ၏ အခန်းကဏ္ဍများအပေါ် သဘောထားကိုလည်း တင်ပြပါရစေ-

ကျွန်တော်တို့နိုင်ငံရဲ့ ပရဟိတလူမှုကူညီရေးအဖွဲ့များသည် နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြည်သူ့ဘဝတို့တွင် မရှိမဖြစ် အထောက်အကူပြုနေသော အဖွဲ့အစည်းများ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ၎င်းပရဟိတအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အဆင့်မြင့်ဆောင်ရွက်လာစေရန် လိုအပ်ချက်များကို ကျွန်တော်တို့ ဝံသာနုဒီမိုကရက်တစ်ပါတီက စွမ်းစွမ်းတမံ ကူညီဆောင်ရွက်သွားပါမယ်။

ပြည်တွင်းငြိမ်းချမ်းရေးအပေါ် သဘောထားကို ဆက်လက်တင်ပြလိုပါတယ်-

- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်(NCA)ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံး လက်မှတ်ရေးထိုးရေးကိစ္စ မဖြစ်မနေ ဆောင်ရွက်သွားကြပါရန်။
- တိုင်းရင်းသားကိုယ်စားလှယ်များဖြင့် ပြည်နယ်အစိုးရကို ဖွဲ့စည်းနိုင်စေပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို ကိုယ်တိုင်စီမံခန့်ခွဲခွင့် ရရှိစေရန် သဘောထားရှိကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အားဖြင့်

“တိုင်းကျိုးပြည်ပြု ဝံသာနု”ဟူသော ဆောင်ပုဒ်နှင့်အညီ မပြောင်းလဲသော အပြောင်းအလဲအတွက် အမှန်တကယ် ပြောင်းလဲဖို့ ဝံသာနုဒီမိုကရက်တစ်ပါတီကို မဲပေးကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျာ...။

**ကျေးဇူးတင်ပါတယ်။**

# မဲပေးပိုင်ခွင့်ရှိသူများ မဲဆန္ဒရှင်စာရင်းတွင် အားလုံးပါဝင်နိုင်ရေး ဆောင်ရွက်

**ပင်လောင်း စက်တင်ဘာ ၁၂**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူများ မဲဆန္ဒရှင်စာရင်းတွင် အားလုံးပါဝင်နိုင်ရေးအတွက် ပင်လောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လုပ်ငန်းများ ယနေ့ဆောင်ရွက်သည်။

**ပြည်သူအားလုံးပါဝင်နိုင်ရေး**

ပထမအကြိမ်တွင် ကပ်ထားကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းများတွင် ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-က)တို့ဖြင့် လျှောက်ထားလာသော မဲဆန္ဒရှင်စာရင်းများ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး ပါဝင်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းများ စစ်ဆေးထားရှိမှုအား မူလမဲစာရင်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသည့် မဲစာရင်းများကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက တိုက်ဆိုင်စစ်ဆေး၍ ဒုတိယအကြိမ် ကပ်ထားကြေညာမည့် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စွာ ကပ်ထားကြေညာနိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းများ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း(ပင်လောင်း)**

# စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာ

**ရန်ကုန်တိုင်းနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားပါတယ်။ ဒါကို တင်းကျပ်တယ်လို့ တချို့က ထင်ပါလိမ့်မယ်။ ဒါပေမယ့်လည်း ဒီလိုတင်းတင်းကျပ်ကျပ်နဲ့ နှစ်ပတ်၊ သုံးပတ်လောက် လိုက်နာလိုက်မယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို ထိန်းချုပ်နိုင်မယ့် အခြေအနေကို ရောက်လာမှာပါ။ အဲဒါကြောင့် အားလုံးကနေပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြပါ။ စည်းဆိုကတည်းက စည်းဆိုတာ ဘာလဲဆိုတာစဉ်းစားပါ။ စည်းဆိုတာ နံပါတ်(၁)က ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ အပြင်ကလူတွေကိုလည်း ကာကွယ်ဖို့ဖြစ်ပါတယ်။ ကိုယ် စည်းမျဉ်းစည်းကမ်းကို လိုက်နာခြင်းအားဖြင့် ပထမဦးဆုံး ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရာရောက်ပါလိမ့်မယ်။**



(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၀ ရက်နေ့တွင် COVID-19 ရောဂါပြန့်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေးနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၁-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ(၉၈၁)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ(၉၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ(၂၈၃)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ(၁၆၃)ခု၊
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁,၀၀၀) ဓာတ်ခွဲနမူနာ(၁၂)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၂)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၉)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၂၂)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁၂)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၆)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၃)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၃)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၅)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၄)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၃)ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၂)ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၆၃၄)ခုတို့အား ထပ်မံ စစ်ဆေးပြီးစီးခဲ့ရာ-

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂၃) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂,၄၄၅)ဦးရှိပြီ ဖြစ်ပါသည်။

၃။ (၁၁-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၂,၀၀၁)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၄၁၂)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၅၄၇)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၃၁၈)ခု၊
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၇၁၈)ခု
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁,၀၀၀) ဓာတ်ခွဲနမူနာ(၁၂)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၂)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၉)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၂၂)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁၂)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၆)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၃)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၃)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၅)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၄)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၃)ခု
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၂)ခုနှင့်
- စုစုပေါင်း (၄,၁၀၉)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၁၈၀)ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာ(၁၅၇)ဦး တွေ့ရှိကြောင်းကို (၁၁-၉-၂၀၂၀) ရက်နေ့၊ ည(၈:၀၀)နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၉၈၁) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(DMR)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ | (၉၄)ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ | (၂၈၃)ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ | (၁၆၃)ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁,၀၀၀) ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ | (၂၉) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ | (၂၂) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ | (၆) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ | (၃) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ | (၃) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ | (၅) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ | (၄) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ | (၃) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မြို့မှ ဓာတ်ခွဲနမူနာ | (၂) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁,၆၃၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂၃) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂၃) ဦး | (၂,၄၄၅) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ (discharged) | (၀) ဦး | (၆၂၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၁၄) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဟသ်ာတခရိုင်၌ ကိုဗစ်-၁၉ ရောဂါကာလစီးပွားရေးကုစားမှုအစီအစဉ်များ ဆောင်ရွက်

**ဟသ်ာတ စက်တင်ဘာ ၁၂**

ဟသ်ာတခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာလစီးပွားရေးကုစားမှုအစီအစဉ်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Cash for Work စီမံကိန်းအား ဇူလိုင်လမှ စက်တင်ဘာလ ပထမပတ်အတွင်း ဆောင်ရွက်ခဲ့ရာ ခရိုင်အတွင်းရှိ ကျေးရွာ ၅၇ ရွာရှိ အကျိုးခံစားခွင့်ရှိသော အိမ်ထောင်စု ၄၅၇၁ စုသို့ လုပ်အားခ ငွေကျပ် ၃၅၃ ဒသမ ၂၄ သန်းအား ထောက်ပံ့ပေးနိုင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လမ်းအဆင့်မြှင့်တင်ခြင်း ၇၅ လမ်း (၂၃ ဒသမ ၅ မိုင်)၊ ကွန်ကရစ် ဘီးလမ်း ၉ လမ်း(၁ ဒသမ ၄ မိုင်)၊ Box Culvert နှစ်စင်း ပြုပြင်ခြင်းလုပ်ငန်းတစ်ခု၊ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ၂၅ ခု(၁၆ ဒသမ ၁ မိုင်)၊ မြေထိန်းနံရံ ပြုလုပ်ခြင်းလုပ်ငန်းတစ်ခု (သုည ဒသမ ၁ မိုင်)၊ မြေသား ရေကန်ပြုပြင်ခြင်း လုပ်ငန်းလေးခုနှင့် ကျေးရွာပိုင် အားကစားကွင်း ပြုပြင်ခြင်းလုပ်ငန်း တစ်ခု စုစုပေါင်းလုပ်ငန်းခွဲ ၁၁၆ ခုအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လုပ်အားခနှင့် ပစ္စည်းတန်ဖိုး ငွေကျပ်သန်း ၅၇၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၉၆ သန်း စုစုပေါင်း ငွေကျပ် ၅၈၀ ဒသမ ၉၆ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ

## ဇလွန်မြို့နယ်၌ ဒုတိယအကြိမ် ငါးသားပေါက်များ စုရပ်အရောက် သွားရောက်ပေးအပ်

**ဇလွန် စက်တင်ဘာ ၁၂**


ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူး၍ ဇလွန်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကိုဗစ်-၁၉ ကာလစီးပွားရေးကုစားမှုအစီအစဉ်အရ ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ငါးသားပေါက်များထောက်ပံ့ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယမန်နေ့က ဒုတိယအကြိမ် ငါးမွေးတောင်သူ ၆၇ ဦး၏ ငါးမွေးကန် ဧက ၂၃၇ ဒသမ ၂၆၂ အတွက် ငါးသားပေါက်ကောင်ရေ ၄၇၄၅၂၄ ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့်လွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းဇော်နှင့်ဝန်ထမ်းများက ငါးမွေးတောင်သူများ လက်ဝယ်သို့ ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်













# ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၇၃ ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၂၅၉၅ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၇၃ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၅၉၅ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၂၅၉၅ ဦးအနက် သေဆုံးသူ ၁၆ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၆၇၆ ဦးနှင့် စက်တင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁၂ ရက်မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၃၁ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၉၁၆၉၆ | ၂၅၉၅ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၆၇၆ | ၁၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၉၁၆၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၆၇၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန    ၁၂-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၆၃၉၃၄၄ | ၃၉၁၈၈၁၀ | ၁၉၇၄၇၂ |
| ၂။ | အိန္ဒိယ | ၄၆၈၈၄၇၀ | ၃၆၄၈၅၃၄ | ၇၇၇၆၈ |
| ၃။ | ဘရာဇီး | ၄၂၈၃၉၇၈ | ၃၅၃၀၆၅၅ | ၁၃၀၄၇၄ |
| ၄။ | ရုရှား | ၁၀၅၇၃၆၂ | ၈၇၃၅၃၅ | ၁၈၄၈၄ |
| ၅။ | ပီရူး | ၇၁၆၆၇၀ | ၅၅၂၂၀၄ | ၃၀၄၇၀ |
| ၆။ | ကိုလံဘီယာ | ၇၀၂၀၈၈ | ၅၈၂၆၉၄ | ၂၂၅၁၈ |
| ၇။ | မက္ကဆီကို | ၆၅၈၂၉၉ | ၄၆၃၇၆၄ | ၇၀၁၈၃ |
| ၈။ | တောင်အာဖရိက | ၆၄၆၃၉၈ | ၅၇၄၅၈၇ | ၁၅၃၇၈ |
| ၉။ | စပိန် | ၅၇၆၆၉၇ | စိစစ်ဆဲ | ၂၉၇၄၇ |
| ၁၀။ | အာဂျင်တီးနား | ၅၃၅၇၀ | ၄၀၉၇၇၁ | ၁၁၂၀၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၂၅၇၈၆၃ | ၁၈၇၁၁၆ | ၄၂၉၂ |
| ၂။ | အင်ဒိုနီးရှား | ၂၁၀၄၇၄၆ | ၁၅၂၄၅၈ | ၈၆၅၀ |
| ၃။ | စင်ကာပူ | ၅၇၃၅၇ | ၅၆၆၀၇ | ၂၇ |
| ၄။ | မလေးရှား | ၉၈၆၈ | ၉၁၈၉ | ၁၂၈ |
| ၅။ | ထိုင်း | ၃၄၆၆ | ၃၃၁၂ | ၅၈ |
| ၆။ | မြန်မာ | ၂၅၉၅ | ၆၇၆ | ၁၆ |
| ၇။ | ဗီယက်နမ် | ၁၀၆၀ | ၉၀၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၄ | ၂၇၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၁ | ၀ |

# ဖားကန့်မြို့၌ ပထမဆုံး ကိုဗစ်-၁၉ လူနာတွေ့ရှိသည့် တောင်ပြိုရွာသို့ အထောက်အပံ့ပစ္စည်းများ ရောက်ရှိ

**ဖားကန့် စက်တင်ဘာ ၁၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၏ ပထမဦးဆုံး ကိုဗစ်-၁၉ လူနာနေထိုင်ခဲ့သည့် တောင်ပြိုကျေးရွာကို ယမန်နေ့ည ၇ နာရီခွဲတွင် အသွားအလာကန့်သတ်ထားရှိခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ကျေးရွာသူ ကျေးရွာသားများအတွက် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ စတင်ရရှိခဲ့ကြောင်း တောင်ပြိုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းရွှေက ပြောသည်။

တောင်ပြိုကျေးရွာရှိ ရွာသူရွာသားများအတွက် ဖားကန့်မြို့နယ်အခြေစိုက် ပရဟိတအသင်းများဖြစ်ကြသည့် ပါရမီလူမှုကူညီရေးအသင်း၊ ကွန်းဖောင်ဒေးရှင်းနှင့် ပြင်ပ အလှူရှင်များအပါအဝင် အခြေခံ စားကုန်များနှင့် ငွေသားအလှူများ လာရောက်လှူဒါန်းခဲ့ကြရာ ယနေ့ အလှူစုစုပေါင်း ငွေကျပ်သိန်း ၇၀ ကျော်ဖိုးခန့်ရှိကြောင်း၊ အဆိုပါ ကူညီထောက်ပံ့မှုပစ္စည်းများကို တောင်ပြိုကျေးရွာ ဂိတ်တံခါးတွင် မိုးကာများအပေါ် စုပုံထားရှိကာ ပိုးသတ်ဆေးများ ပက်ဖျန်းပြီးမှ ရွာတွင်းသို့ သယ်ယူစေကြောင်း၊ လက်ရှိအချိန်၌ ရောဂါပိုး တွေ့ရှိသူနှင့် အဓိက ဆက်နွှယ်သူ ၂၀ တို့ကို ကျေးရွာ၏ ဗုဒ္ဓယဉ်ကျေးမှုဓမ္မစကူလ်းကျောင်း၌ အသွားအလာကန့်သတ်ထားကြောင်း ၎င်းက ပြောသည်။

တောင်ပြိုကျေးရွာသည် ဖားကန့်မြို့နယ်ရှိ မော်ရွာတစ်ရွာဖြစ်ပြီး အိမ်ထောင်စု ၃၄၈ စု၊ လူဦးရေ ၁၈၀၀ ကျော်နေထိုင်လျက်ရှိသည်။ အဆိုပါ ပိုးတွေ့လူနာသည် စစ်တွေ၊ ရန်ကုန်၊ မြစ်ကြီးနား၊ ဖားကန့်မြို့တို့သို့ ခရီးသွားရာဇဝင်ရှိခဲ့သည့်အပြင် ကန့်သတ်စောင့်ကြည့်မှုမခံယူမီကလည်း ပြင်ပ၌ ၂၀ ရက်ကြာ ဒေသတွင်းသွားလာမှုများရှိခဲ့သူဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။ **ဆုမြတ်**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၂-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀)နာရီ**

၁။ (၁၁-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာစုစုပေါင်း (၄,၁၀၉)ခုအနက် အတည်ပြု လူနာ(၁၈၀)ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံမြို့နယ် | ၂ |
| | | မဟာအောင်မြေမြို့နယ် | ၁ |
| | | အောင်မြေသာဇံမြို့နယ် | ၂ |
| | | အမရပူရမြို့နယ် | ၂ |
| | | ပုသိမ်ကြီးမြို့နယ် | ၂ |
| | | ချမ်းမြသာစည်မြို့နယ် | ၁ |
| | | ချမ်းအေးသာဇံမြို့နယ် | ၁ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | တာမွေမြို့နယ် | ၁၃ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၁၅ |
| | | မင်္ဂလာဒုံမြို့နယ် | ၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၂ |
| | | လှိုင်မြို့နယ် | ၆ |
| | | အလုံမြို့နယ် | ၃ |
| | | တောင်ဥက္ကလာပမြို့နယ် * | ၉ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၉ |
| | | သာကေတမြို့နယ် | ၈ |
| | | ရန်ကင်းမြို့နယ် | ၁ |
| | | မရမ်းကုန်းမြို့နယ် | ၃ |
| | | စမ်းချောင်းမြို့နယ် | ၁ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၂ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁ |
| | | ရွှေပြည်သာမြို့နယ် | ၂ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၁ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၈ |
| | | လမ်းမတော်မြို့နယ် | ၆ |
| | | လှည်းကူးမြို့နယ် | ၁ |
| | | ဗိုလ်တထောင်မြို့နယ် | ၄ |
| | | လှိုင်သာယာမြို့နယ် * | ၈ |
| | | အင်းစိန်မြို့နယ် * | ၆ |
| | | ကျောက်တံတားမြို့နယ် | ၂ |
| | | လသာမြို့နယ် | ၁ |
| | | ဗဟန်းမြို့နယ် | ၁ |
| | | ဒေါပုံမြို့နယ် | ၁ |
| | | ကမာရွတ်မြို့နယ် | ၁ |
| | | ခရမ်းမြို့နယ် | ၂ |
| | | သန်လျင်မြို့နယ် | ၁ |
| | | တွံတေးမြို့နယ် | ၂ |
| ၃ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၄ |
| | | ကျောက်ဖြူမြို့နယ် | ၂ |
| | | ပေါက်တောမြို့နယ် * | ၁ |
| ၄ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ် | ၁၈ |
| | | မုဒုံမြို့နယ် | ၁ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့နယ် | ၁ |
| | | ကဝမြို့နယ် | ၂ |
| ၆ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ပျဉ်းမနားမြို့နယ် * | ၁ |
| | | ဇမ္ဗူသီရိမြို့နယ် | ၄ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ကြံခင်းမြို့နယ် * | ၂ |
| | | ကျောင်းကုန်းမြို့နယ် | ၂ |
| | | မြောင်းမြမြို့နယ် | ၁ |
| | | ဖျာပုံမြို့နယ် | ၂ |
| ၈ | မကွေးတိုင်းဒေသကြီး | မကွေးမြို့နယ် | ၁ |
| | | မင်းလှမြို့နယ် | ၁ |
| | စုစုပေါင်း | | ၁၈၀ |

* တောင်ဥက္ကလာပမြို့နယ်မှ (၄) ဦး၊ လှိုင်သာယာမြို့နယ်မှ (၁) ဦး၊ အင်းစိန်မြို့နယ်မှ (၁) ဦး၊ ကြံခင်းမြို့နယ်မှ (၁) ဦးနှင့် ပျဉ်းမနားမြို့နယ်မှ (၁) ဦးတို့သည် ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာ ကန့်သတ်ထားရှိပါသည်။

၂။ COVID-19 ကုသရေးဌာန(ဖောင်ကြီး)တွင် တက်ရောက်ကုသမှု ခံယူလျက်ရှိသော အသက် (၃၂)နှစ်အရွယ် အမျိုးသမီး(Case 2165)သည် ပြင်းထန်အဆုတ်ရောင် ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်းပျက်စီးခြင်းနှင့် အရေပြားလေးဘက်နာရောဂါ အခံကြောင့် ကျောက်ကပ်ပျက်စီးခြင်းတို့ဖြင့် (၁၁-၉-၂၀၂၀) ရက်နေ့၊ ညနေ (၄:၁၅) အချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူစုစုပေါင်း (၁၅)ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ယခုနှစ်အထွက်နှုန်းနည်းပါးသည့် ခရမ်းချဉ်သီးဈေးနှုန်း ၁၀ စုနှစ်တစ်စုအတွင်း အမြင့်ဆုံးဈေးရောက်

**မန္တလေး စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများမှ ပေါ်ဦးပေါ်ဖျားစတင်ထွက်ရှိလာသည့် ခရမ်းချဉ်သီးဈေးနှုန်းများ အထွက်နှုန်းနည်းပါးသဖြင့် ၁၀ စုနှစ်တစ်စုအတွင်း မဖြစ်ပေါ်ခဲ့သည့် အမြင့်ဆုံးဈေးသို့ ရောက်ရှိနေကြောင်း ပြင်ဦးလွင်မြို့နယ်မှ ခရမ်းချဉ်သီးစိုက်တောင်သူ ဦးဝင်းထွန်းက ပြောကြားသည်။



ယခုရက်ပိုင်းအတွင်းထွက်ရှိလာသည့် ခ ရမ်းချဉ်သီးများအား မန္တလေးမြို့ရှိဒိုင်များမှ အကောင်းဆုံး(ထိပ်စ) တစ်ပိဿာလျှင် ကျပ် ၁၆၀၀ မှ ကျပ် ၁၇၀၀နှုန်းဖြင့်လည်းကောင်း၊ အညံ့ဆုံးအသီးတစ်ပိဿာလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့်လည်းကောင်း အဖွင့်ဈေးကောင်းဖြင့် ဝယ်ယူလျက်ရှိကြောင်း သိရသည်။

''ခရမ်းချဉ်သီးက လက်ရှိကာလမှာ တောင်ပေါ်သီးလို့ ခေါ်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းဒေသတွေကပဲ စပြီးထွက်လာတဲ့အပြင် ပြီးခဲ့တဲ့ရက်ပိုင်းတွေက မိုးခေါင်တဲ့အတွက် အသီးအထွက်နှုန်းလည်းနည်းသလို ကိုဗစ်-၁၉ ရောဂါကြောင့် တောင်သူတွေအနေနဲ့ စိုက်ပျိုးမှုကိုလျှော့ချလိုက်တာလည်း ပါတာပေါ့။ ဒါကြောင့် ဝယ်လိုအားနဲ့ ရောင်းလိုအား မမျှတဲ့အတွက် ဈေးကောင်းရကြတာပါ။ ကျွန်တော်တို့ ပြင်ဦးလွင်မှာလည်း စိုက်ထားတာ အခုမှ ၁၅ ရက်သားလောက်ပဲရှိသေးတယ်။ ဒီနှစ်ပေါက်ဈေးကတော့ ကျွန်တော်တို့ ခရမ်းချဉ်သီးစိုက်တောင်သူတွေအတွက် လွန်ခဲ့တဲ့နှစ်ပေါင်း လေးငါးဆယ်အတွင်းမှာ တစ်ခါမှ မဖြစ်ပေါ်ဖူးသေးတဲ့ အမြင့်ဆုံးဈေးပါပဲ။ ခရမ်းချဉ်သီးက အစောဆုံးဩဂုတ်လကုန်ပိုင်းလောက်မှာ စထွက်ပြီး နတ်တော်၊ ပြာသိုမှာ လှိုင်လှိုင်ထွက်လေ့ရှိပါတယ်" ဟု ၎င်းကပြောကြားသည်။

မန္တလေးမြို့ရှိဈေးများတွင် ယခင်က လက်လီဈေးအဖြစ် ခရမ်းချဉ်သီး ၂၅ ကျပ်သားကို ငွေကျပ် ၃၀၀ နှုန်းသာ အမြင့်ဆုံးရောင်းချခဲ့ရသော်လည်း ယခုရက်ပိုင်းတွင် အရည်အသွေးပေါ်မူတည်၍ ကျပ် ၅၀၀မှ ကျပ် ၆၅၀အထိ မြင့်တက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ခရမ်းချဉ်သီးကို စိုက်ပျိုးသူများပြားလာသည့်အပြင် အထွက်နှုန်းလည်းကောင်းမွန်သည့်အတွက် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းမှစ၍ ဈေးနှုန်းများ တရိပ်ရိပ်ကျဆင်းလာခဲ့ပြီး မတ်လဆန်းတွင် တစ်ပိဿာလျှင် လက်ကားဈေးနှုန်းအဖြစ် ကျပ် ၂၀၀ ခန့်အထိ ကျဆင်းသွားခဲ့ရာ ၎င်းအချိန်ကာလတွင် ဈေးများ၌ လက်လီဈေးအဖြစ် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ CERP အစီအစဉ်ဖြင့် စိုက်ပျိုးပြီးဖြစ်

**ဝက်လက် စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ်မိုးစပါးရာသီတွင် ကိုဗစ်-၁၉ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်(CERP) ဖြင့် မျိုးစေ့ထုတ်ဧက ၁၅၀၀ကို စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ တောင်သူများအတွက် မျိုးသန့်စပါးလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဝက်လက်မြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၄၇ အုပ်စု၊ တောင်သူ ၄၂၅ ဦးတို့အား မျိုးသန့်စပါးစိုက်ပျိုးထုတ်လုပ်သည့် နည်းပညာများကို သင်တန်းပေးခဲ့သည်။ မျိုးကွဲစပါးများအနေဖြင့် ပေါ်ဆန်းရင် ဧက ၁၃၅၀၊ ရောမင်း ဧက ၅၀၊ ရက် ၉၀၊ ရက် ၁၀၀ ဧက စုစုပေါင်း ၁၅၀၀ ကိုစိုက်ပျိုးပြီးဖြစ်ကြောင်း၊ လာမည့်နှစ်မိုးရာသီတွင် ဝက်လက်မြို့နယ်အတွင်း မျိုးသန့်စပါးလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်နေကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးလှမိုးကျော်က ပြောကြားသည်။

**စိုးစိုးလှိုင်(ဝက်လက်)**

## သီးနှံအပင်များအထွက်နှုန်းတိုးစေသော ပိုက်ဆံလျှော် တစ်ကွင်းတစ်စပ်တည်း ၂၅ ဧကစိုက်ပျိုး

**မိတ္ထီလာ စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ကုန်ကျစရိတ်သက်သာပြီး ဒေသခံတောင်သူများအတွက် သီးနှံအပင်များ ကြီးထွားမှုမြန်ဆန်ပြီး အထွက်နှုန်းတိုးစေသော ပိုက်ဆံလျှော်ကို ညောင်ဖောက်ကျေးရွာကွင်းအမှတ် (၅၇၃)ရှိ တောင်သူ ဦးကျော်ဆွေ၏ လျှော်ဖြူပင်နှင့် သရက်ပင်စိုက်ခင်းစိုက်ဧက ၂၅ ဧကတွင် စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သီးနှံများအထွက်နှုန်းတိုးစေရေး ဓာတ်မြေဩဇာများသုံးစွဲမှုကြောင့် မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာဂုဏ်သတ္တိများ ထိခိုက်လာခြင်းကြောင့် စိုက်ခင်းများအတွင်း သဘာဝမြေဩဇာများဖြည့်စွက်ရန် လိုအပ်လျက်ရှိသည်။ ထိုသို့လိုအပ်လျက်ရှိသော သဘာဝမြေဩဇာများကို ကျွဲနွားတိရစ္ဆာန်များ၏ စွန့်ပစ်အညစ်အကြေးများမှလည်းကောင်း၊ သီးနှံပင်များ၏ အကြွင်းအကျန်များမှလည်းကောင်း၊ သဘာဝသစ်စိမ်းမြေဩဇာများမှလည်းကောင်း အသီးသီးပြန်လည်ရရှိနိုင်ရာမှ ဒေသခံတောင်သူများအနေဖြင့် ကုန်ကျစရိတ်သက်သာပြီး သီးနှံပင်များကြီးထွားမှုမြန်ဆန်သည့် ပိုက်ဆံလျှော်ကို သဘာဝသစ်စိမ်းမြေဩဇာအဖြစ်စိုက်ပျိုးပါက မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိကို ပြောင်းလဲစေနိုင်ခြင်း၊ သီးနှံအပင်မှ အလွယ်တကူစားသုံးနိုင်ခြင်း၊ လေထဲမှ နိုက်ထရိုဂျင်ကို မြေအတွင်းသို့ ရရှိစေခြင်း၊ သီးနှံစိုက်ခင်းတွင် မြက်များ အလွယ်တကူမပေါက်ရောက်နိုင်ခြင်းနှင့် ကုန်ကျစရိတ်သက်သာပြီး သီးနှံအပင်အတွက် အနည်းလိုအာဟာရဓာတ်များရရှိနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမောင်မောင်ငြိမ်းထံမှ သိရသည်။

သဘာဝသစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုနိုင်ရန် ပိုက်ဆံလျှော်ကို စိုက်ပျိုးရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် လျှော်ဖြူပင်နှင့် သရက်ပင်စိုက်ခင်းစိုက်ဧက ၂၅ ဧကတွင် ပိုက်ဆံလျှော်မျိုးစေ့ ခြောက်တင်းဖြင့် ဇူလိုင် ၁၀ ရက်က စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ၄၅ ရက်ပြည့်၍ သဘာဝမြေဩဇာပြုလုပ်လျက်ရှိကြောင်း၊ ပိုက်ဆံလျှော်စိုက်ပျိုးခြင်းကြောင့် မြက်ပင်များပေါက်ရောက်မှုနည်းပါးသွားကြောင်း တောင်သူ ဦးကျော်ဆွေက ပြောကြားသည်။

ကျေးရွာ ၁၄ ရွာမှ တောင်သူ ၁၅ ဦးက ပိုက်ဆံလျှော်ကို သဘာဝသစ်စိမ်းမြေဩဇာအဖြစ် စိုက်ပျိုးဧက ၅၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

## စပါးမျိုးစေ့ပက်ကြဲစိုက်ခင်းများ၌ စပါးစိုက်တောင်သူများအား သရုပ်ပြ

**ကျောက်ဆည် စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)မှ ထွန်စက်ဖြင့် တွဲဖက်အသုံးပြုရသော စိုက်တန်းဖော်၊ ကြားပေါင်းလိုက် ကိရိယာအား စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက ရဲမအူကျေးရွာ တောင်သူဦးမင်းအောင်၏ ကွင်းအမှတ် (၂၈၅) စပါးစိုက်ခင်းတွင် သရုပ်ပြပွဲပြုလုပ်ခဲ့သည်။

"ကျွန်တော်တို့ကျောက်ဆည်မြို့နယ်က တချို့စပါးစိုက်တောင်သူတွေက အကြောင်းအမျိုးမျိုးကြောင့် စပါးစိုက်ရာမှာ ပျိုးထောင်ပြီး ပြောင်းရွှေ့စိုက်ပျိုးခြင်းတွေ မလုပ်ကြတော့ဘဲ တိုက်ရိုက်မျိုးစေ့ပက်ကြဲစနစ်နဲ့ စိုက်ပျိုးကြပြီး တစ်လခွဲသားအရွယ်ရောက်မှ ထွန်တိုက်ပြီး သားခွဲခြင်း၊ လေဝင်လေထွက်ကောင်းအောင် ဆောင်ရွက်ကြတယ်၊ ထွန်တိုက်တဲ့အခါလေဝင်လေထွက်ကောင်းတဲ့ စပါးစိုက်တန်းတွေကောင်းကောင်းမပေါ်တော့ စပါးထွက်နှုန်းကျဆင်းမှုတွေနဲ့ ကြုံနေရပါတယ်၊ ဒါကြောင့် စပါးထွက်နှုန်းမြင့်တက်လာအောင် ကျွန်တော်တို့ ဌာနကနေ ထွန်စက်နဲ့တွဲဖက်အသုံးပြုရတဲ့ စိုက်တန်းဖော်၊ ကြားပေါင်းလိုက်စက်ကို တီထွင်ထုတ်လုပ်ပြီး တောင်သူတွေကို လက်တွေ့သရုပ်ပြတာပါ "ဟု မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)မှ စက်ရုံမှူး ဦးကျော်စိုးက ပြောကြားသည်။

အဆိုပါကိရိယာသည် တိုက်ရိုက်ပက်ကြဲစပါးခင်းများတွင် အသုံးပြုခြင်းအားဖြင့် စပါးခင်းတစ်လခွဲသားအရွယ်တွင် ပေါင်းသတ်ဆေးဖျန်းခြင်း၊ ပေါင်းနုတ်စရိတ်များနှင့် ထွန်တိုက် သားခွဲခြင်းစရိတ်များ သက်သာခြင်းအပြင် အချိန်ကုန်သက်သာစေခြင်း၊ စပါးပင်များ စိုက်တန်းပေါ်ကာ လေဝင်လေထွက်ကောင်းပြီး မြေသားများဆွပြီးသားဖြစ်ကာ အပင်ဖြစ်နှုန်းမြန်ပြီး အထွက်နှုန်းပိုမိုထွက်ရှိလာမည် ဖြစ်သည်။

**သက်မောင်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာလ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေမည့် ငွေနှင်းမှို

**မန္တလေး စက်တင်ဘာ ၁၂**

မှိုသည် မြန်မာတစ်နိုင်ငံလုံးစားသုံးသည့် အစားအစာတစ်မျိုးဖြစ်ရာ မှိုစိုက်ပျိုးခြင်းသည် ဝင်ငွေရရှိစေနိုင်သော စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရသည့်အချိန်ကာလတွင် Home Garden စိုက်ပျိုးကာ ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေမည်ဖြစ်ကြောင်းနှင့် ဘားအံမြို့ စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်) တွင်လည်း ဝန်ထမ်းမိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိကြောင်း ကျောင်းအုပ်ကြီး ဒေါ်ကြည်ကြည်ချိုထံမှ သိရသည်။



မှိုထုပ်ပြုလုပ်ရောင်းချသူများထံမှ ငွေနှင်းမှိုမျိုးတစ်ထုပ်လျှင် အလေးချိန် ၆၀ ကျပ်သားရှိသည့် ခြောက်လက်မ ၁၂ လက်မအရွယ်ခန့်ရှိ မှိုထုပ်များဝယ်ယူပြီး နေပူတိုက်ရိုက်မကျခြင်း၊ အစိုဓာတ်ထိန်းထားနိုင်သည့် လေပြင်းစွာတိုက်ခတ်မှုမရှိဘဲ လေဝင်လေထွက်ကောင်းသည့်နေရာတွင် ထားရှိပေးရကြောင်း သိရသည်။

မှိုမျိုးထုပ်၏ထိပ်ဝမျက်နှာပြင်ဖွင့်ပေးခြင်း၊ အထုပ်ဘေးပတ်လည်ပလတ်စတစ်ကို နှစ်လက်မခန့် ခွဲပေးထားခြင်း၊ မှိုမျိုးထုပ်များကို နေ့စဉ်ရေပန်းခရားဖြင့်ညင်ညင်သာသာလေး ရေလောင်းပေးခြင်းနှင့် မှိုမျိုးထုပ်များပုပ်ရိပျက်စီးမှုမရှိရန် ရေများများလောင်းခြင်း၊ ရေဝပ်စေခြင်းများမရှိရန် ဆောင်ရွက်ပေးရကြောင်း သိရသည်။

မှိုထုပ်များစဖွင့်ပြီး သုံးရက်မှ ခုနစ်ရက်အတွင်း မှိုပွင့်ငယ်လေးများထွက်ပေါ်လာပြီး လေးရက်ခန့်ကြာချိန်တွင် ခူးဆွတ်နိုင်၍ တစ်ထုပ်လျှင် မှိုအလေးချိန် ၂၀ ကျပ်သားခန့်ရရှိနိုင်ကြောင်း သိရသည်။

ထိုသို့ခူးဆွတ်ပြီးပါက မှိုထုပ်များကို ရေနှစ်ရက်ခန့်ဖြတ်ထားပြီး ရေပြန်လောင်းခြင်းဖြင့် ဒုတိယအကြိမ် မှိုပြန်ထွက်လာကာ ထပ်မံခူးဆွတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမှိုတစ်ထုပ်လျှင် သုံးကြိမ်မှ ငါးကြိမ်အထိ ခူးဆွတ်နိုင်မည်ဖြစ်သောကြောင့် နေအိမ်ခြံဝင်းအတွင်း နေရာကျယ်ဝန်းစွာမလိုဘဲ တစ်ပိုင်တစ်နိုင်အားဖြင့် မိမိတို့အရပ်ဒေသတွင် ဈေးကွက်ဖြန့်နိုင်သည့် အင်အားအလိုက် ငွေနှင်းမှိုထုပ်များ အထုပ်အရေအတွက်အလိုက် အသုတ်ခွဲကာ ရက်အလိုက် မွေးမြူစိုက်ပျိုးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကာလ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး Home Garden စိုက်ပျိုးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရောဂါပိုးတွေ့ရှိသူများ နေထိုင်သည့် မြို့နယ်များ၏ရပ်ကွက်များရှိ လမ်းများတွင် ကိုဗစ် -၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းအား ထိန်းချုပ်၊ ကာကွယ်နိုင်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် က(၅)လမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၃)ရပ်ကွက် မင်းရဲကျော်စွာလမ်း၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ် (၂၀)ရပ်ကွက် ငွေလမင်းလမ်း၊ လှည်းကူးမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် ရုံးဟောင်းလမ်း၊ မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်ကျေးရွာ ဝေဠုဝန်လမ်း၊မြောက်ဥက္ကလာပမြို့နယ် သန္တာ(၇)လမ်း၊ တောင်ဥက္ကလာပမြို့နယ် အနော်မာလမ်းတို့တွင် ယမန်နေ့က တစ်ပြိုင်နက်တည်း ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ပြည်သူများ စနစ်တကျလိုက်နာစေရေးနှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အသိပညာပေးနှိုးဆော်မှုများနှင့်အတူ နေအိမ်ပြင်ပ မဖြစ်မနေသွားလာသူများအား နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်စေရေး၊ လမ်းများအတွင်း ဝင်/ထွက်သွားလာသူတိုင်းအား ကိုယ်ပူချိန်တိုင်းတာ၍ စာရင်းသွင်း မှတ်သားဆောင်ရွက်ခြင်းများကို ဆောင်ရွက်ကြသည်။

ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးကာလအတွင်း လူစုလူဝေး မဖြစ်စေရေးအတွက် စက်တင်ဘာ ၈ ရက်မှစ၍ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ထမင်းဆိုင်များအား ဆိုင်ထိုင်စနစ်ဖြင့် ရောင်းချခြင်း မပြုလုပ်ဘဲ ပါဆယ်စနစ်ဖြင့်သာ ရောင်းချရန်၊ လမ်းဘေးဈေးရောင်းချသူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ရောင်းချရန်၊ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# ရွှေပြည်သာမြို့နယ်၌ တောင်သူလေးဦးအား ဒုတိယအကြိမ်မြောက် မြေယာလျော်ကြေး ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်း လယ်ယာမြေ သိမ်းဆည်းခံ တောင်သူများအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ဝါးတစ်ရာသစ်အခြေခံ စက်မှုဇုန်ဧရိယာမှ သိမ်းဆည်းလယ်မြေများအတွက် ဒုတိယအကြိမ် မြေယာလျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါ ဝါးတစ်ရာသစ် အခြေခံ စက်မှုဇုန်အတွင်းရှိ အမှတ်(၉) သစ်စက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်လင်း၊ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးညွန့်ဝေ၊ ရွှေပြည်သာမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဒုတိယအကြိမ် မြေယာလျော်ကြေးရရှိကြသည့် တောင်သူလေးဦးတို့အား မြေယာလျော်ကြေးငွေအဖြစ် တစ်ကေလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ဧက ၂၀ ဒသမ ၀၁ အတွက် ငွေကျပ်သိန်းပေါင်း ၂၀၀၁ ကို ပေးအပ်ခဲ့ပြီး တတိယအကြိမ်မြောက် မြေယာလျော်ကြေးကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာက ပြောကြားကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# ကရင်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၂**

(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းဝင်း၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့် ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၁၀၃ ဦးတို့သည် ယနေ့ နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၅)ရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**



# ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၃၀ ထပ်မံဝင်ရောက်

**ချင်းရွှေဟော် စက်တင်ဘာ ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ စက်တင်ဘာ ၁၀ ရက် ညနေ ၆ နာရီက ၂၉ ဦးနှင့် စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲ က တစ်ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၃၀ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၃၀ တို့မှာ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၄ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်မှ တစ်ဦး၊ ကုန်းကြမ်းမြို့နယ်မှ ၂၁ ဦး၊ လောက်ကိုင်မြို့နယ်မှ ငါးဦးနှင့် ဟိုပန်မြို့နယ်မှ တစ်ဦးတို့ ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော် နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ အမျိုးသား ၈၃၄၅ ဦးနှင့် အမျိုးသမီး ၆၇၂၇ ဦး တို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၅၀၇၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင် ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



# ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ထန်းတပင် စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှနိုင်၊ ထန်းတပင်မြို့မရဲစခန်းမှူး ဒုရဲမှူးနေလင်းအောင်ဦးစီး ရဲတပ်ဖွဲ့ဝင် အင်အား ၄၀ သည် (၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ နံနက်ပိုင်းက ထန်းတပင်မြို့ အောင်သုခရပ်ကွက်ရှိ ညောင်ဝိုင်းဘုန်းတော်ကြီးကျောင်းဝန်းအတွင်းနှင့် အပြင်လမ်းတို့တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ရေကြည်မြို့နယ်ရှိ ကြေးတိုင်အင်းများအတွင်း ငါးမျိုးများ စိုက်ထည့်

**ရေကြည် စက်တင်ဘာ ၁၂**

ငါးလုပ်ငန်းဦးစီးဌာနသည် ဂရန်အင်းများရေရှည်တည်တံ့ပြီး ငါးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက် နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်း)လုပ်ကိုင်ခွင့်များခွင့်ပြုပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ခုနှစ် အင်းလုပ်ငန်းရာသီတွင် ရေကြည်မြို့နယ်ရှိ ကြေးတိုင်လုပ်ကိုင်ခွင့်ရဂရန်အင်း သုံးအင်း၏ ငါးထုတ်လုပ်မှုတိုးတက်စေရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်းကို ရေကြည်မြို့နယ် အသုတ်မြို့ရှိ အသုတ်ချောင်းမကြီးအင်း၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြုလုပ်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ ရောဝတီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးသော်ထွန်းဦး၊ ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ ရေကြည်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုထွန်း၊ ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးလွင်နှင့်ဝန်ထမ်းများ၊ ကြေးတိုင်အင်း စီစစ်ရေးကော်မတီဝင် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စည်ပင်ကော်မတီဥက္ကဋ္ဌနှင့် အင်းသားကြီးများ တက်ရောက်ပြီး ကြေးတိုင်အင်း သုံးအင်းအတွက် တလုပ်လှငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း(ငါးဖျန်း) ငါးသားပေါက်ကောင်ရေ ၁၃၅၀၀၀ ကို အင်းသားကြီးများထံလွှဲပြောင်းပေးအပ်ပြီး ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကိုဗစ်-၁၉ ရောဂါ
ကာကွယ်ဖို့
မိမိမှစ၍
စည်းကမ်းများကို
လိုက်နာစို့



## သယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရေဦး စက်တင်ဘာ ၁၂

ငါးရှဥ့်မျိုးစိတ်များ မျိုးသုဉ်းမှုမှ ကာကွယ်ထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့ပေါများလာစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြို့နယ်ငါးသယံဇာတထိန်းသိမ်းရေးအဖွဲ့နှင့်အတူ ရေဦးမြို့နယ်ရှိ ဝယ်ယူစုဆောင်းရောင်းချနေသော ငါးရှဥ့်ဒိုင်များအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူစုဆောင်းရောင်းချနေခြင်း ရှိ၊ မရှိ၊ တားမြစ်ထားသော ငါးရှဥ့် လုံးပတ်(5 cm) အောက်အရွယ်ငယ်များအား ဝယ်ယူစုဆောင်း၍ တင်ပို့နေမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ငါးစင်တီမီတာအောက် အရွယ်ငယ်များအား ဝယ်ယူစုဆောင်းခြင်း၊ တင်ပို့ရောင်းချခြင်းများ မပြုကြရန်နှင့် စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်သွားကြရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေပြည်တော်မှ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ နေပြည်တော်အတွင်းသို့ တရားမဝင်သည့် နည်းလမ်းဖြင့် မဝင်ရောက်ကြရန် လိုအပ်ပါသည်။ တခြားဒေသများမှ ပြန်လာလျှင်လည်း အသိပေးပြီး စစ်ဆေးခံကြရန် လိုအပ်ပါသည်။ ကိုဗစ်ရောဂါ စမ်းသပ်စစ်ဆေးခကို များစွာလျှော့ချထားပါသည်။

၂။ ရန်ကုန် - မန္တလေး အမြန်လမ်းနှင့် လမ်းဟောင်းတချို့နေရာများတွင် ကားပေါ်မှဆင်းပြီး ဆိုင်ကယ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် နေပြည်တော်သို့ ဝင်ရောက်ခြင်းများရှိသည်ကို ကြားသိနေရသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး ကြပ်ကြပ်မတ်မတ် ထိန်းချုပ်နေသည်။

၃။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို မိမိရပ်ကွက် / ကျေးရွာသို့ ဝင်ရောက်လာသူများ၊ ပြန်လာသူများရှိပါက ချက်ချင်းသတင်းပို့ရန်၊ ကြပ်မတ်ရန်နှင့် Quarantine စင်တာများသို့ ပို့ဆောင်ရန် ညွှန်ကြားထားသည်။

၄။ ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန် ဖြတ်သန်းမှုများနှင့်ပတ်သက်၍ အဝင်ဂိတ်များတွင် စလစ်များပေးပြီး အထွက်ဂိတ်ကို တောက်လျှောက်မောင်းနှင်ရန်၊ လမ်းတွင် တခြားနေရာများသို့ မဝင်ရောက်ရန်၊ အထွက်ဂိတ်တွင် စလစ်ပြန်အပ်ရန် ညွှန်ကြားထားပါသည်။

၅။ နေပြည်တော်ရှိ မြို့နယ်များ၌ Mask တပ်ဆင်ရေး၊ ကိုဗစ်ပညာပေးလုပ်ငန်းများကို အသံချဲ့စက်ဖြင့် လိုက်လံဆော်ဩခြင်းနှင့် ညမထွက်ရအမိန့် လိုက်နာမှုရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စားသောက်ဆိုင်များတွင်လည်း ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ရှမ်းရွာသစ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရှမ်းရွာသစ် စက်တင်ဘာ ၁၂

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့၌ ဒေသနေပြည်သူများ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးအသိရှိစေရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက မဲသမူးကျေးရွာအုပ်စု မဲကတောခီးကျေးရွာ၌ ကျန်းမာရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းရွာသစ်မြို့ ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွများနှင့် ဈေးဆိုင်များတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် နေထိုင်သွားလာကြရန်နှင့် အပြင်ထွက်သည့်အခါတိုင်း နှာခေါင်းစည်းများ ဝတ်ဆင်ပြီးမှ သွားလာကြရန်၊ လူစုလူဝေးများ ရှောင်ကြဉ်ကြရန်၊ လက်ကို မကြာခဏ စနစ်တကျ ဆေးကြောရန် စသည့်အချက်များကို Hand Speaker ဖြင့် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဒေသနေပြည်သူများအား Hand Gel ဖြင့် လက်သန့်စင်ပေးခြင်း၊ နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဇင်လေး(ပြန်/ဆက်)




### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် အကျိုးတူ ဆောင်ရွက်ခဲ့သောအိမ်ရာများ၊ ယာယီမြေရှင်အဖြစ်ဆောင်ရွက်သော တိုက်ခန်းများအားကန်ထရိုက်တာထံမှလည်းကောင်း၊ အမည်ပေါက်ထံမှတစ်ဆင့်၊ အဆင့်ဆင့်ဝယ်ယူထားသူများကလည်းကောင်း၊ အဆောက်အအုံနေထိုင်ခွင့် စာချုပ်အမည်ပေါက် ပျောက်ဆုံးထံမှ ဝယ်ယူထားသူများက လည်းကောင်း၊ ၎င်းတို့၏အမည်ဖြင့် အဆောက်အအုံနေထိုင်ခွင့် စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်ဆွေဆွေအောင် (ခ) ဒေါ်ဇင်မာထက် [၁၂/ရကန(နိုင်)ဝ၇၅၆၂၂] (မှ) | ဒေါ်ဖြူနှင်းငြိမ်း [၁၂/လမန(နိုင်)၁၃၂၅၄၅] | တိုက်(J)၊ အခန်း (1104)၊ ရွှေမိုးကောင်း အဆင့်မြင့်အိမ်ရာ၊ ရန်ကင်းမြို့နယ်။ |
| ၂။ | ဒေါ်နန်းနုနုယဉ် [၅/ရဥန(နိုင်)ဝ၅၉၇၃၀] (မှ) | ဦးမြတ်သန်းမောင် [၁၃/လရန(နိုင်)၁၆၉၂ဝ၉] | တိုက်(၁)၊ အခန်း(၄၇)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။ |
| ၃။ | လောင်မင်တိတ် (ခ) ဦးအောင်ရွှေ [၁၂/ပဘတ(ဧည့်)ဝဝဝ၃၃၈] (မှ) | ဒေါ်ခင်ဥမ္မာအောင် [၁၂/ကတတ(နိုင်)ဝ၂၅၂၃၂] | Tower(B)၊ အခန်း(၅ဝ၅)၊ အထပ်အမှတ်(၅)၊ River View Point Condo၊ အလုံမြို့နယ်။ |
| ၄။ | ဒေါ်မိမိမော် [၁၀/သထန(နိုင်)ဝ၁ဝ၃၅၃](မှ) | ဒေါ်နုနုလှိုင် [၁၄/လမန(နိုင်)ဝ၆၇ဝ၅၃] | တိုက်(၆)၊ အခန်း(၁၆)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်။ |
| ၅။ | ကန်ထရိုက်တာ ဦးတင်မောင်ဝင်း [၁၂/လမတ(နိုင်)ဝ၁၅၉၅၄](မှ) ဦးကျော်သိန်း [၁၁/စတန(နိုင်)ဝ၅၂ဝ၉၆] ဒေါ်လှလှ [၁၁/စတန(နိုင်)ဝ၁၇၁၂၂] (မှ) ဒေါ်အေးသန္တာဝင်း [၁၂/ဗတထ(နိုင်)ဝ၃၈၆၅၈] (မှ) | ဦးသန်းစိုးဝင်း [၁၂/ဗတထ(နိုင်)ဝဝ၁၆၅၆] | တိုက်အမှတ်(၄၁/၄၅)၊ အခန်း(၇)လွှာ-(ဝဲ)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်။ |
| ၆။ | အိုလံပစ်ကုမ္ပဏီလီမိတက်(ကိုယ်စား) ဒေါ်စန္ဒာထွန်း (ဒါရိုက်တာ) [၁၂/လမတ(နိုင်)ဝဝဝဝ၆၃] (မှ) | ဦးဇော်မျိုးမင်း [၁၂/လမတ(နိုင်)ဝ၁၇၈၂၇] | တိုက်(B)၊ အခန်း(၈ဝ၅)၊(၁၃)လွှာ၊ မော်တင်တာဝါ၊ လမ်းမတော်မြို့နယ်။ |
| ၇။ | ကန်ထရိုက်တာဦးအောင်မြင့် (ရတနာမြိုင်ဆောက်လုပ်ရေး) (ကိုယ်စား)ဒေါ်နွေးယုလှိုင် [၁၂/မဂတ(နိုင်)ဝ၉၄၇၆၈](မှ) ဒေါ်နုနုရီ [၁၂/လမတ(နိုင်)ဝ၂၃၅၃၂] (မှ) | အီလ်ယာစ် (ခ) ဦးဝင်းသန်း [၁၂/ဗတထ(နိုင်)ဝ၃၂၆၃၂] | တိုက်အမှတ်(၃၄/၄ဝ)၊ အခန်း(၈)လွှာ/(A)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၈။ | ဦးမျိုးသူရ [၁၂/ကတတ(နိုင်)ဝ၁၂၅၇၃] (မှ) | ဦးဝီလျံဖြိုး [၁၂/ဗတထ(နိုင်)ဝ၄၃၃၅၁] | တိုက်(C)၊ အခန်း(ဝ၄-ဝ၁)၊ မင်းဓမ္မ အဆင့်မြင့်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်။ |
| ၉။ | ကန်ထရိုက်တာ ဦးဇင်မင်းထွန်း (LC-409) (ကစ) ဦးဇင်မင်းဦး(ဥက္ကဋ္ဌ) [၁၂/သဃက(နိုင်)၁၅၁၁၉ဝ] EDIN ROSE Construction Co.,Ltd (မှ) ဦးအောင်ကိုကိုချို [၆/မအရ(နိုင်)ဝ၉ဝ၈၅၅] (မှ) | ဦးကျော်ဘုန်းလွင် [၁၂/စခန(နိုင်)ဝ၆၃၁၁၁] ဒေါ်သန္တာဇော် [၁၂/ဥကတ(နိုင်)၁၅ဝ၅၃၂] | တိုက်အမှတ်(၈၆)၊ အခန်း(၆)လွှာ၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်။ |

အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့


✻ ရန်ကုန်အသင်းမှ

အသုံးပြုကာ ဝါရင့်ကစားသမားကြည်လင်းကို အသင်းခေါင်းဆောင်တာဝန်ပေးကာ ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် Southern အသင်းသည် ရန်ကုန်ကို ယှဉ်ကစားနိုင်ခြင်းမရှိသောကြောင့် တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ရသည်။ ရန်ကုန်အသင်းသည် ပွဲချိန်ပြည့်နီးပါးဖိကစားနိုင်သော်လည်း တိုက်စစ်ကစားပုံမှာ လိုအပ်ချက်များရှိသောကြောင့် ဂိုးရနည်းခဲ့ခြင်းဖြစ်သည်။

Southern အသင်းသည် ပထမပိုင်းတွင်သာ ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ခံစစ်၌သာ အချိန်ကုန်ဆုံးခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်ပြီး ၁၇ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ကြည်လင်း၊ ၄၄ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် မောင်မောင်လွင်၊ မိနစ် ၆၀ တွင် အီမန်နျူရယ်တို့က သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက အား/ကာသိပွဲအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် ငါးဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ဟံသာဝတီအသင်းကို ဂိုးကွာခြားချက်တွင်အသာရကာ ထိပ်ဆုံးနေရာကို လွှဲပြောင်းရယူနိုင်ခဲ့သည်။ အမာခံကစားသမားအများစုမပါနိုင်သော်လည်း ရောဝတီအသင်းကစားပုံပျက်မသွားဘဲ ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရောဝတီအတွက် အနိုင်ဂိုးများကို ၁၂ မိနစ်တွင် တင်ဝင်းအောင်၊ ၂၂ မိနစ်တွင် သန်းထက်အောင်၊ ၄၅+၂ မိနစ်တွင် သီဟဇော်၊ ၅၂ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၆၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အောင်နိုင်ဝင်းတို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၁၅)အပြီးတွင် ရောဝတီနှင့် ဟံသာဝတီအသင်းတို့ ရမှတ် ၃၃ မှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် ရောဝတီအသင်းက ထိပ်ဆုံးသို့ရောက်သွားပြီး ဟံသာဝတီအသင်းက ဒုတိယနေရာသို့ ဆင်းပေးခဲ့ရသည်။ ယင်းအသင်းများ၏နောက်တွင် ရန်ကုန်နှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၂၉ မှတ်စီ၊ ရခိုင်အသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၃ မှတ်၊ စစ်ကိုင်းအသင်းက ၁၀ မှတ်၊ အား/ကာသိပွဲအသင်းက ရှစ်မှတ်၊ မကွေးအသင်းက ခုနစ်မှတ်၊ Southern အသင်းက လေးမှတ် ရရှိထားသည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - ဘုန်းသော်

## ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့


### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ်(ယခင်၁/ယခု-၆/C)၊ ပေါ်ဆန်းမွှေးအဆင့်မြင့်အိမ်ရာရှိ Basement + ၈ ခန်းတွဲ RC(၈)ထပ်ခွဲတိုက်မှ တိုက်အမှတ်(B)၊ စတုတ္ထထပ်(၅-လွှာ)၊ အခန်းအမှတ်(၅၁၄)၊ ဧရိယာ(၁၄၆ဝ)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် တကွရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ မြသက်တင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ (MD)ဦးမြသက်အောင် [၁၂/ဗဟန(နိုင်)ဝ၂၁၃ဝ၆]၊ (ဒါရိုက်တာ) ဦးအောင်ညိုသက်[၁၂/ဗဟန(နိုင်)ဝ၉၇၁၉၇] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်စိုးခိုင် [၅/ဝလန(နိုင်)ဝ၉၉၃၅၈]၊ ဒေါ်ဇာဇာထွန်းဦး [၁၂/သဃက(နိုင်)ဝ၄၂၈၇]တို့မှ အပြီးပြတ်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇော်စိုးခိုင်နှင့်ဒေါ်ဇာဇာထွန်းဦး တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းမင်းစိုး
LL.B,WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)
Ph-09-450023651,09-793568375
Level(၅၊၆၊၇၊၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊
အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။



### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ မေတ္တာ(၂)လမ်း၊ အမှတ်(၁၈၈/က)၊ နှစ်ခန်းတည်းRC(၆)ထပ်တိုက်မှ စတုတ္ထထပ် (တိုက်မျက်နှာမူ ဘယ်ဘက်အခန်း)၊ ဧရိယာ(၇၀၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည် ဟုဝန်ခံကတိပြုသူ ဦးထွန်းချို(ခ)ဆီရာဇ်များ[၁၂/သဃက(နိုင်)ဝ၉ဝ၁၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးငွေဇင်[၁၄/ဟသတ(နိုင်)ဝ၂၃၇၆၁]၊ ဒေါ်ချောစုခိုင်[၁၃/လခန (နိုင်)ဝ၂၄၈၉၇]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးငွေဇင်နှင့် ဒေါ်ချောစုခိုင် တို့၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)
Ph-09-450023651,09-793568375
Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊
အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

## ဒေါ်မြင့်မြင့်
### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ်(၁၄)နေ (ဦးသန်းထွန်း-ဒေါ်လှကြည်)တို့၏ သမီး၊ ဦးလှမြင့်၏ ချစ်လှစွာသောဇနီး၊ ဦးအောင်မြင့်ဦး-ဒေါ်မြတ်မြတ်ခိုင်၊ ဦးခင်ဇော်-ဒေါ်ခင်ကြူကြူ၊ ဦးထွန်းနိုင်အေး-ဒေါ်စင်သီယာတို့၏မိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၁၁-၉-၂၀၂၀ (သောကြာနေ့) ည ၉:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နီနီ (ခ) ဒေါ်သီသီအေး

7th Batch Law၊ ဗဟိုဘဏ်(ငြိမ်း)

### အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်(၂၀၂)၊ အခန်း(၁၉)နေ Dr.သန်းအောင်ထွန်း(ညွှန်ကြားရေးမှူး-ရောဂါဗေဒဌာန၊ မန္တလေးဆေးရုံကြီး)၏မိခင် ဒေါ်နီနီ(ခ)ဒေါ်သီသီအေးသည် ၁၀-၉-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့**

## ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ (၆၈)လမ်း၊ စွယ်တော်ဘုရား၊ အရှေ့ဘက်မုခ်၊ နတ်ရေကန်ကျေးရွာအုပ်စုနေ ဦးကျော်ဝင်း-ဒေါ်ဖြူဖြူအေးတို့၏သားကြီး၊ မောင်နှမလေးယောက်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၄၃-A)၊ ခြောက်လွှာ(B)နေ (ဦးမြတ်ကြည်)-ဒေါ်ခင်တိုင်းမြင့်တို့၏ သားသမက်၊ ဒေါ်တင်တင်သော်၊ ဦးဇော်ထွန်းအောင်တို့၏ မောင်/ညီ၊ ဒေါ်လေးလေးသော်၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ဘုန်းသော်ဇင်၊ မောင်ဘုန်းမြတ်ကျော်ဇင်တို့၏ ချစ်လှစွာသောဖခင် ဦးကျော်ဇင်ထွန်း (Managing Director, Autumn Flower Co.,Ltd)၊ မြန်မာနိုင်ငံဆိုင်ကယ်တင်သွင်းဖြန့်ဖြူးရောင်းချသူများအသင်း(ဒု-ဥက္ကဋ္ဌ) အသက် (၄၄)နှစ်အား ရည်စူးပြီး ၁၃-၉-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်သန်း (ဗန်းမော်)
### အသက် (၈၉) နှစ်

ဗန်းမော်မြို့နေ (ဦးထွန်းရွှင်-ဒေါ်စောမြ)၊ (ဦးဘအောင်-ဒေါ်မြဒင်)တို့၏သမီး၊ (ဦးစိန်-ဒေါ်ကျင်စိန်)တို့၏သမီးချွေးမ၊ ဒေါ်ညွန့်ရီ၏ညီမ၊ (ဦးကျော်သန်း)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်သောင်းဝင်း-ဒေါ်နီနီကြည်၊ ဒေါ်သန်းသန်းစိန်၊ ဦးဇော်ထွန်း-ဒေါ်နုနု၊ ဦးသန့်ဇင်ဦး-ဒေါ်စုစုဝင်း၊ ဦးအောင်ထက်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်၊ (ကိုကျော်ဇင်ဟန်)-မပိုးဒါလီမောင်မောင်၊ မဆုမြတ်ဇင်၊ မအိမ့်မွန်ဖူး၊ မမြတ်နိုးထွန်း၊ မချစ်စနိုးတို့၏ အဘွား၊ မောင်စည်သူဟိန်းထက်၊ မောင်ဘုန်းမြကျော်ဇင်တို့၏ ဘွားဘွားကြီးသည် ၁၂-၉-၂၀၂၀(စနေနေ့) နံနက် ၃:၂၀ နာရီတွင် အမှတ် (၁၈)၊ သရဝဏ်ရိပ်သာ (၂)လမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းထွန်း
### အသက် (၆၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ကမာကြည်လမ်း၊ အမှတ် (၉)နေ (ဦးအေး-ဒေါ်ရင်လှ)တို့၏သား၊ (ဦးထွန်းလင်း-ဒေါ်သန်းစိန်)တို့၏ သားသမက်၊ ဒေါ်သန်းသန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမင်းအုပ်စိုး)-ဒေါ်ဝင့်ရွှေစင်ထွန်း(Goldflake Fashion Design School)၊ မသုန္ဒရီသိမ့်တို့၏ကျေးဇူးဖခင်ကြီး၊ (ဦးစန်းငွေ)-ဒေါ်အေးအေးတို့၏ အစ်ကို၊ ကိုပြည့်ဖြိုးကျော်(System Analyst-KMD Enterpnse Solutions)၏ ဘကြီး၊ မမေစိုးမိုးခင်(လသာ-၂)၏အဘိုး ဦးသန်းထွန်းသည် ၁၁-၉-၂၀၂၀ (သောကြာနေ့) ည ၁၁:၄၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်ဆွေ

တိုင်းဥပဒေအရာရှိ (ငြိမ်း)

### အသက် (၇၄) နှစ်

မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း၊ အသင်းဝင် ဦးကျော်ဆွေ၊ တိုင်းဥပဒေအရာရှိ (ငြိမ်း)သည် ၁၁-၉-၂၀၂၀ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမျိုးညွန့် (ဝေါ-မြစ်ကျိုး)
### အသက် (၈၉)နှစ်

**မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်(ရွှေပြည်သာ)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (ဃ/၁၃/၃၇) ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၆၁၄)နေ (ဦးဘဦး-ဒေါ်စိန်ပု)တို့၏ သား၊ [ဒေါ်တင်နု (ကကယာ-ငြိမ်း)]၏ ခင်ပွန်း၊ ဦးငွေထွန်း-(ဒေါ်လှသန်း)၊ (ဦးမောင်လေး-ဒေါ်မြမြဝင်း)၊ ဦးသံလုံး-ဒေါ်ငွေငွေဝင်း၊ ဦးသန့်စင်-ဒေါ်ဝေဝေညွှန့်၊ ဦးအောင်မျိုး-ဒေါ်အေးအေးသိန်း၊ ဦးလှမျိုးမောင်-ဒေါ်မာမာချို၊ ဦးကျော်ညွန့်ဝင်း-ဒေါ်ကလျာစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၄ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘိုးသည် ၁၂-၉-၂၀၂၀ (စနေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကျူချောင်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၂၀ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်ဥ
### အသက် (၈၇) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ (၁၁) ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၈၃)နေ ဦးလှတိုး၏ ချစ်လှစွာသောဇနီး၊ ဒေါ်ဆွေဆွေဝင်း၊ ဦးဝေလင်း-ဒေါ်ဝင်းဝင်းအေး၊ ဦးစောမင်းနိုင်-ဒေါ်သိန်းသိန်းငွေးတို့၏ ချစ်လှစွာသောမိခင်၊ မနုနုဝေ၏ချစ်လှစွာသောအဘွား ဒေါ်တင်ဥသည် ၁၁-၉-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ဓနုဖြူမြို့၊ ဖိုးမြကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ လမ်း၊ တံတားဒါယကာကြီး

## ဦးအောင်မြတ်စိုး (ခ) ကိုဖိုးအော်
### ဖွေးဖွေးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
### အသက် (၄၅) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အမှတ်(၆၄)နေ (ဦးသောင်း-ဒေါ်စိန်ရီ)တို့၏သား၊ ဦးသောင်းရွှေ-ဒေါ်စန်းမြင့်တို့၏ သားသမက်၊ ဦးတင်ထွန်းဦး-ဒေါ်ခင်မိုးကြည်၊ ဦးတင်အောင်မိုး-ဒေါ်အေးအေးခိုင်၊ (ဦးဇော်မိုးထွန်း)-ဒေါ်သူဇာခိုင်၊ ဦးအောင်ကျော်စိုး (ခ) ကိုဖိုးကျော်၊ ဒေါ်ခင်စုရည် (ခ) မခင်လေးတို့၏ညီ/မောင်၊ မငြိမ်းဆုသွယ်(ခ) ဖွေးဖွေး(တတိယနှစ်-စီးပွားရေးတက္ကသိုလ်)၊ မောင်မြတ်ဗိုလ်ဦး(ခ) ဖိုးလပြည့်(ISM)တို့၏ဖခင်၊ ဒေါ်ဝင့်ဝင့်နွယ်(ခ) မနွယ်လေး (ဖွေးဖွေးဆောက်လုပ်ရေး)၏ ချစ်လှစွာသော ခင်ပွန်း ဦးအောင်မြတ်စိုး (ခ) ကိုဖိုးအော်သည် ၁၀-၉-၂၀၂၀ ရက် နံနက် ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ ရတနာ့ဗိမာန်ဓမ္မာရုံ၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးငွေသိန်း
### အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီဝါလမ်း၊ အမှတ်(၁၂၅)၊ သုဝဏ္ဏနေ (ဦးရွှေသိန်း)-ဒေါ်မြသင်တို့၏ စတုတ္ထမြောက်သား၊ (ဦးဘွန်ညီ-ဒေါ်အေးမြ)တို့၏ သားသမက်၊ ဒေါ်ခင်သန်းရှိန်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသိန်းဇံ)၊ (ဦးအေးသိန်း)၊ ဦးသိန်းတန်တို့၏ညီ၊ ဒေါ်ရီရီမြသိန်း၊ ဒေါ်စမ်းစမ်းမြသိန်း၊ ဦးသိန်းဟန်၊ ဒေါ်စမ်းသီတာ၊ ဒေါ်မိစမ်းမာလာတို့၏အစ်ကို၊ ဦးနေထူးရှိန်-ဒေါ်မြင့်မြင့်ဝေ(ခ) ဒေါ်ပါးပါးလေး၊ ဒေါ်စုစန္ဒီသိန်း-ဦးအောင်ဇော်မင်း၊ ဦးမျိုးထူးရှိန်တို့၏ကျေးဇူးရှင်ဖခင်၊ တူ/တူမ ၁၂ ယောက်တို့၏ဘကြီး၊ မောင်နေမင်းခန့်၊ မောင်ဉာဏ်ရှိန်မင်းတို့၏ ချစ်လှစွာသောအဘိုး ဦးငွေသိန်းသည် ၁၂-၉-၂၀၂၀ (စနေနေ့) နံနက် ၁:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အာနိသ

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

ရဟန်းဒါယကာကြီး

## ဦးမျိုးမင်း (ခ) မောင်မောင်

B.A (English)

Flight Operations Assistant Manager

(Myanmar Airways International)

### အသက်(၃၉) နှစ်



ရန်ကုန်မြို့၊ အမှတ်(၂၂)၊ လေးလွှာ(ခေါင်းရင်းခန်း)၊ ဓမ္မိကဝတီလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးကျော်မြင့်)-ဒေါ်ခင်ကြည်တို့၏ ချစ်လှစွာသောသား၊ ဦးအုန်းကြိုင်၊ ဦးဝင်းသိန်း(Trade Wind Co.,Ltd)-ဒေါ်စန်းစန်းနု၊ ဦးသန်းလှိုင်၊ ဦးသန်းတင်-(ဒေါ်သန်းသန်းလှိုင်)၊ ဦးဉာဏ်ဝင်းတိုး(Micro Technology & Khaing Yati Co., Ltd)-ဒေါ်တင်တင်မိုး(လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားလွှတ်တော်)တို့၏ ချစ်လှစွာသော မောင်အငယ်ဆုံး၊ မောင်စိုးစံဖြိုး-မခင်စစ်သွေး၊ မောင်မင်းဇင်သန့်၊ မောင်ဇင်ဝိုင်းရှိန်၊ မောင်ဇော်လင်းထိုက်တို့၏ ချစ်လှစွာသောဦးလေး ဦးမျိုးမင်း(ခ)မောင်မောင်သည် ၁၂-၉-၂၀၂၀ (စနေနေ့) နံနက် ၇:၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်ကြည်
### အသက် (၈၃) နှစ်

**ကျောင်းအုပ်ကြီး(ငြိမ်း) (ပေါင်/မုတ္တမ/သထုံ/သက္ကလ/မော်လမြိုင်)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၁)ရပ်ကွက်၊ မြိတ်လမ်း၊ အမှတ်(၁၁)နေ (ဦးဘိုးဒွေး-ဒေါ်ညိန်းမွှေး)တို့၏ သမီးကြီး (ဗိုလ်မှူးသူရအုန်းခိုင်-လေ)-ဒေါ်သန်းသန်းအေး၊ ဦးသိမ်းထူး-(ဒေါ်အေးယုံ)၊ ဦးသန်းဇော်-ဒေါ်သန်းနွဲ့၊ ဒေါ်အေးအေးခိုင်၊ ဒေါ်မြမြခိုင်၊ (ဦးတင့်မော်)-ဒေါ်အေးအေးသက်၊ (ဦးကြည်နိုင်)-ဒေါ်ညိုညိုဝင်း တို့၏ အစ်မကြီး ဒေါ်အေးအေးချို၊ ဦးတင်အောင်ဇော်-ဒေါ်တင်နွယ်ဝင်း၊ ဦးတင်သန့်ဇော်-ဒေါ်အေးအေးခိုင်၊ ဦးတင်ထွဋ်ဇော်-ဒေါ်ငွေငွေမော်၊ ဦးတင်သက်ဇော်-ဒေါ်ခင်အာကာမြင့် တို့၏ မွေးမိခင်၊ မြေး ခုနစ်ယောက်တို့၏ အဘွား၊ ဦးကျော်တင်၏ဇနီး ဒေါ်မြင့်ကြည်သည် ၁၁-၉-၂၀၂၀(သောကြာနေ့)ညနေ ၅ နာရီ ၅၅ မိနစ်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၂-၉-၂၀၂၀(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြင့်ကြည် အသက် (၈၃) နှစ်

**ကျောင်းအုပ်ကြီး(ငြိမ်း)(ပေါင်/မုတ္တမ/သထုံ/သက္ကလ/မော်လမြိုင်)**

သူငယ်ချင်း ဦးတင်သန့်ဇော်-ဒေါ်အေးအေးခိုင်တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်မြင့်ကြည်သည် ၁၁-၉-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်(၃၄)သူငယ်ချင်း မိသားစုများ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၁၂-၉ -၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁,၀၀၄)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၈၆) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၉၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၅၈) ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၆၃) ခု
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၀) ခု
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခု
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ ဇန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၂) ခုနှင့်
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၄၇၀) ခု
- စုစုပေါင်း (၂,၄၂၃)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅၀) ဦး တွေ့ရှိရပါသည်။

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှု အခြေအနေထုတ်ပြန်ချက်**
**(၁၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁၅၀) ဦး | (၂,၅၉၅) ဦး |
| ဆေးရုံဆင်း | (၅၁) ဦး | (၆၇၆) ဦး |
| သေဆုံးလူနာ | (၁) ဦး | (၁၆) ဦး |

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❐

# COVID-19 ကာလအတွင်း တားမြစ်ကုန်စည်များနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးနှိုးဆော်ခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် COVID–19 ကာလအတွင်း Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းတို့ကို တားမြစ်သည့် အမိန့်ကြော်ငြာစာကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၂၀ ဖြင့် ထုတ်ပြန်ထားပါသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တားမြစ်ကုန်စည်များထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချ၊ သိုလှောင်မှုများနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါ စနစ်တကျ ကာကွယ်ထိန်းချုပ်နိုင်စေရေးအတွက် ဈေးများအတွင်း အသံချဲ့စက်များဖြင့် လှည့်လည်အသိပညာပေး

**နေပြည်တော် စက်တင်ဘာ ၁၂**

ကိုဗစ်–၁၉ ရောဂါ စနစ်တကျ ကာကွယ် ထိန်းချုပ်နိုင်စေရေးအတွက် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများသည် နေပြည်တော်လူငယ်ရေးရာ ကော်မတီမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က လယ်ဝေးမြို့ ဖောင်တော်ချက်မဈေး၊ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ဈေးနှင့် နေပြည်တော်မြို့မဈေးများအတွင်း အသံချဲ့စက်များဖြင့် လှည့်လည်အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖



# ရန်ကုန်အသင်း နိုင်ပွဲဆက်ပြီး ရောဝတီအသင်း ထိပ်ဆုံးရောက်လာ

ရန်ကုန် စက်တင်ဘာ ၁၂

**၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်အသင်း နိုင်ပွဲဆက်ပြီး ရောဝတီအသင်း ထိပ်ဆုံးနေရာသို့ ရောက်ရှိလာသည်။**



ရန်ကုန်အသင်းတောင်ပံကစားသမား ကောင်းထက်စိုး Southern အသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းစဉ်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက Southern အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် နည်းပြသစ်လက်ထက် လေးပွဲဆက်အနိုင်ရခဲ့ပြီး ဇယားထိပ်ပိုင်းမှအသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ဇယားအောက်ဆုံးမှ Southern အသင်းသည် ထူးထူးခြားခြားလုပ်ပြနိုင်ခြင်းမရှိဘဲ ရှုံးပွဲဆက်ခဲ့သည်။

ရန်ကုန်အသင်းသည် အဓိကဂိုးသမား ကျော်ဇင်ထက်ကို အနားပေးပြီး လူငယ်ဂိုးသမား ဆန်းဆက်နိုင်ကို

စာမျက်နှာ ၂၆ ကော်လံ ၃ သို့ ✻

# ညီညွတ်သောဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ နှင့် ဝံသာနုဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

ညီညွတ်သော ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ နှင့် ဝံသာနုဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇၊ ၁၈ တို့တွင် ဖော်ပြထားပါသည်။

# ခေတ်သစ်ပြည်သူ့ပါတီ၊ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ နှင့် မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၂

**ခေတ်သစ်ပြည်သူ့ပါတီ၊ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ နှင့် မတူကွဲပြားခြင်း နှင့် ငြိမ်းချမ်းရေးပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၃ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar သတင်းစာ** တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

# မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ထိန်းသိမ်းထားသည့် ဆံရစ်ဝိုင်းတို့ရွာဆီ တစ်ခေါက်



## သရက်တန်းစိုးရွှေ (စိတ်ပညာ)

မြန်မာ့ရိုးရာ ဆံကေသာထုံးဖွဲ့မှုကို ယနေ့တိုင်ထိန်းသိမ်းထားသည့် ကျေးရွာကို ညွှန်ပြပါဟုဆိုလျှင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်ရှိ ခံစပ်ကုန်းရွာကို ညွှန်ပြရမည်ဖြစ်သည်။ ခေတ်မီတိုးတက်နေသော ကာလတွင် အခြားနိုင်ငံမှ ယဉ်ကျေးမှုကို အတုယူကာ ဆံကေသာအမျိုးမျိုးထားရှိခြင်း၊ ဆေးဆိုးခြင်းများ ပြုလုပ်နေချိန်တွင် ဆံရစ်ဝိုင်းတို့ရွာမှာ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းထားသည်မှာ ဂုဏ်ယူဖွယ်ဖြစ်သည်။

ဆံပင်နီဆိုး၊ ကောက်ကွေးမျိုးနှင့် ဖြောင့်ကာတစ်သွယ် ကေတိုရယ်ထားစတိုင်များသောခေတ်တွင် မြန်မာ့ရိုးရာ ဦးစွန်းဖုတ်၊ ဆံရစ်ဝိုင်း၊ ဆံတောက်ကလေးများထားသည့်ရွာကို တွေ့မြင်လိုက်သည့်အခါ အံ့သြသွားကြမြဲပင်ဖြစ်သည်။ ဆံရစ်ဝိုင်းတို့နေထိုင်ရာ ခံစပ်ကုန်းရွာသို့သွားရာလမ်းတစ်လျှောက်တွင် ထန်းပင်များ အစီအရီတည်ရှိကာ အညာရှုခင်းလှလှကို မြင်တွေ့ရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအတိုင်း ဆံကေသာထားရှိသည့် ဆံတောက်နှမတို့ရွာမှာ စကြာတောင်ခြေတွင်တည်ရှိပြီး တောင်သူလုပ်ငန်း၊ထန်းတောင်သူလုပ်ငန်းကို အဓိကပြုလုပ်ကြသည်။ဆံရစ်ဝိုင်းအများစုမှာ အိမ်တွင်းမှု ရိုးရာချည်ထည်ရက်လုပ်သည့်လုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ မြန်မာ့ရိုးရာဆံကေသာထားရှိမှု ဓလေ့ကို ကျင့်သုံးရာတွင် ယောကျ်ားလေးများ ငယ်စဉ်ကာလတွင် ဦးစွန်းဖုတ်ထားရှိပြီး မိန်းကလေးများမှာ ဆံရစ်ဝိုင်း၊ ဆံတောက်၊ အုပ်လုံးသိမ်းဆိုသော ဆံပင်ပုံစံများကို ထားရှိကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ဆံပင်ပုံစံထားရှိမှုတွင် အဓိပ္ပာယ်အသီးသီးရှိပြီး ဆံပင်ပုံစံကို ကြည့်ခြင်းအားဖြင့် လက်ရှိတည်ရှိနေသောလွတ်လပ်ခြင်း၊ မလွတ်လပ်ခြင်း ဘဝအခြေအနေကို ခွဲခြားနိုင်သည်။ အမျိုးသမီးငယ်များ ကလေးအရွယ်မှစကာ အပျိုဖော်မဝင်ခင်အချိန်အထိ ဆံရစ်ဝိုင်းထားရှိကြသည်။ဆံရစ်ဝိုင်းလေးများ၏ အဓိပ္ပာယ်မှာ ကလေးအရွယ်ဖြစ်ကြောင်း ပြသခြင်းပင် ဖြစ်သည်။ အပျိုဖော်ဝင်အရွယ်တွင် ဆံရစ်ဝိုင်းထားရှိရာမှ ဆံပင်ပုံစံပြောင်းကာ ဆံတောက်များ ထားရှိကြသည်။ဆံတောက်ထားသော သင်္ကေတမှာ အပျိုဖြန်းဖြစ်ကြောင်း၊ အရွယ်ရောက်ကြောင်း ပြောပြနေခြင်းပင်ဖြစ်သည်။ အပျိုဖြန်းကလေးများထားရှိသော ဆံတောက်အဆင့်ကို ကျော်လွန်ကာ အုပ်လုံးသိမ်းပြီဆိုပါက အရွယ်ရောက်ကြောင်း၊ လူကြီးဖြစ်ကြောင်းအသိအမှတ်ပြု သင်္ကေတပင်ဖြစ်သည်။

ခံစပ်ကုန်းရွာမှာ အိမ်ခြေ ၃၀၀ ကျော်ရှိပြီး ခံစပ်ကုန်းတိုက်သစ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပညာရည်နို့ချိုသောက်သုံးခဲ့ကြရသည်။ခံစပ်ကုန်းရွာမှ ဆံရစ်ဝိုင်းကလေးများ၏ ပညာသင်ကြားဆော့ကစားသည့်ပုံရိပ်များကို မှတ်တမ်းရိုက်ကူးသူအများစုမှာ တိုက်သစ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို အားထားလာရောက် ရိုက်ကူးကြသည်။မြန်မာ့ရိုးရာ ကစားနည်းများကို ပုံဖော်ရိုက်ကူးကာ ရုပ်မြင်သံကြားမှ ရိုက်ကူးတင်ဆက်ပြသလာသည်အထိ ထင်ရှားလာခဲ့သည်။

သဘာဝအလှ ဓာတ်ပုံပညာရှင်များနှင့် ခရီးသွားကဏ္ဍများကို အားထားရိုက်ကူးသည့် ရုပ်သံရိုက်ကူးသူ အများဆုံးလာရောက်သည့် ဆံရစ်ဝိုင်းတို့ရွာအဖြစ်တည်ရှိနေသည်။ ဆံရစ်ဝိုင်းတို့ရွာ၊ ဆံတောက်နှမတို့ရွာမှ ဆံရစ်ဝိုင်းကလေးများ လုပ်ငန်းခွင်ဝင်ပုံ၊ မြန်မာမှုဆံကေသာ ထားရှိပုံများမှာ ယနေ့ခေတ်ကာလတွင် ထူးခြားသောယဉ်ကျေးမှုဖြင့်လှပနေသော ရွာဟုပင် တင်စားထားသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ထန်းတက်ခြင်း၊ ထန်းလျက်ချက်ခြင်းများနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ကြသည်။ ဆံရစ်ဝိုင်းတို့ရွာအနီးတွင် ရှေးဟောင်းဇုန်နယ်မြေအဖြစ် သတ်မှတ်ထားသော ကျောက်လိုဏ်ဂူများ နှင့် ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်ရာနေရာနှစ်ခုရှိသည်။ ထူးခြားသော သဲကျောက်လိုဏ်ဂူများအဖြစ် မြင်တွေ့ရပြီး လိုဏ်ဂူနေရာ အမှတ် (၁)နှင့် အမှတ်(၂)အဖြစ် သတ်မှတ်ထားသည်။

လိုဏ်ဂူအမှတ်(၁)နေရာတွင် သဲကျောက်လိုဏ်ဂူ (၁၁)ဂူရှိပြီး လက်ရာမြောက် မုခ်တံခါးများ၊ ဆင်းတုတော်များ၊နံရံဆေးရေးပန်းချီများကို တွေ့မြင်နိုင်သည်။ လိုဏ်ဂူအမှတ်(၂)နေရာတွင် လိုဏ်ဂူပေါင်း ၁၆ ဂူ၊ ဆင်းတုတော်ပေါင်း ၁၄၀ ကျော်ရှိသည်။စကြာတောင်တော်ဘုရားပွဲမှာ ဆံရစ်ဝိုင်းတို့ရွာ အားထားဆင်နွှဲသည့် ဘုရားပွဲပင်ဖြစ်သည်။ ဘုရားပွဲတွင် တောင်တော်မုန့်များဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ရွာအဝင်ကုသိုလ်ပြုရာ ဇရပ်များတွင် တောင်တော်မုန့်များ ကုသိုလ်ပြုခြင်းများပြုလုပ်သည့် ချစ်စရာဓလေ့ဖြင့်ကျေးရွာတစ်ရွာအဖြစ်တည်ရှိနေသည်။ မြန်မာ့ရိုးရာ ဆံကေသာထားရှိမှု ဦးစွန်းဖုတ်၊ ဆံရစ်ဝိုင်း၊ ဆံတောက်ထားရှိမှုကိုလေ့လာကာ ရှေးဟောင်းသဲကျောက်လိုဏ်ဂူများကို လေ့လာကာ စကြာတောင်တော်အလှကိုခံစားလိုသမျှ ဆံရစ်ဝိုင်းတို့ရွာဆီ အရောက်လှမ်းလာသင့်ပေသည်။ ။



“မြန်မာ့ရိုးရာ ယဉ်ကျေးမှုအတိုင်း ဆံကေသာထားရှိသည့် ဆံတောက်နှမတို့ရွာမှာ စကြာတောင်ခြေတွင်တည်ရှိပြီး တောင်သူလုပ်ငန်း၊ ထန်းတောင်သူလုပ်ငန်းကို အဓိကပြုလုပ်ကြသည်။ ဆံရစ်ဝိုင်းအများစုမှာ အိမ်တွင်းမှု ရိုးရာချည်ထည်ရက်လုပ်သည့်လုပ်ငန်းကိုလည်း လုပ်ကိုင်ကြ



# ပျူမြို့ဟောင်းသရေခေတ္တရာမှ ပျူတို့၏ ရွှေပန်းထိမ်အနုလက်ရာများ



○ မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

"ပန်းထိမ်"ဟုခေါ်ဝေါ်သမုတ်ခဲ့ကြသည်မှာ ကုန်းဘောင်ခေတ်နောက်ပိုင်း ရတနာပူရခေတ်လောက်က ဖြစ်ပါသည်။ 'ပန်းထိမ်'ဟု တဝမ်းပူနှင့် ရေးသားလေ့ရှိခဲ့ကြသည်မှာ ရတနာပူရခေတ်က စိန္တကျော်သူ၏ ကဝိလက္ခဏာသတ်ပုံတွင် "တနေ့ဆယ်ကြိမ် တင်းမတိမ် ပန်းတိမ်သူခိုးညစ်"ဟု သံတူကြောင်းကွဲ ဖော်ပြထားသည်ကို တွေ့ရသည်။ အင်းဝခေတ်က ရှင်မဟာသီလဝံသသည် စဉ်းလဲပန်းတိန် ယုံယွယ်ကျိန်လည်း မိုန်လစ်သောအခါ' ဟူ၍ မသတ်ဖြင့် မတိမ်ဘဲ နသတ်ဖြင့် တိန်ဟူ၍ ရေးသားခဲ့သည်။

ရှေးပုဂံခေတ်ဟောင်းအချိန်ကာလက ပန်ထိန် ဟူ၍လည်းကောင်း၊ ပန်ထျန်ဟူ၍ လည်းကောင်း၊ ကျောက်စာဟောင်းများတွင် ရေးသားခဲ့သည်ကို တွေ့ရပေသည်။ ပန်ထျန်၏ အဓိပ္ပာယ်မှာ ရွှေငွေနှင့်ကြေးစသည်တို့ကို အလှမွမ်းမံပြုလုပ်သူဟု ခေါ်ဆိုခြင်းဖြစ်သည်။ သက္ကရာဇ် ၅၈၅ ခုနှစ်ထိုး ပုဂံမြို့လေးမျက်နှာကျောက်စာတွင် ပါရှိသည်ကို ခေတ်သုံးစာပေအားဖြင့် ဖော်ပြရလျှင် "ဂူထွတ်တန်ဆာ ပန်ထျန်လက်တွင် ချိန်ပေး၍ခုတ်သော ကြေးကား ၄၇ ပိဿာ ရှစ်ဗိုလ် လေးကျပ်၊ ခုတ်သော ယုတ်သော ကြေးကား ၇ ပိဿာ ကိုးကျပ်၊ အပြီးခံသော ကြေးကား ပိဿာ ၄၇ ဗိုလ် ငါးကျပ်၊ ရွှေသားဝင်သော ၃၉ ကျပ် သုံးမတ်၊ ပြတားရည်ကား ၁၅၉ ကျပ်သင့်၏"ဟု တွေ့ရှိရသည်။

ပန်ထိန်နှင့်ပန်ထျန်မှာ ပုဂံခေတ်ဟောင်းကာလလောက်တွင် ရေးသားလေ့ရှိသော အသုံးအနှုန်းဖြစ်သဖြင့် ရွှေငွေကြေးတို့ကို အလှပြုပြင်မွမ်းမံသော အနုပညာတစ်ရပ်ဖြစ်ကြောင်း သိရသည်။ ပန်းထိန်ဟူသော အရေးအသားမျိုးကို ပုဂံဆုတောင်းပြည့်ဘုရားကျောက်စာများ၌ တွေ့နိုင်ပေသည်။ ထိုခေတ်ထိုအချိန်က ပန်းထိမ်ပညာကို ဘုရားတန်ဆောင်း၊ ဂူကျောင်း စသည်တို့အတွက် ရွှေငွေကြေးတို့ဖြင့် အနုပညာသဘောမွမ်းမံခြင်းအတွက် အသုံးများခဲ့ဟန် တူသည်။ ထို့ပြင် ကျောက်စာအချို့တွင် "တံစဉ်းသည်"ဟူ၍လည်းကောင်း၊ "ကူထွက်သမား"ဟူ၍လည်းကောင်း ရေးသားထားသည်ကို တွေ့ရှိရပါသည်။ တံစဉ်းသည်မှာ တံစဉ်း(တံဇင်း)ဖြင့် ရွှေငွေကြေးတို့ကို စီမံပြုလုပ်သောသူဟု ဆိုဟန်တူပေသည်။

ပုဂံခေတ်က တရုတ်လူမျိုးတို့နှင့် ဆက်သွယ်မှုများစွာရှိဖူးသဖြင့် ပန်ထျန်(ပန်းထိမ်)ဆိုသည်မှာ တရုတ်စကားပင်ဖြစ်မည်ဟု အချို့သုတေသီတို့က ယူဆခဲ့ကြသည်။ ထျန်မှာ ရွှေငွေသတ္တုကို အမွမ်းအပြောက်သုခုမ မြောက်အောင်ဖန်တီးခြင်းဟု အဓိပ္ပာယ်ယူဆပါသည်။ ပန်မှာ အလုပ်၊ အလုပ်သမားပြုခြင်းစသော အဓိပ္ပာယ်သက်ရောက်သည်ဟု ဆိုကြသည်။ ထိုခေတ်အခါတွင် အိန္ဒိယလူမျိုးများလည်း ပုဂံ၌ ရောင်းဝယ်ဖောက်ကား နေထိုင်ကြသည်ဟု ရာဇဝင်အဆိုအရ ကုလားလူမျိုးများ ရေးကအသုံးများခဲ့သော ရွှေစမခန်း၊ ငွေစမခန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်စသော အနုပညာအထည်ပစ္စည်းမျိုးများကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် ပန်းထိမ်ပညာသည် ပုဂံခေတ်တွင်လည်း တိုးတက်ထွန်းကားလျက်ရှိနေပေသည်။

ပန်းထိမ်ပညာသည် မြန်မာနိုင်ငံတွင် ပျူခေတ်ကပင်စတင်ခဲ့ကြောင်း ပျူမြို့ဟောင်းများမှ မြေပေါ်မြေအောက် တူးဖော်တွေ့ရှိရသော ရှေးဟောင်းပစ္စည်းအထောက်အထားများအရ သိရှိရပေသည်။ ပျူတို့၏ အနုပညာတစ်ရပ်ဖြစ်သော ပန်းထိမ်ပညာသည် အထူးပင်ချီးကျူးသင့်သည်။ ပျူခေတ်တွင် အိန္ဒိယယဉ်ကျေးမှုများ အများဆုံးပါဝင်ခဲ့သဖြင့် ပန်းထိမ်ပညာသည်လည်း အိန္ဒိယနိုင်ငံဘက်မှ ဆက်သွယ်လာသည်ဟု ယူဆရပါသည်။

မြန်မာနိုင်ငံတွင် ပျူမြို့ဟောင်းများစွာ ရှိသည့်အနက် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် မှော်ဇာကျေးရွာတွင်ရှိသော သရေခေတ္တရာပျူမြို့ဟောင်းသည် မြန်မာနိုင်ငံတွင်သာမဟုတ်ဘဲ အရှေ့တောင်အာရှတွင် အကြီးဆုံးသော မြို့တစ်မြို့ဖြစ်သည်။ ဤဒေသတွင် နေထိုင်ကြသော ပျူလူမျိုးတို့၏ လက်မှုအနုပညာရပ်များသည်လည်း အံ့ဩဘနန်းဖြစ်စရာပင် ဖြစ်သည်။ ပျူတို့၏လက်ရာများဖြစ်သည့် ကျောက်မျက်ရတနာများကို သွေးခြင်း၊ အလှဆင်ခြင်း၊ အရုပ်ထုလုပ်ခြင်းကိုမူ ပျူခေတ်ကပင် လုပ်ဆောင်နေကြသည်ကို မြို့ဟောင်းများတူးဖော်ရာမှ တွေ့ရှိသော ပစ္စည်းအထောက်အထားများအရ သိရှိရပေသည်။ သရေခေတ္တရာပျူတို့သည် အနုပညာဗီဇအခံရှိသော လူမျိုးများဖြစ်ကြသည်။ မိမိတို့၏ အနုပညာ စိတ်ကူးစိတ်သန်းရသည့်အတိုင်း ရသပေါ်အောင် လုပ်နိုင်စွမ်းရှိသည်ဟု ဆိုနိုင်သည်။ ပျူတို့သည် ရွှေပန်းထိမ်၊ ငွေပန်းထိမ် အတတ်တွင်လည်း ကျွမ်းကျင်ကြသည်။ ရွှေ ငွေ အတတ်ပညာတွင် ပျူတို့သည် ပုဂံပညာရှင်များထက် သာလွန်သည်ဟု ပါမောက္ခ ဂျီအိပ်လုစ်က ဆိုထားသည်။ သရေခေတ္တရာပျူတို့သည် ဆင်ယင်ထုံးဖွဲ့မှုတွင် အဆင့်အတန်းမြင့်မားကြသည်။ ရွှေထည်လက်ဝတ်လက်စားများကို ဆင်မြန်းကြ၏။ ဆင်းရဲသောသူများကမူ ရောင်စုံပုတီး၊ မြေပုတီးများကို ဆင်မြန်းခဲ့ကြပေသည်။

ပျူခေတ်ပစ္စည်းဟောင်းများတွင် ရွှေ၊ ငွေ၊ ကြေး၊ ဖန်ထည်ပစ္စည်းများပါဝင်သည်ကို တွေ့ရှိရသည်။ ပျူတို့၏ ပန်းထိမ်ပညာလက်စွမ်းများမှာ အံ့ဩဖွယ်ကောင်းလှသည်။ သရေခေတ္တရာမြို့ဟောင်း ကုလားကန်ကျေးရွာအနီးမှ ဦးခင်ဘပိုင်သည့် ယာအနီးဘုရားကုန်းအား တူးဖော်ရာမှ ရရှိသော ရွှေပေလွှာချပ်များသည် ရွှေပန်းထိမ်၏ လက်စွမ်းတစ်ခုဖြစ်ပေသည်။ ဂေါတမဘုရားရှင် ဟောကြားထားသည့် သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ဝေသာရဇ္ဇသုတ်တော်၊ သိကြားမင်းလုလင်ရွတ်ဆိုသောဂါထာ စသည်တို့ကို ပျူစာဖြင့် ရေးထိုး၍ ဌာပနာထည့်သွင်းထားပေသည်။ ထို့ပြင် သရေခေတ္တရာပျူတို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည့်အလျောက် ဗုဒ္ဓ၏တရားဒေသနာများကိုလည်း ရွှေချပ်များကို ပေပုံစံပြုလုပ်၍ ရေးသားမှတ်တမ်းတင်ခဲ့ကြသည်မှာ နောင်လာနောက်သားများအဖို့ ဗုဒ္ဓသာသနာ၏အမွေအနှစ်ကို လက်ဆင့်ကမ်းထားရစ်ခဲ့ကြခြင်း ဖြစ်ပေလိမ့်မည်။ ပျူတို့၏ ပန်းထိမ်ပညာလက်ရာများကို ဘုရားဌာပနာတိုက်များတွင် အများဆုံးတွေ့ကြရပါသည်။ အထူးသဖြင့် ရွှေကြုပ်၊ ငွေကြုပ်များ၊ ရွှေဖလား၊ ငွေဖလားများ၊ နော်ဇာကုံးများ၊ လည်ဆွဲများ၊ ခေါင်းလောင်းငယ်များ၊ ခြူများ၊ ဘီးငယ်များ၊ ခွက်ငယ်လေးများ၊ စို့များစသည်တို့ဖြစ်သည်။ တိရစ္ဆာန်ပုံများကိုလည်း ရွှေ၊ ငွေတို့ဖြင့် ထုလုပ်ထားသော ပန်းထိမ်ပညာ၏ လက်စွမ်းပင်ဖြစ်သည်။ ပန်းထိမ်နှင့်စပ်လျဉ်း၍ ကျောက်မျက်ရတနာမျိုးစုံတို့ကို ရွှေ၊ ငွေတို့ဖြင့် လက်ဝတ်ရတနာမျိုးစုံပြုလုပ်ထားရာ၌ ပုတီးမျိုးစုံတို့လည်းပါဝင်ကြောင်း တွေ့ရှိရသည်။ သရေခေတ္တရာပျူတို့၏ ပန်းထိမ်ပညာတွင် ငွေထက် ရွှေထည်ပစ္စည်းများက တူးဖော်မှုများအပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာမှလည်း ပေါ်ထွက်လာကြကြောင်း လေ့လာတွေ့ရှိရသည်။ ဤအချက်သည်ပင် သရေခေတ္တရာပျူတို့၏ ချမ်းသာကြွယ်ဝခဲ့မှုကို ခန့်မှန်းတွက်ဆနိုင်ပေသည်။ သရေခေတ္တရာပျူတို့၏ ဆန်းသစ်တီထွင်ခဲ့မှု အနုလက်ရာများကိုလည်း စိတ်ဝင်စားဖွယ် တွေ့မြင်နိုင်သည်။

ပန်းထိမ်ပညာသည် မြန်မာနိုင်ငံတွင် ရှေးအခါကာလကပင် မြန်မာဘုရင်များ ချီးမြှောက်အားပေးမှုတို့ကြောင့် ထွန်းကားတိုးတက်ခဲ့သည်။ ပန်းထိမ်ပညာသည် မြန်မာနိုင်ငံတွင် လွန်စွာထွန်းကားခဲ့သည်နှင့်အမျှ ပန်းထိမ်ပညာ၏ကျယ်ဝန်းသော လုပ်ရပ်များကို ပညာရှင်ကြီးများ သုတေသနပြုလုပ်ခဲ့ကြကြောင်း မှတ်တမ်းများ၌ တွေ့ရှိရပါသည်။ ရှေးပန်းထိမ်သည်ကြီးများသည် ရွှေကဲ၊ ငွေကဲ၊ ကျောက်ကဲတို့ကို မလွဲမှားအောင် အကဲခတ်နိုင်စွမ်းရှိကြသဖြင့် သုခုမအနုပညာဟုဆိုအပ်သော လက်စွမ်းဖြင့် အဆင်တန်ဆာအမျိုးမျိုးကို ပြုလုပ်နိုင်ကြသည်။ မြန်မာနိုင်ငံတွင်လည်း ပျူခေတ်ကာလမှပင် ရွှေထည်လုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်နိုင်ခဲ့ကြပေသည်။ သို့သော်လည်း သုတေသနနယ်ပယ်အရ ရှေးခေတ်ရွှေထည်ပစ္စည်းများကို တိုင်းတာမှုပြုလုပ်နိုင်ရန် လိုအပ်ပါသေးသည်။ အဘယ်ကြောင့်ဆိုသော် ယခုခေတ်ရွှေထည်ပစ္စည်းများနှင့် ရှေးအတိတ်ကာလမှ ရွှေထည်ပစ္စည်းများက လက်ရာအရလည်းကောင်း၊ ရွှေအရည်အသွေးအရလည်းကောင်း ကွာခြားမှုရှိနိုင်ပေလိမ့်မည်ဖြစ်သည်။ ပျူခေတ်ကာလတွင် ရွှေကိုမည်သည့်ဒေသမှရရှိခဲ့သည်၊ မည်သည့်နိုင်ငံများနှင့် စီးပွားရေး ကူးလူးဆက်သွယ်ရေးရှိခဲ့သည်များမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ဆက်လက်၍လည်း ရှာဖွေလေ့လာရပေဦးမည်ဖြစ်သည်။ လက်ရှိတွေ့မြင်နေရသော ရွှေထည်အနုစိတ်လက်ရာများက အနုစိတ်လှသည်။ ရွှေနန်းကြိုးဆွဲသော ပညာရပ်မှာလည်းများစွာပညာပါပြီး အနုစိတ်လှကြောင်း လေ့လာတွေ့ရှိရသည်။

သရေခေတ္တရာပျူမြို့ဟောင်းမှ ရွှေထည်လက်ရာတချို့ဆိုလျှင် မြန်မာနိုင်ငံတွင်ပင် မရှိတော့ဘဲ ကမ္ဘာ့ရှေးဟောင်းဈေးကွက်သို့ရောက်ရှိနေကြောင်း ပြင်ပလေ့လာသူများမှတစ်ဆင့် လေ့လာသိရှိရပေသည်။ ဤအရာကို လေ့လာကြည့်ခြင်းဖြင့် မိမိနိုင်ငံထဲမှ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို မိမိတို့နိုင်ငံသားအားလုံးမှ ကာကွယ်ထိန်းသိမ်းရန်တာဝန်ရှိပေသည်။ တစ်ယောက်အားနှင့် မထိန်းနိုင်လျှင် အများအားနှင့် ထိန်းသိမ်းမှသာလျှင် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးဂုဏ်မြင့်မားအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခုအခါ၌ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှစတင်၍ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စတင်ရရှိခဲ့သော ပျူမြို့ဟောင်းသုံးမြို့ အနက်မှ သရေခေတ္တရာပျူတို့၏ အနုလက်ရာမြောက် ရွှေပန်းထိမ်လုပ်ငန်းအား အံ့ဩဘနန်းဖြစ်ရသည်မှာ ဆိုဖွယ်မရှိနိုင်ပေ။ မြန်မာနိုင်ငံအတွက်လည်း ယဉ်ကျေးမှုတန်ဖိုး ဂုဏ်မြင့်မားအောင် ကြွင်းကျန်ရစ်သော ရွှေထည်ပစ္စည်းများက သက်သေခံလျက်ရှိနေပေသည်။ ထို့ကြောင့် အနုသုခုမပညာ စိတ်ကူးစိတ်သန်းကောင်းမွန်သော ပျူလူမျိုးတို့၏ ကြွင်းကျန်ရစ်ခဲ့သော လက်မှုအနုပညာဖြစ်သည့် ရွှေပန်းထိမ်လက်ရာများကို မိမိတို့၏ ဘိုးဘွားပိုင်ပစ္စည်းများအဖြစ် ရေရှည်တည်တံ့အောင် အမျိုးသားရေးအသိအမြင်ဖြင့် ထိန်းသိမ်းကာကွယ်ကြပါစို့ဟု ဆန္ဒပြုရင်း တိုက်တွန်းရေးသား ဖော်ပြလိုက်ရပါသည်။

ကိုးကား-
(၁) ဒဂုန်နတ်ရှင် - မြန်မာရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၈။
(၂) Terence Tan - Ancient Jewellery of Myanmar from Prehistory to Pyu Period (Photo)
(၃) မှတ်ကျောက် - မြန်မာ့ပန်းရွဲပညာ

## ပြည်ထောင်စု သွေးချင်းများ

ရောဝတီမြစ် စီးဆင်းနေ
သွေးချင်းတို့ ဌာနေ
ကချင်တို့မြေ မြောက်ဖျားပိုင်း
လှပတုမနှိုင်း ... ။
စစ်ကိုင်းတိုင်းက အနီးနော်
ယဉ်ကျေးမှု စုံသော်
မန်းမြေဆီနော် ရောက်အောင်သွား
ပုဂံဘုရားများ ... ။
ကယားဒေသ အေးချမ်းနေ
တိုင်းရင်းသား စုံပေ
ကရင်တို့မြေ ဒုံးယိမ်းအက
ဖားစည်သံ ချိုမြ ... ။
တန်ခိုးကြီးလှ ရွှေတိဂုံ
တည်ရှိ တိုင်းရန်ကုန်
သားငါးပေါစုံ ဆန်စပါး
ရောတိုင်း စွမ်းအား ... ။
ကျိုက်ထီးရိုးဘုရား တန်ခိုးကြွယ်
ကိန်းဝပ် မွန်ပြည်နယ်
ရေနံမြေရယ် စွမ်းအင်ဖြည့်
အညာမြေ မကွေးဟေ့ ... ။
ဆုတောင်းပြည့်တဲ့ ဘုရားတွေ
များပြား ရခိုင်မြေ
တောင်ဇလပ်ပန်းဝေ ချင်းဒေသ
တိမ်ပင်လယ် ရှုမဝ ... ။
မြိတ်ကျွန်းစုလှ တနင်္သာရီ
အောက်ဖျား မြန်မာပြည်
ဟံသာဝတီ ပဲခူးက
စည်ကားသိုက်မြိုက်လှ ... ။
ကမ္ဘောဇက ရှမ်းဌာနေ
အေးချမ်းသာယာပေ
စုပေါင်းလို့နေ သွေးချင်းများ
စည်းလုံးညီညွတ်ထား ... ။
မြန်ပြည်တလွှား စုစည်းနော်
ပန်းတိုင်သို့ ရည်မျှော်
မျိုးဂုဏ်ထည်နော် စောင့်ရှောက်လို့
ထိန်းသိမ်းကာကွယ်စို့ ... ... ... ။

ဇင်မင်းစိုး (ဗိုလ်ကလေး)

# မြန်ပြည်အနောက်မြောက်ဘက်မှ “ကတူး” တိုင်းရင်းသားများ


မောင်မောင်ကျော့(ပလက်ဝ)


*(၆-၉-၂၀၂၀ ရက်နေ့မှအဆက်)*

**သံချက်ကတူး**

ကတူးတို့သည် သံချက်အတတ်ပညာကိုလည်း ကျွမ်းကျင်တတ်မြောက်ကြသည်။ မော်လိုက်သံမှုန်းနယ်မြေအပါအဝင် သံသုံးတာ(ခေါ်) သံနောက်တာ၊ သံအလယ်တာနှင့် သံအရှေ့တာတို့တွင် သံချက်အစုသားများအဖြစ် တာဝန်ဝတ္တရားများထမ်းဆောင်ခဲ့သည်။ ထိုစဉ်က ကတူးလူမျိုးတို့သည် မြန်မာဘုရင်များ၏ အမှုတော်ကို ထမ်းဆောင်ရသဖြင့် မြို့ရွာအနှံ့ ပျံ့နှံ့နေသည်ဟုယူဆရသည်။

**ရုပ်သွင်ပြင်နှင့်ဝတ်စားဆင်ယင်မှု**

ကတူးတို့သည် အရပ် ငါးပေသာရှည်သည်။ အမျိုးသား၊ အမျိုးသမီးအားလုံး အသားလတ်၍ မဖြူမညိုအရောင်ရှိသည်။ မြန်မာတို့နှင့် ဆင်တူလှသည်။ ရှေးခေတ်က ကတူးအမျိုးသားတို့သည် ဆျှောင်ထုံးထုံးကာ တောင်ရှည်ဝတ်ခဲ့သည်။ ယခုအခါ ရိုးရိုးနက်ပြာရောင်ပေါ် အဖြူရောင်ဒေါင်လိုက်အစင်းပုဆိုးများကိုသာ ဝတ်လာကြသည်။ ရှပ်အင်္ကျီအပေါ်တွင် နီညိုရောင်ဘယ်ဖုံးတိုက်ပုံဖုံး၍ ဝတ်ကြသည်။ အပြာရင့်ရောင် အဖြူစင်းတဘက်ပုဝါဖြင့် ခေါင်းပေါင်းကြသည်။ အမျိုးသမီးတို့မှာ အပြာရင့်ရောင် အောက်ခြေအဖြူအစင်းကြီးတစ်ဆင့်နှင့် ယင်းအပေါ် အဖြူအစင်း ငယ်အရွယ်တူနှစ်ဆင့် ပေါင်းသုံးဆင့်ရှိ ထဘီနှင့် ရှေ့ဘယ်ဖုံးတွင် အပေါ်၌ အဖြူရောင်အစင်းငယ်နှစ်ဆင့်နှင့် အောက်ဘက်တွင် အပြာရောင်အစင်းငယ် လေးဆင့်ပါ အဖြူရောင်လက်ရှည်အင်္ကျီရင်ဖုံး တွဲဝတ်ကြသည်။ အပြာရင့်ရောင် တဘက် ရက်ထည်ကို ညာဘက်ပခုံးပေါ်တွင်အချိုးညီတင်ကာ ဝတ်ဆင်လေ့ရှိသည်။

ကတူးလုံမေများမှာ ငယ်စဉ်အခါ ဆံရစ်ဝိုင်းများ၊ ကြက်တောင်စည်းများ ထုံးကြသော်လည်း အပျိုဖော်ဝင်လာလျှင် မြန်မာတို့ကဲ့သို့ပင် ဦးလုံးသိမ်းပြီး နောက်တွဲဆံထုံးများ ထုံးကြသည်။ ရွှေနားတောင်း၊ နားကပ်များ ပန်ကြသည်။ ပင်လယ်ဘူးကတူးတို့သည် လက်ကောက်၊ လက်စွပ်များပါ ဝတ်တတ်ကြသည်။ ကတူးလုပျိုဖြူတို့ကား ပုသိမ်ထီးနီနီရဲရဲကို အလွန်ကြိုက်သည်။ အလှူအတန်းရှိလျှင် သနပ်ခါးလိမ်းခြယ်ကာ တဘက်ပဝါချ၍ နီးယပ်တောင်ကိုင်ထားပုံမှာ အလွန်ကြည့်ကောင်းပါသည်။

**စာပေ၊ ဘာသာစကား**

ကတူးတို့တွင် သီးခြားစာပေမရှိ။ ရိုးရာဘာသာစကားသာရှိသည်။ ကတူးတို့တွင် မြတ်စွာဘုရားလက်ထက်တော်အခါက ကိုယ်ပိုင်စာပေရှိခဲ့ကြောင်း ရှေးလူကြီးများပြောကြသည်။ စာကိုကျွဲသရေပေါ်၌ ရေးမှတ်ထားရာ သားရေကိုခွေးစားသဖြင့် စာပေများပျောက်ခဲ့ရသည်ဟု အဆိုရှိသည်။ သို့တစေ (ဝ၊ အ၊ မ) ဟူသော အက္ခရာ သုံးလုံးကျန်နေသေးရာ ထိုအက္ခရာပေါ်မူတည်ပြီး သူတို့ဘာသာစကားကို ဆက်ပြောခဲ့ရသည်ဟု ကတူးဘိုးဘွားများက ပြောခဲ့ကြသည်။ ဤအဆိုမျိုး ချင်းတိုင်းရင်းသားတို့တွင်လည်း တွေ့ရသည်။

ကတူးတို့၏ ဆက်သွယ်ရေးကိရိယာသည် ကတူးဘာသာစကားပင်ဖြစ်သည်။ ကတူးဘာသာစကားကို အခြေခံ၍ ကတူးစာပေကို ဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်သည်။ ယခုအခါ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၏ လုပ်ငန်းစဉ်နှင့်အညီ ကတူးတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်း၍ ကတူးတို့နေထိုင်ရာဒေသရှိ အခြေခံပညာကျောင်းများတွင် ကတူးလူငယ်လူရွယ်များအား ကတူးစာပေသင်ကြားခွင့် ရရှိခဲ့ကြပြီ။ နောင်တစ်ချိန်တွင် ကတူးစာပေဖွံ့ဖြိုးတိုးတက်လာမည့် အသီးအပွင့်ကို ရရှိခံစားနိုင်သည့်လမ်းစဟု ဆိုရပေမည်။

**ပြောဟန်ဆိုဟန်လေသံအသုံးအနှုန်း**

ကတူးတို့ ပြောပုံဆိုပုံနှင့် ကနန်းတို့ ပြောပုံဆိုပုံ အနည်းငယ်ကွာခြားသည်။ ကတူးတို့သည် ခြေပုတ်လက်ပုတ်ထိကာ အသံမြှင့်ပြီး အော်ငေါက်၍ ကျယ်ကျယ်လောင်လောင်ပြောတတ်သည်။ ထိုသို့ပြောမှအားရ၍ ပိုမိုရင်းနှီးသည်ဟု ဆိုသည်။ ကနန်းတို့ကမူ တိုးတိတ်ညင်သာစွာ ပြောတတ်ကြသည်။ အလွန်ယဉ်ကျေးသိမ်မွေ့၍ မြတ်နိုးစရာကောင်းသည်။ ကတူးနှင့် ကနန်းဆုံမိသည့်အခါ တစ်ဦးစကားတစ်ဦးကနားမလည်၍ မြန်မာလိုပြောဆိုကြသည်။ ပင်လည်ဘူးကတူးများနှင့် ဗန်းမောက်ကနန်းများ ပြောဟန်ဆိုဟန်မတူပါ။ အသံထွက်တူသော်လည်း သေသေချာချာနားထောင်လျှင် ကွဲသည်ကိုတွေ့ရသည်။ ကတူးစကားအဆုံး၌ “ကား”သံပါသည်။ ကနန်းတို့ကမူ “နိုး” သံဖြင့် အဆုံးသတ်လေ့ရှိသည်။ ကတူး၊ ကနန်းစကား၌ ကချင်၊ ချင်း၊ ရှမ်းစကားများ ရောနှောနေသည်ကို လေ့လာတွေ့ရှိရသည်။

**ကတူးတို့စကားပြောပုံ**

| မြန်မာ | | ကတူး |
|---|---|---|
| ဘာဟင်းစားသလဲ | = | ဟမန်ဆပိတ်ဆာရုပ်လား၊ |
| မုံညင်းဟင်းစားတယ် | = | ကန်ဆုတောင်ယုတ်မ၊ |
| ထမင်းစားပြီးပြီလား | = | အတားရုတ်ဟီပန်လား၊ |
| စားပြီးပြီ | = | ယုတ်စီးပန်း၊ |
| မစားရသေးဘူး | = | အယုတ်နွန်းနွန်း |

ကတူးနှင့် ကနန်းတို့သည် စကားလုံးအသံထွက်ကွဲသော်လည်း ကတ္တား၊ ကံ၊ ဝါစက သဒ္ဒါစီပုံတူသဖြင့် ပြောရဆိုရသိပ်မခက်လှပါ။

**ကတူး၊ ကနန်းဝေါဟာရကွဲပုံ**

| မြန်မာ | ကတူး | ကနန်း |
|---|---|---|
| ရေ | ဝဲ | ဝေ |
| ဝက် | ဝပ် | ဝမ့် |
| ချေး | ကျေး | ကျီ |
| စားပါ | ရုတ် | ရောက်စ |
| သောက်ပါ | အုမ | အုဇ |
| ထိုင်ပါ | ထုံ | ထုံး |
| ကြိုက်တယ် | ကြိုက်တမ | လာမောင်မ |
| လှတယ် | ရောမာ | ဂရာမာ |
| ပြုံးပါ | နီးယန်းလေး | ပြုံးတော့မ |

ကတူး၊ ကနန်းတို့တွင် မြန်မာစကားလုံးတူများစွာရှိရာ “အမေ၊ ဘုရား၊ ထီး၊ ရထား၊ ကျောင်း၊ သေနတ်။ ချဉ်ပေါင်၊ ကလောင်တံ၊ အိမ်မြောင်၊ ပုတီး၊ နားတောင်း၊ စော်ဘွား၊ လိပ်၊ ခါ့ငှက်” စသည်တို့ ဖြစ်ကြသည်။

**ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးဓလေ့**

ကတူးအများစုသည် အနည်ထိုင်နေပြီဖြစ်သော ဟိန္ဒူဝါဒနှင့် မြောက်ပိုင်း မဟာယနဗုဒ္ဓဝါဒကို ကိုးကွယ်ဆည်းကပ်ခံကြသည်ဟု ဆိုသည်။ နရပတိစည်သူမင်းလက်ထက် မြေတူးတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားရေးအတွက် မြန်မာသက္ကရာဇ် ၅၄၀ ခုနှစ်တွင် ရွှေဂူမြင်ရုပ်ပွားတော်ကြီးကို ထုလုပ်ကိုးကွယ်စေသော်လည်း မြို့စား၊ ရွာစားအသိုင်းအဝိုင်းကသာ ကိုးကွယ်သည်ဟု ယူဆကြသည်။

ကတူးအများစုသည် ပုဂံခေတ်ကုန်ဆုံးချိန်အထိ မဟာယနဗုဒ္ဓဝါဒကို ကိုးကွယ်ခဲ့ကြသည်။ ကတူးတို့သည် ပုဂံခေတ်က အနော်ရထာနှင့် စောလူးမင်းတို့လက်ထက်(၃၇၉-၄၂၆)တွင် ရှင်အရဟံနှင့် အနော်ရထာတို့၏ သာသနာပြုလုပ်ငန်းကြောင့် ထေရဝါဒသာသနာကို လက်ခံယုံကြည်စပြုလာခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။

ယခုအခါ ထေရဝါဒဗုဒ္ဓသာသနာကို ကိုးကွယ်လျက်ရှိပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကိုပါ အထူးထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။ ဗန်းမောက်မြို့နယ် စက်တောရွာရှိ ရှေးဟောင်းဆင်းတုရုပ်ပွားတော်များနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစွာအပြင် ယနေ့နာမည်ကြီးနေသော ဇလုံတောင်စေတီတော် တည်ထားကိုးကွယ်ခဲ့သည့် မှတ်တမ်းများကိုပါ ထိန်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့ရသည်။ ကတူးတို့မှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ၎င်းတို့နယ်မြေတွင် ကြာခံပလ္လင်၊ ဆင်ခံရုပ်ပွားတော်များ ပေါလှသည်။ အလှူအတန်း လွန်စွာရက်ရောကြ၏။ ရှိစုမဲ့စုပုံအောကာ ကုသိုလ်လုပ်လေ့ရှိသည်။ ဘုရားဒါယကာ၊ ကျောင်းဒါယကာအပြင်သာမက တံတားဒါယကာဘွဲ့များပါ ရယူလေ့ရှိသည်။ ဘာသာရေးဓလေ့အရလူ့ဘဝတွင် မိမိတို့၏သားများကို ရှင်သာမဏေအဖြစ် သွတ်သွင်းမှလူဖြစ် ရကျိုးနပ်သည်ဟု စွဲလမ်းယုံကြည်ကြသည်။ ရှင်ဆယ်ပါး၊ ဆယ့်ငါးပါးစုပြီး ရှင်ပြုပွဲလုပ်လေ့လုပ်ထရှိသည်။

ရှင်လောင်းလှည့်သောအခါ လှည်းများ၊ မြင်းများ၊ ဆင်များပေါ်တွင် ရှင်လောင်းတင်၍ လှည့်တတ်ကြသည်။ ရှင်လောင်းကိုပွေ့ချီ၍ ပခုံးထမ်း၍လည်း လှည့်တတ်ကြသည်။ ရှင်လောင်းလှည့်ချိန်တွင် သျှိုးလိုက်ရတု၊ ဘောလယ်ရတုများသီဆိုတတ်ကြသည်။ ကသာ၊ ဗန်းမောက်၊ အင်းတော်နယ်မြေတွင် မန်လည်ဆရာတော်ကြီး၏ သျှိုးလိုက်ရတုကို ယနေ့တိုင် သီဆိုကြဆဲဖြစ်သည်။ ရဟန်း၊ ရှင်သာမဏေအရိပ်မနင်းရဟု ယုံကြည်ကြသည်။

ရိုးရာနတ်များကိုလည်း ယုံကြည်ကြ၏။ အထက်နတ်၊ အောက်နတ်ခွဲပြီး ကိုးကွယ်ကြသည်။ တောစောင့်နတ်၊ တောင်စောင့်နတ်၊ လယ်မြေစောင့်နတ်၊ မိုးနတ်၊ လေနတ်အပြင် မိုင်းလုံအရှင်ကြီး၊ သူ့လုံသူ့ကပ်ခေါ် နတ်နှစ်ပါး၊ ဖိဟော်(ခေါ်)မုဆိုးနတ်၊ စပါးလိပ်ပြာ(ခေါ်) ပုန်းမကျီနတ်တို့ကို ပူဇော်ပသလေ့ရှိ၏။ ရှေးအခါက “ဟုန်းနတ်”ကို ပူဇော်ကြသည်။ ဘုရင့်နောင်လက်ထက်တွင် အမိန့်နှင့် တားမြစ်၍ ယစ်ပူဇော်သည့်ဓလေ့ ပျောက်ခဲ့ရသည်။

ခေါင်းဆောင်လုပ်သူသေလျှင် နတ်ဖြစ်သည်ဟု ယုံကြည်ပြီး ငွေတစ်မတ်အပြင် အသုံးအဆောင်ပစ္စည်းများ ထည့်ပေးတတ်သည်။ ကတူးတို့မှာ ဗေဒင်၊ ယတြာများကိုပါ ယုံကြည်သည်။ ဉ၊ ဩြောင်းလုပ်ကာ မန်းမှုတ်ခြင်းလည်း လုပ်တတ်ကြသည်။ (ဇဟိလာဘံ၊ ဇဟိခန်) ဂါထာများကိုပါ ရွတ်လေ့ရှိ၏။ ဘုန်းကြီး၊ သီလရှင်၊ ခမည်းတော်၊ မယ်တော်သေလျှင် ပွဲကြီးလုပ်ကြသည်။ အငြိမ့်ပွဲ၊ ဇာတ်ပွဲများထည့်သည်မှာ အညာဒေသနှင့်တူလှသည်။

အမဲလိုက်လျှင် ဖီဟော်နတ်အပြင် “လမိုင်းသခင်မ”ကိုပါ ပူဇော်ကြ၏။ ကတူးတို့က စုန်းမကို(ရွာ့သမီး) ဟုခေါ်လေ့ရှိသည်။ တောမုဆိုးများ လမိုင်းတင်ရာတွင် ကြက်ဖ၊ ကြက်မတစ်စုံကို တောထဲယူသွား၍ သတ်ဖြတ်ပြီး ဆီမပါဘဲ ဆား၊ နနွင်းလူးကာ ဦးစွာချက်ပြုတ်ရသည်။ ပြီးလျှင် ဖက်ပေါ်တင်၍ ပူဇော်ပသကြသည်။ ဝါဝင်ဝါထွက် ချိန်အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ မီးဖိုစောင့်နတ်၊ ခေါင်တိုင်နတ်၊ လှေကားစောင့်နတ်များကို မီးထွန်းပူဇော်ပုံမှာ မြန်မာများနှင့် တူလှသည်။

**လူမှုစီးပွားဘဝ**

ကတူးတို့သည် ပုဂံခေတ်ကပင် ကောက်ပဲသီးနှံများကို စနစ်တကျ စိုက်ပျိုးစားသောက်နေထိုင်ခဲ့ကြကြောင်း သိရသည်။ မူးမြစ်ဝှမ်းတွင် တည်ရှိသော ကတူးလူမျိုးတို့၏ နေထိုင်ရာဒေသသည် လယ်ယာကိုင်းကျွန်းသီးနှံစိုက်ပျိုးနိုင်သည့် လွင်ပြင်ငယ်များဖြင့် ဝိုင်းရံလျက်ရှိသဖြင့် လယ်ယာများတွင် မူးမြစ်ရေဖြင့် သယ်ယူပြီး စိုက်ပျိုးကြသည်။ ချောင်းငယ်မြောင်းငယ်များကို တာတမံတုတ်၍လည်း ရေသွင်းယူစိုက်ပျိုးကြသည်။

တောတောင်ထူထပ်သောနေရာတွင် နေထိုင်ကြသော ကတူးတို့ဒေသ၌ ဖြောင့်စင်းသောကျွန်းသစ်ပင်များ၊ ကျွန်းတောများ အထူးများပြားစွာ ပေါက်ရောက်သည့်အတွက် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်စိုးစဉ်က နယ်ချဲ့အင်္ဂလိပ်တို့ သစ်ကုမ္ပဏီများသည် ကတူးလူမျိုးများ၏ အကူအညီဖြင့် ကျွန်းသစ်များကို ထုတ်ယူနိုင်ခဲ့သည်။ ကတူးများကား တောကျွမ်းသည်။ သစ်ထုတ်လုပ်ငန်းတွင် အသုံးပြုသောဆင်များကို ကတူးစကားနားလည်အောင် သင်ကြားပေးပြီးနောက် ဆင်များကို ကတူးဆင်ထိန်းများ ထိန်းကျောင်းမှုစွမ်းရည်ဖြင့် ဆင်လုပ်အားကို အပြည့်အဝအသုံးချနိုင်ခဲ့သည်။

ရှေးမြန်မာဘုရင်မင်းများလက်ထက်ကတည်းက ရွှေမှုန်းကတူး၊ သံချက်ကတူးများအဖြစ် တိုင်ပြည်တာဝန်ကို ထမ်းဆောင်ခဲ့ကြသူများပီပီ ယနေ့တိုင် ရွှေကျင်လုပ်ငန်း၊ သံချက်လုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းနေသူများလည်းရှိနေကြသေးသည်။ ဤသို့သော ဒေသတွင်းလုပ်ငန်း အခြေခံကောင်းများရှိခဲ့သော်လည်း ခေတ်မီနည်းပညာများဖြင့် အသုံးချလုပ်ကိုင်နိုင်မှု အားနည်းချက်ကြောင့် ကတူးတို့၏ လူမှုစီးပွားဘဝအခြေခံကောင်းများကို အသုံးချလုပ်ကိုင်နိုင်မှုအားနည်းမှုသည်ပင် လူနေမှုဘဝများနိမ့်ကျခြင်းကို ဖြစ်ပေါ်စေခဲ့သည်။

**လူမှုရေးဓလေ့ထုံးတမ်းများ**

ကတူးတို့၏ လူမှုရေး၊ သာရေးနာရေးကိစ္စရပ်များတွင် မပါမပြီး “လူပျိုခေါင်း” ဖြစ်သည်။ ရွာတိုင်းတွင် လူပျိုခေါင်းများရှိသည်။ လူပျိုခေါင်းအတွက် ရွာလယ်တွင် သီးခြားအဆောင်တစ်ခု ဆောက်ပေးထားရသည်။ အလှူဖြစ်စေ၊ မင်္ဂလာဆောင်ဖြစ်စေ၊ ပွဲလမ်းသဘင်ရှိလျှင် ပွဲရှင်များက လူပျိုခေါင်းထံ ပွဲအပ်ရသည်။ သာရေးနာရေးကိစ္စကို ပြီးစီးသည်အထိ ဦးစီးဆောင်ရွက်ပေးရန် ပြောဆိုခြင်းကို ပွဲအပ်သည်ဟုခေါ်သည်။ ထိုအခါ လူပျိုခေါင်းက မောင်းတီး၍ လူပျို၊ အပျိုများကို စုစည်းလိုက်သည်။ *(ဆက်လက်ဖော်ပြပါမည်)*




ကတူးလုံမေများမှာ ငယ်စဉ်အခါ ဆံရစ်ဝိုင်းများ၊ ကြက်တောင်စည်းများ ထုံးကြသော်လည်း အပျိုဖော်ဝင်လာလျှင် မြန်မာတို့ကဲ့သို့ပင် ဦးလုံးသိမ်းပြီး နောက်တွဲဆံထုံးများ ထုံးကြသည်။ ရွှေနားတောင်း၊ နားကပ်များ ပန်ကြသည်။ ပင်လယ်ဘူးကတူး တို့သည် လက်ကောက်၊ လက်စွပ်များပါ ဝတ်တတ်ကြသည်


**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.comသို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

(စာတည်း)

# ဇာတ်သဘင်သမားဘဝကို တိုက်သူကြီးရာထူးနှင့် မလဲနိုင်သည့် ရှမ်းအနုပညာရှင်ကြီး ဦးသြဇေယျ

သီပေါကိုလတ်

**ရှမ်းပြည်နယ်မှ ရှေးစော်ဘွားကြီးများသည် အနုပညာရှင်များကို အထူးအားပေးမြှောက်စားခဲ့ကြသည်။ အနုပညာကိုလေးစားမှုရှိသလို ဖန်တီးသူအနုပညာသမားတို့အပေါ်၌လည်း တန်ဖိုးထားမှုရှိခဲ့ကြသည်။ ဟော်နန်းတော်ကြီးအတွင်း၌ "သဘင်ဆောင်"ဟူ၍ပင် သီးခြားထားရှိပေးခဲ့သည်။ ရှမ်း၊ ဗမာ ဇာတ်သဘင်ပညာရှင်များကို သဘင်ဆောင်၌ လာရောက်လေ့ကျင့်ကပြသီဆိုခွင့်ပြုခဲ့သည်။ တော်ဝင်မျိုးနွယ်များကိုလည်း ကပြဖျော်ဖြေခွင့်ရရှိခဲ့ကြသည်။ သဘင်အနုပညာရှင်များအတွက် "ဇာတ်စု"ရပ်ကွက်ဟူ၍ပင် သီးသန့်နေရာချထားပေးခဲ့သည်။ ချီးမြှင့်မြှောက်စားခဲ့ကြသည်။ ထိုအချိန်ကာလက ရှမ်းပြည်နယ်တစ်ခွင်လုံး၌ ယနေ့အထိ နာမည်ထင်ရှားကျော်ခဲ့သော ရှမ်းပြဇာတ်သဘင်ဖခင်ကြီး ဦးသြဇေယျ ခေါ် လုံးသြဇေယျဆိုသည့် အနုပညာရှင်ကြီးတစ်ဦးရှိခဲ့သည်။ ရှမ်းသဘင်ပညာရှင်အားလုံးက ယနေ့အထိ အလေးအမြတ်ပြု ဂါရဝထားနေရသော ရှမ်းဂီတသဘင်အနုပညာရှင်ကြီးလည်းဖြစ်သည်။**

ဦးသြဇေယျကို နောင်ချိုမြို့နယ် သဖန်းကုန်းကျေးရွာ၌ အဘဦးမောင်မှန်း၊ အမိဒေါ်အေးဆိုင်တို့မှ ၁၂၆၅ ခုနှစ် တော်သလင်းလဆန်း ၉ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ငယ်အမည်မှာ "ဖိုးနွယ်" ဖြစ်ပြီး ညီငယ်အမည်က ဖိုးကြွယ်ဖြစ်သည်။

မိခင်နှင့်အတူ ကျောက်မဲမြို့နယ် ပန်ပေါင်းရွာသို့ ပြောင်းရွှေ့လာပြီး စတုတ္ထတန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့ဖူးသည်။ အသက် ၁၁ နှစ်အရွယ်တွင် ကျောက်မဲမြို့ ဖပွတ်ကျောင်းတိုက်၌ ရှင်သာမဏေပြုခဲ့ပြီး "ရှင်သြဇေယျ"ဟု ဘွဲ့အမည်တွင်ခဲ့သည်။ အသက် ၁၅ နှစ်အရွယ်တွင် လူထွက်ပြီး ဦးလေးဖြစ်သူ ဆရာဦးကာလိန္ဒနှင့်အတူ သီပေါမြို့၌ နေထိုင်ခဲ့သည်။ ဦးလေးထံမှ ဗေဒင်အတတ်၊ ဆေးပညာအတတ်များကို သင်ယူခဲ့သည်။

ဦးသြဇေယျသည် အနုပညာကို ထက်သန်စွာဝါသနာပါသူလည်းဖြစ်သည်။ ရှမ်းလူပျိုအပျိုလှည့်စကားထာများ၊ ကဗျာလင်္ကာများကို အထူး စိတ်ဝင်တစားလေ့လာခဲ့သည်။ ပြုစုမှတ်သား၍ စုဆောင်းခဲ့သည်။ ၁၃၀၅ ခုနှစ်တွင် ဝါသနာတူသူများနှင့် စုပေါင်း၍ သီပေါမြို့ ဘိုးတော်ကျောင်းတိုက်၌ အပျော်တမ်းအကအဖွဲ့အဖြစ် ကပြခဲ့ကြသည်။ ဦးသြဇေယျက ဒါရိုက်တာနှင့် ဇာတ်ညွှန်းဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ရှမ်းခေတ်ဟောင်းကိုယ်ပိုင်သံစဉ်များကိုလည်း တီထွင်ပြီး တီးဝိုင်းဖြင့် သီဆိုနိုင်အောင် ကြိုးစားခဲ့သည်။ ရှမ်းအနုပညာဂီတသဘင်တို့ဖြင့် ရှမ်းပြည်သူလူထု လက်ခံသတိပြုလာနိုင်အောင်လည်း လမ်းဖောက်ခဲ့သည်။

ခရစ်နှစ် ၁၉၄၆ ခုနှစ်တွင် သီပေါစော်ဘွားစဝ်ကြာဆိုင်က သူ့အပေါ် ကျေးဇူးရှိခဲ့သည့် ဦးသြဇေယျအား ထိုအချိန်က အင်မတန်မှ အရှိန်အဝါကြီးမားသော တိုက်သူကြီးခန့်အပ်ရန်အတွက် ကမ်းလှမ်းခဲ့သည်။ သို့ရာတွင် ဦးသြဇေယျက တိုက်သူကြီး အရှိန်အဝါရာထူးအာဏာထက် ရှမ်းဇာတ်သဘင် အနုပညာကိုသာ မြတ်နိုးသည်။ စော်ဘွားချီးမြှင့်ပေးအပ်မည့် တိုက်သူကြီးရာထူးကို မလိုချင်ကြောင်း၊ ရှမ်းဇာတ်သဘင်ကိုသာ ထူထောင်သွားနိုင်အောင် စော်ဘွားကြီးက အားပေးကူညီစေလိုပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထိုအခါ စော်ဘွားစဝ်ကြာဆိုင်က ရှမ်းဇာတ်သဘင်ထူထောင်နိုင်ဖို့ ဘာအကူအညီပေးရမှာလဲဟု မေးသည်။ ဦးသြဇေယျက ရှမ်းဇာတ်သဘင်ထူထောင်ဖို့အတွက် ဇာတ်ပစ္စည်းဝယ်နိုင်ရန်ပိုက်ဆံ ငွေကျပ် ၁၀၀၀ သာ လိုအပ်ပါတယ်ဟု ပြန်ပြောရာ စော်ဘွားက အံ့အားသင့်သွားခဲ့သည်။ ပြီးမှ ပိုက်ဆံတစ်ထောင်နဲ့ရပြီလား၊ ထပ်ယူဦးမလား၊ အကူအညီပေးပါမည်ဟုပြောသည်။ ဦးသြဇေယျက ဇာတ်ပစ္စည်းဝယ်ဖို့တစ်ထောင်ပဲလိုအပ်တာပါ၊ အပိုမလိုအပ်ပါဟု ပြန်ပြောကြားခဲ့သည်။ ထိုအခါ စော်ဘွားက ဆုတော်ငွေကျပ် ၁၀၀၀ ချီးမြှင့်ထုတ်ပေးစေခဲ့သည်။

ဦးသြဇေယျသည် စော်ဘွားချီးမြှင့်ငွေကျပ် ၁၀၀၀ ဖြင့် တူရိယာပစ္စည်းများ ဝယ်ယူပြီး ရှမ်းဇာတ်သဘင်အဖွဲ့ကို အခိုင်အမာ ထူထောင်ခဲ့တော့သည်။ မိုင်းမုမှ နန်းလိတ်ကို ပထမဦးဆုံး ရှမ်းပြဇာတ်မင်းသမီးအဖြစ် စင်တင်ခဲ့သည်။ မင်းသမီး၏ ညကြေးကိုလည်း ထိုက်တန်စွာပေးခဲ့သည်။ ထို့နောက်ပိုင်းတွင် ကြိုးစားမှု၊ ရိုးသားမှု၊ တီထွင်တင်ဆက်နိုင်မှုတို့ကြောင့် အောင်မြင်တိုးတက်မှုရရှိလာပြီး ရှမ်းပြည်အနှံ့ သွားရောက်ကပြခဲ့ကြရသည်။ ထို့အပြင် အခြားမြို့ရွာများသို့လည်း ဇာတ်သဘင်ပညာများကို သင်ကြားပေးခဲ့ရသည်။

ရှမ်းခေတ်ဟောင်းဇာတ်ဝင်သီချင်းများ၊ အဖွင့်အပိတ်သီချင်းများကိုလည်း ကိုယ်တိုင်သီကုံးစပ်ဆိုခဲ့သည်။ အော်ပရာဇာတ်လမ်းများနှင့် ရာဇဝင်များကိုလည်း ကိုယ်တိုင်ရေးဆွဲကာ ပရိသတ်များ စိတ်ကျေနပ်နှစ်သက်အောင် ဖျော်ဖြေတင်ဆက်နိုင်ခဲ့လေသည်။

အသက်၂၄ နှစ်အရွယ်တွင် အိမ်ထောင်ကျခဲ့ပြီး မကြာမီ ဇနီးဖြစ်သူ ကွယ်လွန်သွား၍ နောက်ထပ် အိမ်ထောင်နှစ်ဆက်အထိပင်ပြုခဲ့သည်။ သားသမီးသုံးဦး ထွန်းကားခဲ့သည်။ သမီးငယ်ဖြစ်သူကို ပွဲဦးထွက်မင်းသမီးလေးအဖြစ် စင်တင်ပွဲထုတ်ခြင်းပြုခဲ့သည်။ အလားတူပင် ရှမ်းဇာတ်သဘင် မျိုးဆက်ပေါင်းများစွာကိုလည်း လက်ဆင့်ကမ်းသင်ကြားပြသ၍ မွေးထုတ်ပေးခဲ့သည်။ ဦးသြဇေယျကား ရှမ်းဇာတ်သဘင်အနုပညာများဖြင့်သာ ဘဝကို ပျော်ရွှင်ကျေနပ်စွာ ကျင်လည်ဖြတ်သန်းခဲ့သည်။ ရှမ်းပြည်နယ်တစ်ခွင်လုံး သူ၏ လုံးသြဇေယျရှမ်းသဘင်မှာ အထူးပင် ကျော်ကြားထင်ရှားခဲ့ရသည်။ သီပေါစော်ဘွားစဝ်ကြာဆိုင်ထံမှ နောက်ထပ် မည်သည့်အခွင့်အရေးမျှလည်း တောင်းခံခြင်းမရှိတော့။ စော်ဘွားအလုပ် စော်ဘွားလုပ်၍ ဇာတ်သမားအလုပ် ဇာတ်သမားလုပ်ခဲ့ကြသည်။ ကိုယ့်လမ်းကိုယ်ထွင်၍ ကိုယ့်ခရီး ကိုယ်နှင်ခဲ့ကြလေသည်။

ဂီတသဘင်အနုပညာများဖြင့် ရှမ်းပြည်လူထုကို အကျိုးပြုခဲ့သော လုံးသြဇေယျခေါ် ဦးသြဇေယျသည် အသက်(၈၅)နှစ်အရွယ်တွင် သီပေါမြို့ ဟာလျန်ရပ်နေအိမ်၌ ကွယ်လွန်သွားခဲ့သည်။ ဦးသြဇေယျသည် ရှမ်းဇာတ်သဘင်ကို စတင်တည်ထောင်ပြီး ရှမ်းယဉ်ကျေးမှုအားဖော်ထုတ်ပေးသူဖြစ်သဖြင့် ၂၀၀၈ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်လုံးဆိုင်ရာ ရှမ်းပိဋကတ်ဘာသာပြန်အဖွဲ့ချုပ်က ပင်လုံမြို့ နှစ် (၅၀)ပြည့် ရွှေရတုပရိယတ္တိသဒ္ဓမ္မပါလစာပွဲတော်၌ ရှမ်းအနုပညာရှင်ထူးချွန်ဆုကို ချီးမြှင့်ခဲ့လေသည်။

ထိုဆုကို ဦးသြဇေယျကိုယ်စား မော်ကွမ်တိုင်း(ရှမ်းချယ်ရီ) ဇာတ်အဖွဲ့ပိုင်ရှင် ဦးဆန်စိုင်းက တက်ရောက်လက်ခံခဲ့သည်။ ဆက်လက်၍ ရှမ်းစာဆိုတော်ဂုဏ်ပြုမြှင့်တင်ရေးနှင့် ရှမ်းယဉ်ကျေးမှုပြဇာတ်သဘင် ဦးဆောင်တည်ထောင်သောဂီတအနုပညာရှင် ဆရာကြီး ဦးသြဇေယျကို ဂုဏ်ပြုချီးမြှင့်ခြင်းအပါအဝင် ရှမ်းဇာတ်သဘင်၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ပွဲတော်ကိုလည်း ၁၃၈၀ ပြည့်နှစ်က သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ စည်ကားစွာ ကျင်းပခဲ့ကြသည်။

ထိုစိန်ရတုအထိမ်းအမှတ်ကို ဆရာတော်များ၏ သြဝါဒခံယူ၍ ရှမ်းဇာတ်သဘင် အနုပညာရှင်များက ဒေသခံရှမ်းတိုင်းရင်းသားများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပေသည်။ ဦးသြဇေယျ အပျော်တမ်းရှမ်းဇာတ်အဖွဲ့ကို စတင်တည်ထောင်ကပြခဲ့ကြသော နှစ်မှစ၍ သတ်မှတ်ရေတွက်ခဲ့ကြပြီး စိန်ရတုပွဲတော်ကိုလည်း အပျော်တမ်း စတင်စုပေါင်းကပြခဲ့ရာ သီပေါမြို့ အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်ဇရပ်ယာမှာပင် ရွေးချယ်ကျင်းပဖြစ်ခဲ့ကြသည်။

ရှမ်းပြည်နယ်တစ်ဝန်းရှိ ရှမ်းဇာတ်သဘင်ပညာရှင်များ၏ အနုပညာဖခင်ကြီးဖြစ်ခဲ့သော လုံးသြဇေယျခေါ် ဦးသြဇေယျကား အရှိန်အဝါကြီးမားသော တိုက်သူကြီးရာထူးနှင့်ပင် မလဲနိုင်သည့်သူ၊ မြတ်နိုးတန်ဖိုးထားရာ ရှမ်းဂီတဇာတ်သဘင်အနုပညာဖြင့် အကျိုးပြုသွားခဲ့သူတစ်ဦးဖြစ်ကြောင်း ဂုဏ်ပြုဖော်ပြလိုက်ရပါသည်။

**မှီငြမ်းကိုးကားချက်**


**ပင်လုံမြို့၊ နှစ်(၅၀)ပြည့် ရွှေရတုပရိယတ္တိသဒ္ဓမ္မပါလစာပွဲတော် အထိမ်းအမှတ်စာစောင်.....**

**ဦးစိုင်းငို့ကွမ်း၊ နာယက**

**သီပေါမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၏ကူညီမှု......**



ရှမ်းပြဇာတ်သဘင် ဖခင်ကြီး ဦးသြဇေယျ (သီပေါ)



ဦးသြဇေယျ၏ သမီးငယ် (ပွဲဦးထွက်မင်းသမီးလေး)





ရှမ်းဇာတ်သဘင်ဖခင် ဦးသြဇေယျကိုယ်စား စိုင်းဆန်စိုင်းက အနုပညာထူးချွန်ဆု လက်ခံယူစဉ်။

# ရှေးမြန်မာမင်းများလက်ထက်မှ ယနေ့အထိ ရိုးရာအမွေအနှစ်တစ်ခုအဖြစ် ထိန်းသိမ်းလာခဲ့သည့် မြန်မာ့သနပ်ခါး

မြန်မာ့သနပ်ခါးသည် သင်းပျံ့သောရနံ့နှင့် ပြည့်စုံသည့်အပြင် လိမ်းကြံထားသူရဲ့ အသားအရေကို စိုပြည်ဝင်းဖန့်၍ လှပစေခြင်း၊ ချောမွတ်စေခြင်း၊ အေးမြစေခြင်း၊ စိတ်ကြည်လင်လန်းဆန်းစေခြင်း၊ နေရောင်ခြည်ဒဏ်မှ ကာကွယ်ပေးခြင်း စသောဂုဏ်အင်္ဂါများနှင့် ပြည့်စုံသဖြင့် ရှေးခေတ်နန်းတွင်းသူများကအစ ကောက်စိုက်သမများအဆုံး လက်လွှတ်မခံနိုင်ဘဲ လိမ်းခြယ်ခဲ့ကြသည်။ မြန်မာမိန်းကလေးများသည် ရေချိုးပြီးတိုင်း သနပ်ခါးကို ခုံခုံမင်မင် နှစ်နှစ်သက်သက် လိမ်းခြယ်ကြသလို ဘုရားသွားကျောင်းတက် အလှူမင်္ဂလာပွဲလမ်းသဘင်များ ရှိလျှင်လည်း သနပ်ခါးကို လိမ်းခြယ်သွားကြသည်။

ထို့ပြင် မြန်မာနိုင်ငံ အလယ်ပိုင်း အညာဒေသတစ်ခွင်တွင် မီးပုံပွဲများ၌ မြတ်စွာဘုရားအား ရည်မှန်း၍ သနပ်ခါးဖြင့်ပူဇော်သည့် အလေ့အထရှိကြသည်။ ထိုအလေ့အထများကို ပုဂံခေတ်မှစ၍ အစပျိုးကြသည်။

**ဆေးဖက်ဝင်ပုံ**

သနပ်ခါးသည် အပူကြောင့်ဖြစ်သော ဝေဒနာ၊ အအေးကြောင့်ဖြစ်သော ဝေဒနာ နှစ်မျိုးစလုံးအတွက် သွေးပြီးလိမ်းကျံခြင်းဖြင့် ကိုယ်တွင်းရှိ အခိုးများထွက်ကာ ရောဂါပျောက်ကင်းသည်။ အပူဒဏ်ကို ကာကွယ်ပေးသောကြောင့် နေပူထဲတွင် အလုပ်လုပ်သူများ သနပ်ခါးကို လိမ်းထားခြင်းဖြင့် အပူဒဏ်မှ သက်သာစေသည်။ ခေါင်းကိုက်၊ ခေါင်းအုံ၊ ဇက်ကြောတက်၊ နှာခေါင်းပိတ်ခြင်းတို့အတွက် သနပ်ခါးကို သွေးပြီးရှူပေးခြင်းဖြင့် ဝေဒနာသက်သာစေသည်။ အမျိုးသမီးများ မီးယပ်ရောဂါအတွက် နနွင်းနှင့်သွေးပြီး လိမ်းပေးရသည်။ အမျိုးသမီးရောဂါများကြောင့် ကိုယ်အမြဲပူနေလျှင် သနပ်ခါးကို ကံ့ကော်ဝတ်ဆံနှင့် ရောသွေးပြီး သကြားအနည်းငယ်ထည့်ကာ တိုက်ကျွေးနိုင်သည်။ အမျိုးသားများ ဆီးကြောင့် ဖြစ်တတ်သည့် ခေါင်းအုံ၊ ခေါင်းကိုက်၊ သွားကိုက်၊ မျက်စိဝေဝါးခြင်းတို့ကို သနပ်ခါးမြစ်သွေးပြီး သောက်ပေးရသည်။

**ပြုလုပ်သုံးစွဲ၊ ရောနှောပေါက်ရောက်**

သနပ်ခါးသားသည် မာကျော၍ အဝါရောင်ရှိသည် ကျစ်လျစ်သိပ်သည်းသောကြောင့် အခြောက်ခံထားသော သနပ်ခါး တစ်ကုဗပေလျှင် ၆၁ ပေါင်အလေးချိန်စီးသည်။ ထို့ကြောင့် ယင်းအသားဖြင့် ဆီကြိတ်ဆုံ၊ ဝင်ရိုးနှင့် စပါးထောင်းသည့်မောင်းအပြင် ပွတ်ထိုးရာတွင်လည်းကောင်း၊ ပန်းပုထုလုပ်ရာတွင်လည်းကောင်း၊ အတိုင်းအတာကိရိယာ ပြုလုပ်သုံးစွဲရာတွင် သနပ်ခါးသားဖြင့် ပြုလုပ်သုံးစွဲကြသည်။

သနပ်ခါးပင်ကို ရုက္ခဗေဒ အမည်အားဖြင့် လင်မိုနီယားအက်စစ်ဒီစီမားဟုခေါ်၍ သီး၊ ဥသျှစ်၊ လိမ္မော်၊ ရှောက်၊ သံပုရာ၊ ပျဉ်းတော်သိမ်တို့နှင့် တစ်မျိုးတည်းဖြစ်ကာ သန်း၊ ဒဟတ်၊ ထနောင်း၊ ဆီးဖြူ၊ ရှား၊ တည်ပင်၊ ခံပင်များနှင့် ရောနှော ပေါက်ရောက်တတ်သည်။ အပင်လုံးပတ်မှာ သုံးပေခန့်အထိ ကြီးထွားနိုင်သော အပင်ငယ်တစ်မျိုးဖြစ်၍ ရွက်ကြွေပင်မျိုးတွင် ပါဝင်သည်။

**သနပ်ခါးကိုတိုးချဲ့စိုက်ပျိုး**

သနပ်ခါးပင်များကို မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့ရသော်လည်း ပူပြင်းခြောက်သွေ့သော အလယ်ပိုင်း အညာဒေသတွင် ပို၍ဖြစ်ထွန်းသည်။ အများစိုက်ပျိုးသောမြို့မှာ အရာတော်မြို့ဖြစ်ပြီး ဧကတစ်သိန်းကျော် စိုက်ပျိုးကာ မြန်မာတစ်နိုင်ငံလုံးရှိ သနပ်ခါးစိုက်ဧက၏ ၇၅ ရာခိုင်နှုန်းခန့် စိုက်ပျိုးထားကြောင်း သိရသည်။ အခြားထပ်မံ စိုက်ပျိုးထားကြသည့် မြို့များမှာ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ရွှေဘို၊ ဘုတလင်၊ ယင်းမာပင်၊ မုံရွာ၊ မြင်းမူ၊ ပေါက်မြို့တို့တွင်လည်း တိုးချဲ့စိုက်ပျိုးထားပြီး သနပ်ခါးစိုက်ဧက သုံးသိန်းကျော်ရှိကြောင်း သိရသည်။



**ပူးပေါင်းဆောင်ရွက်ကြပါစို့**

ထို့ကြောင့် ရှေးမြန်မာဘုရင်များ လက်ထက်မှစ၍ ယနေ့အထိ ရိုးရာယဉ်ကျေးမှုတစ်ခုအဖြစ် ထိန်းသိမ်းလာခဲ့ကြသည့် မြန်မာ့သနပ်ခါးကို မြန်မာတို့အတွက် လက်ဆောင်အဖြစ်လည်းကောင်း၊ မြန်မာ့ပြယုဂ်တစ်ခုအဖြစ်လည်းကောင်း တည်ရှိပြီး မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ဇေယျာထက်(မင်းဘူး)

# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

စက်တင်ဘာ ၁၃၊ ၂၀၂၀
(တနင်္ဂနွေနေ့)


ဝတ္ထုတို

## ■ မယ်ယဉ်ကျေး

ကျွန်မ အိမ်ထောင်ကျခါစတုန်းကပေါ့။ ရင်းနှီးစားစရာ ငွေပိုငွေလျှံလည်းမရှိတော့ ကြုံရာအလုပ်လိုက်လုပ်ရတယ်။ ကျွန်မ လင်တော်မောင်က မနက်ဆိုဈေးထဲကုန်ထမ်း၊ ကျွန်မကလည်း ကုန်သယ်တယ်။ ဒီလိုနဲ့ ဖြစ်သလိုစားပြီး အလုပ်တွေလုပ်ရင်း စုမိဆောင်းမိလေးဖြစ်တော့ ဆိုက်ကားလေးတစ်စီးကုတ်လိုက်မိတယ်။ တစ်ပတ်နွမ်းပေါ့ရှင်။ ဆိုက်ကားလေးကလည်း ဝင်ငွေမဆိုးဘူးရှင့်။ ကြိုးစားပြီးရိုးသားတဲ့ ကျွန်မလင်ကို လူချစ်လူခင်လည်းများပ။

ဈေးထဲကုန်အတင်အချဆို သူ့ပဲ လက်စွဲထားကြတာ ကျွန်မကလည်း သမ္မာအာဇီဝကျတဲ့အလုပ်ဆိုလာထားပဲ။ မနက်သုံးနာရီဆို ကျွန်မက မြို့နယ်ဈေးတက်ပြီး တောဘက်လည်း ဈေးရောင်းထွက်လိုက်သေးတယ်။ ကြွေးကျတဲ့အခါကျသလို လက်ငင်းရောင်းသွက်တဲ့နေ့ဆို တွက်ခြေတော့ကိုက်သား။ အိမ်မှာလည်း ကြက်ကလေးဘဲကလေးထည့်ထားလိုက်သေး။ ရက်လတွေများလာတော့ စုမိဆောင်းမိအပိုဝင်ငွေလေးလည်း အတိုးချထားတယ်လေ။ လင်မယားနှစ်ယောက်ဖြုန်းသူကလည်းမရှိ၊ ဝင်သမျှငွေက စားစရိတ်နုတ်ပြီး ကျန်တာအပိုလေ။ ကျွန်မလည်း ဒါကိုပဲ ကျေနပ်နေမိတယ်။

(၂)

တစ်နေ့တော့ မနက်အစော ကျွန်မရင်ထဲ မရှင်းမရှင်းပျို့ချင်အန်ချင်နဲ့ စိတ်လက်မအီမသာဖြစ်နေတယ်။ လင်တော်မောင်က ဆိုက်ကားနဲ့ထွက်သွားတာကြာပေါ့။ နားလိုက်ချင်ပေမယ့် ကိုယ့်လောဘနဲ့ကိုယ်မို့ ဈေးသွားဖော်တွေဝင်အခေါ်စောင့်ရင်း ကြက်စာ၊ ဘဲစာ ချကျွေးနေမိတယ်။

"မိရေ"သွားမယ်ဟေ့

"အေးအေး အဆင်သင့်ပဲ၊ ကျုပ်ကစောင့်နေတာ၊ အိမ်တံခါးပိတ်လိုက်ဦးမယ်"



ကျွန်မလည်း ပြောပြောဆိုဆိုအိမ်တံခါးပိတ်ပြီးထွက်လာခဲ့တယ်။ ဈေးရောက်တဲ့အခါ ကုန်သယ်ရင်း ကျွန်မဇောချွေးတွေပြန်လာတယ်။ ခေါင်းတွေလည်းချာချာလည်၊ မျက်စိထဲလည်း ဘာဆိုဘာမှမမြင်တော့ဘူး။ နောက်ဆုံး ကျွန်မမှတ်မိတာက ကျွန်မလဲကျသွားတာပဲ။ ကျွန်မသတိရလာတော့ လူကအိမ်ပြန်ရောက်နေပြီ။ ကျွန်မလက်ကို လင်တော်မောင်က ကိုင်လျက်သားမေးတယ်။

"မိ သက်သာလား"

"ဟုတ်အစ်ကို လူကသက်သာပါတယ်။ ရင်ထဲကတော့ အန်ချင်နေတယ်တော်"

ကျွန်မကို လူမမာလာမေးကြတဲ့အထဲ ကြီးတော်လှလည်းပါတယ်။ ကြီးတော်လှဆိုတာ အရပ်ထဲက ဝမ်းဆွဲလက်သည်ပေါ့။ ကျွန်မတို့ လင်မယားပြောနေတာကို နားထောင်ရင်း ကြီးတော်လှက "ကလေးမ၊ ညည်းအန်ချင်နေတယ်ဆိုရင် ညည်းဗိုက်ကိုငါတစ်ချက်စမ်းကြည့်စမ်းမယ်"ဟု ပြောလည်းပြော စမ်းလည်းစမ်းရင်း "အမလေး မောင်ရေချမ်း မင်းကလေးအဖေဖြစ်ပြီဟေ့"

ကြီးတော်လှစကားအဆုံး ကျွန်မမိုးကြိုးပစ်ခံလိုက်ရသလိုပဲ။

ကုန်ကုန်ပြောရရင် ကျွန်မအသက်အရွယ်က ကျားစီးဝါးစီး အလုပ်လုပ်ကောင်းနေတဲ့အရွယ်မဟုတ်လား။

မလိုချင်သေးဘူး။ ဒီကလေးကို ကျွန်မဘယ်လိုလုပ်ရပ့ါမလဲ။ ကျွန်မယောကျ်ားကတော့ လူအေးသမား။ ရရင်မွေးတဲ့လေ။ ကျွန်မမှာသာ ဥစ္စာရှာနှောင့်နှေးမှာ စိုးရိမ်တဲ့စိတ်နဲ့ တားဆေးကို မေ့တစ်ခါလျှော့တစ်လှည့် သောက်မိတဲ့ ကျွန်မကိုယ်ကျွန်မ တနုံ့နုံ့ပေါ့ရှင်။

(၃)

ကျွန်မလင်က ကျွန်မကို အလုပ်နားလိုက်လို့ပြောပေမယ့် ဝင်ငွေနည်းမှာစိုးလို့ ကျွန်မဈေးထဲ အများနည်းတူ ကုန်လိုက်ရွက်တုန်း။ ကျွန်မလည်း ကိုယ်မလိုချင်သေးတဲ့အချိန်ရလာတဲ့ကိုယ်ဝန်မို့ ရှိတယ်လို့ကို မထင်ဘူး။ သူများကိုယ်ဝန်ဆောင်တွေဆို သက်သက်သာသာနေတဲ့အချိန် ကျွန်မကတော့ မျက်လုံးထဲမှာ ပိုက်ဆံအထပ်ပဲမြင်နေမိတယ်။ အိုဂျီနဲ့သာ မအပ်တာ။ ကြီးတော်လှဆီမှာ အနှိပ်ခံလိုက်သေးတယ်။ သန္ဓေမာချက်တော်။ ပျက်မကျဘူး။ ကိုယ်ဝန်အရင့်အမာနဲ့ပဲအလုပ်တွေ လိုက်လုပ်နေတုန်း။ တစ်ညတော့ ညသန်းခေါင်ကျော်ချိန်မှာ ကျွန်မဗိုက်နာလာတယ်။

"အား အစ်ကိုရေ ထပါဦး၊ မိလေ မွေးတော့မယ်ထင်တယ်၊ ဆီးစပ်ကတဆစ်ဆစ်နဲ့နာနေတယ်တော် ကြီးတော်လှ သွားခေါ်ချေ"

ကျွန်မအသံကြောင့် သူလည်း ကမန်းကတန်းထပြီး ကြီးတော်လှဆီပြေးလေရဲ့။ မကြာခင် ကြီးတော်လှရောက်လာတယ်။

"ကလေးမ ညှစ်ထားညှစ်ထား"

ကျွန်မလည်းနာလွန်းလို့ အနီးအနားမှာ ကိုယ့်ကိုအားပေးတဲ့အသံတွေ မကြားတစ်ချက်ကြားတစ်ချက်နဲ့ ရှိသမျှအား အကုန်ထည့်ညှစ်လိုက်တာ။

"မွေးပြီဟေ့ မွေးပြီ။ ယောကျ်ားလေးဟေ့ ကိုယ်လက်အင်္ဂါစုံတယ်"

ကြီးတော်လှစကားသံအဆုံး ကျွန်မလည်း ရှိသမျှအားကုန်သွားသလို မှိန်းနေလိုက်တော့တယ်။

(၄)

ကျွန်မလည်း မမွေးခင်ကသာ မလိုချင်ဖြစ်မိပေမယ့် မွေးပြီးတော့ချစ်မိသား။ ကျွန်မသားလေးက အမွေယူထားတာ။

ကျွန်မလိုပဲ ညိုညိုလေး။ ဖအေတူရင်တော့ အသားလတ်မှာ။ အို ညိုလည်း ကျွန်မချစ်တတ်နေပြီလေ။ တစ်လ၊ နှစ်လ၊ သုံးလကနေ ခြောက်လတောင်ရောက်ပေါ့။ သားလေးကခုထိမထိုင်နိုင်သေးဘူး။ ကျွန်မစိုးရိမ်လာမိတယ်။

"အစ်ကိုရေ"

"ပြောလေ မိ"

"မနက် မြို့က ကလေးဆရာဝန်နဲ့ ကျွန်မတို့သားလေးကို သွားပြရအောင်တော်၊ ရှစ်လထဲတောင်ရောက်နေပြီ၊ သားလေးက အခုထိ မထိုင်သေးဘူးတော့၊ ကျွန်မစိုးရိမ်နေပြီ အစ်ကိုရေ"

"သွားပြတာပေါ့မိရယ်၊ သိပ်လည်းမစိုးရိမ်ပါနဲ့"

လင်တော်မောင်က အားပေးပေမယ့် ကျွန်မစိုးစိတ်ကနည်းနည်းမှလျှော့မသွား။

ဒီနေ့ ကျွန်မသားလေး ဆရာဝန်နဲ့ပြတဲ့နေ့ "စိတ်ခိုင်ခိုင်ထားပါ သမီး၊ သမီးရဲ့ ကလေးက မွေးကတည်းက အကြောသေအကြောပျော့ရောဂါ ပါလာတယ်။ ဒီတစ်သက်တော့ သူများအထောက်အပံ့နဲ့ ရှင်သန်ရမယ် သမီးရေ၊ ကံပေါ့ကွယ်"တဲ့။

ဆရာဝန်ကြီးရဲ့မှတ်ချက်အဆုံးမှာ ကျွန်မရဲ့ မျက်လုံးထဲက မျက်ရည်တွေ တသွင်သွင်စီးကျလာတယ်။ လောဘတွေက ကျွန်မသားလေးရဲ့ ဘဝကို ကြက်ခြေခတ်ခဲ့မိပြီဆိုတာ ကျွန်မမှာ ခြေလှမ်းလွန် နောင်တတွေရမိရုံမှတစ်ပါး...။

## ဝန်းကျင်သန့်မှ နိုင်ငံလှ

ပတ်ဝန်းကျင် သန့်ရှင်းရေး
အလေးပေးလို့ ဆောင်ရွက်ရာ။
အမှိုက်ကို ကြုံရာမပစ်နဲ့
စည်းစနစ်ရှိပါ။
အမှိုက်ကြောင့် ပိုးရောဂါ
ပေါက်ပွားကာ လာနိုင်ရဲ့။
အများပြည်သူ ဘေးမကျစေဖို့
ထိန်းကြစို့ကွဲ့။
တစ်စမြင် တစ်စကောက်လို့
စောင့်ရှောက်စို့ ဝန်းကျင်သာ။
ရေမစီးသော် ရေမြောင်းရှင်းဖို့
ဆင်းပေါ့ညီညာ။
ပေါက်ပြားနဲ့ တူရွင်းကိုင်ကာ
တက်ကြွစွာ လုပ်ဆောင်လို့။
ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက်
ထမ်းရွက်ပါစို့။
တို့ဝန်းကျင် သန့်ရှင်းရေးမှ
ရပ်ကွက်လေး သန့်ဖို့ရာ။
တို့လူငယ် အဖော်များ
လုပ်အားပေးမှာ။
ရပ်ကွက်မှ ကျေးရွာ
ဆင့်တက်လာ မြို့တိုင်းလေး။
နောက်ဆုံးဝယ် နိုင်ငံသန့်လို့
ခံ့ထည်မနေး။ ။

စိုင်းနေဝန်း(ဟုမ္မလင်း)

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြ ရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## သီးနှံစိုက်ပျိုး အထွက်တိုး

ရာသီရယ် ဝသန်ရောက်လို့
ဖြိုးမောက်စ သီးနှံကြိုင်။
စိုက်ပျိုးကာ တပျော်တပါးနဲ့
ဝင့်ကြွားကာလှိုင်။
စိုက်ပျိုးရေး တို့မဏ္ဍိုင်
မိုးဖြိုင်ဖြိုင် ရွာသွန်းပေး။
တို့လယ်ယာ အသက်ဆက်ဖို့
ထွန်ယက်မနေး။
တို့မြန်ပြည် စိုက်ပျိုးရေးကြောင့်
ရည်မျှော်တွေးလို့ ဖေးမကာ။
စိမ်းစိုရောင် လယ်ကွင်းများနဲ့
စပါးရွှေဝါ။
ကိုရွှေမိုး သွန်းဖြိုးရွာ
အထွက်ဖြာ တိုးပွားဖို့။
မိုးခါဝယ် ပျိုးကိုကြဲကာဖြင့်
နွဲ့ကြပါစို့။
လက်မှုမှုသည် စက်မှုသို့
ရောက်ရှိလို့ အောင်မြင်။
ကြိုးစားမယ် အတူမနေး
ထွန်ရေးရယ်ပြင်။
အမြဲလုပ ထာဝစဉ်
မျိုးစုံလင် ပဲပြောင်းနှမ်း။
စပါးဝါဂျုံ အထွက်တိုးဖို့
သွန်းဖြိုးရွာစမ်း။

ပိုင်ဆု(အင်းစိန်)

## တွန်းလှန်ကာကွယ် ရောဂါရန်စွယ်

လျင်မြန်ကူးစက် ကပ်ရောဂါ
ဂရုစိုက်ကြပါ။
အိမ်မှာနေကာ အပြင်မထွက်
စည်းကမ်းလိုက်နာလျက်။
အလုပ်တက်တဲ့ မိတ်ဆွေတွေ
မက်စ်ကိုတပ်ကြလေ။
မဖြစ်မနေ အပြင်သွား
လူစုဝေးရှောင်ရှား။
ခြောက်ပေခြားဖို့ သတိဝင်
ဌာနအစုံပင်။
လက်ကိုစင်အောင် ပုံမှန်ဆေး
ကာကွယ်ကြမယ်လေး။
တွန်းလှန်ပေးကြ အတူကွယ်
ရောဂါပိုးရန်စွယ်။
တိုက်ဖျက်ကြမယ် မမေ့ဖို့
စည်းကမ်းရှိကြစို့။

မောင်လွမ်းဝေ

ဆောင်းပါး

# ပျော်ရွှင်သူတစ်ယောက်ဖြစ်ဖို့

■ မေမိုး

ငယ်ငယ်တုန်းက ဖတ်ခဲ့ဖူးတဲ့ ပုံပြင်လေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဟိုးရှေးရှေးတုန်းက သူ့ဘဝလေးနဲ့သူ သိပ်ကိုပျော်နေတဲ့ ကျီးမည်းတစ်ကောင်ရှိသတဲ့။ သူက တောကြီးထဲမှာ အစာသွားစားလိုက်၊ သွားလိုက်လာလိုက်၊ သီချင်းတွေ အော်ဆိုလိုက်၊ သူ့သူငယ်ချင်း ကျီးတစ်သိုက်နဲ့ ဟေးလားဝါးလားလုပ်လိုက်နဲ့ သိပ်ပျော်တတ်တဲ့ ငှက်လေးပေ့ါ။ တစ်နေ့မှာ သူက ရေကူးနေတဲ့ ငန်းဖြူလေးတစ်ကောင်ကို တွေ့လိုက်ရတဲ့အချိန်မှာ သူ့ဘဝသူ ကျေနပ်ပျော်ရွှင်နေတဲ့ အပျော်တွေကလည်း ပျောက်ကုန်တော့တယ်။ ငန်းဖြူလေးရဲ့ သိပ်ကိုလှပပြီး ဣန္ဒြေရတဲ့ပုံစံလေးကို တွေ့လိုက်ရတော့ သူ့ကိုယ်သူနဲ့ ငန်းဖြူလေးကို နှိုင်းယှဉ်ပြီး သူမပျော်တော့ဘူး ဖြစ်လာတယ်။ သူက ငန်းဖြူလေးလို အသားလည်းမဖြူဘူး၊မည်းတူးနေတဲ့ သူ့အသားအရောင်ကို သူမုန်းတယ်၊အသံကလည်း အာတယ်။ မျက်လုံးကလည်း ဟိုကြည့်ဒီကြည့်နဲ့ ဣန္ဒြေမရလိုက်တာဆိုပြီး သူ့ကိုယ်သူ အပြစ်တွေမြင်ပြီး ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ ဖြစ်လာတယ်။ ဒါဆို ငန်းဖြူလေးကတော့ သူ့ဘဝသူ သိပ်ကျေနပ်ပြီး ပျော်နေမှာပဲလို့ သူက ထင်တယ်။ မနေနိုင်တော့ ငန်းဖြူလေးကို သွားမေးတယ်။ ‘ငန်းဖြူလေးရေ မင်းက သိပ်ပျော်တဲ့ငှက်လား’လို့ မေးတော့ ငန်းဖြူလေးက ပြန်ပြောတယ်။

“အေး အစကတော့ ငါလည်း တော်တော်ပျော်ခဲ့တဲ့သူပါ။ ကြက်တူရွေးကို မမြင်ဖူးခင်အချိန်အထိပေ့ါ။ ကြက်တူရွေးက အရောင်နှစ်ရောင်၊ သုံးရောင်နဲ့ သိပ်လှတာပဲ။ သူ့ကို တွေ့လိုက်တော့ ငါမပျော်တော့ဘူးကွာ။ ငါက သူ့လောက်မှ မလှတာ”တဲ့။

ဒါနဲ့ ကျီးမည်းလေးက ကြက်တူရွေးကို ရှာတယ်။ ရှာတွေ့တော့ ‘ဟုတ်သားပဲ ကြက်တူရွေးက ပိုလှတယ်။ ဒါဆို သူကမှ အပျော်ဆုံးသူ ဖြစ်နေမှာပဲ’လို့ တွေးမိပြီး ကြက်တူရွေးကို သွားမေးတယ်။ ကြက်တူရွေးက “အရင်တုန်းကတော့ ငါလည်း ငါ့ကိုယ်ငါ သိပ်ဂုဏ်ယူပြီး ကျေနပ်တယ်။ ငါ့ဘဝ ငါပျော်တယ်။ ဒါပေမယ့် အဲဒါက ဒေါင်းကို မတွေ့ခင်အထိပေ့ါ။ ဒေါင်းကို တွေ့လိုက်ရချိန်မှာ သူ့အမွေးအတောင်တွေက သိပ်လှတယ်၊ ရောင်စုံတောက်ပလင်းလက်နေတာ သက်တန့်တစ်စင်းလိုပဲ။ သူ့အမြီးကို ဖြန့်လိုက်ရင် ဝိုင်းအုံနေတဲ့ လူတွေက သူ့ကို လှလိုက်တာလို့ ချီးကျူးကြ၊ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်လို့။ ငါဖြင့် ဒေါင်းကို သိပ်အားကျတာပဲကွ”လို့ ပြန်ဖြေသတဲ့။ အဲဒါနဲ့ ကျီးမည်းလေးကလည်း ဒေါင်းရှိရာကို လိုက်ရှာပြီး ဒေါင်းကို တွေ့တော့ “လှပမှုရော၊ ထင်ပေါ်မှုရော၊ လူတွေအလေးပေး ချီးမြှောက်မှုရောကို အကုန်ရနေတဲ့ဘဝဆိုတော့ ကမ္ဘာမှာ အပျော်ဆုံးငှက်ဖြစ်နေမှာပေ့ါနော်”လို့ ပြောတော့ ဒေါင်းက လှောင်အိမ်အပြင်ဘက်မှာ ဝိုင်းအုံပြီး ကြည့်နေကြတဲ့ လူတွေဘက်ကို မေးငေ့ါပြလိုက်ရင်း “အဲဒီလှပမှုတွေကြောင့်ပဲ ငါဘယ်မှသွားလို့မရအောင် ဒီအထဲမှာ ပိတ်လှောင်ခံထားရတာလေ။ တစ်ခါတလေကျရင် ငါလည်း မင်းတို့လို သိပ်လွတ်လပ်ချင်တယ်။ ပျံချင်တဲ့ နေရာပျံမယ်၊ နားချင်တဲ့ နေရာနားမယ်။ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် လွတ်လွတ်လပ်လပ် နေချင်တယ်။ တကယ်တော့ လွတ်လပ်တဲ့ဘဝဆိုတာ ပျော်စရာအကောင်းဆုံးဘဝပါ ကျီးမည်းရေ။ မင်းငါ့ကို အားမကျပါနဲ့။ ငါကတော့ ငါ့ဘဝကို ငါမကျေနပ်ဘူး၊ ပျော်လည်းမပျော်ဘူး”လို့ ရင်ဖွင့်ပြောပြသတဲ့။

အဲဒီနောက်ပိုင်းတော့ ကျီးမည်းလေးက အရင်ကလိုပဲ သူ့ဘဝသူ ကျေနပ်ပျော်ရွှင်တဲ့ ငှက်လေးတစ်ကောင်ဖြစ်သွားပါတော့တယ်။ သူ့မှာရှိနေတဲ့ အသားအရောင် မည်းနေတာကိုလည်း သူမသိမ်ငယ်တော့ဘူး။ ဟိုဟိုဒီဒီ ကြည့်တတ်တဲ့ သူ့မျက်လုံးတွေကိုလည်း သူ စိတ်မပျက်တော့ဘူး။ သူသိပ်လှနေရင် ခုနက ဒေါင်းလေးလိုပဲ လှောင်အိမ်ထဲမှာ အချုပ်ခံထားရမှာလို့ တွေးမိတော့ စိတ်ထဲရှိသလို ကိုယ့်ဘဝကိုယ် လွတ်လပ်စွာဖြတ်သန်းနိုင်တဲ့ သူ့ဘဝလေးကို သူကျေနပ်သွားတော့တာပေ့ါ။

ဒီပုံပြင်ထဲက ကျီးမည်းလေးလိုပါပဲ။ ကျွန်မတို့ လူသားတွေကလည်း ကိုယ့်မှာရှိတဲ့ ကိုယ်ပိုင်ဆိုင်ထားရတဲ့ အရာတွေကို လက်ခံကျေနပ်ရမယ့်အစား ကိုယ့်မှာမရှိတဲ့ တခြားသူတွေရဲ့ ပိုင်ဆိုင်မှုတွေကိုမှ အထင်ကြီးပြီး အားကျနေကြတယ်။ သူတစ်ပါးက ကိုယ့်ထက်သာနေတဲ့ အချက်တွေကိုပဲကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရဖြစ်ပြီး သိမ်ငယ်နေကြတယ်။ တကယ်တော့ အပေါ်ယံ ရုပ်ရည်လှပမှု၊ ငွေကြေးဥစ္စာကြွယ်ဝမှု၊ အောင်မြင်မှု၊ ထင်ပေါ်ကျော်ကြားလူသိများမှုတွေကို ရရှိထားတဲ့လူတွေက ပျော်ရွှင်နေတဲ့ လူတွေပဲလို့ ကျွန်မတို့တွေက ထင်တတ်ကြပါတယ်။ အဲဒီလို လူတွေမှာလည်း မပျော်ရွှင်နိုင်တဲ့ အကြောင်းရင်းတွေ တစ်ခုမဟုတ်တစ်ခု ရှိနေနိုင်တယ်ဆိုတာကိုတော့ ကျွန်မတို့ မစဉ်းစားမိကြပါဘူး။ ချမ်းသာပြည့်စုံပေမယ့်လည်း သူတစ်ပါးမျက်နှာကိုကြည့်ပြီး ကိုယ့်ဘဝကိုယ် မပိုင်တဲ့ဘဝအခြေအနေတွေမှာ နေနေကြရသူတွေ၊ လွတ်လပ်မှုမရှိဘဲ ဘဝကို ချုပ်နှောင်မှုတွေ၊ ဟိတ်ဟန်တွေနဲ့ စိတ်ပင်ပန်းစွာ ဖြတ်သန်းနေကြရသူတွေလည်း လောကမှာ အများကြီးရှိနေနိုင်တာပါပဲ။

အခုနောက်ပိုင်း ဆိုရှယ်မီဒီယာတွေ ပိုမိုတွင်ကျယ်လာချိန်မှာဆို ပိုလို့တောင်ဆိုးပါတယ်။ လူတွေက လူမှုကွန်ရက်တွေကို အသုံးပြုပြီး အပြိုင်အဆိုင်ကြွားဝါလာကြတဲ့အခါ သုံးနိုင်သူတွေ၊ သွားလာနိုင်သူတွေ၊ စားသောက်နိုင်သူတွေက သွားလာစားသောက်နေတဲ့ ပုံရိပ်တွေ၊ နောက်ဆုံးပေါ် အဝတ်အစားအသုံးအဆောင်တွေ စသဖြင့် လူမှုကွန်ရက်စာမျက်နှာထက်တွေမှာ သူ့ထက်ငါ အပြိုင်အဆိုင် လူအထင်ကြီးခံရဖို့၊ တခြားသူတွေရဲ့ လှလိုက်တာ၊ ချောလိုက်တာ၊ သူကံကောင်းလိုက်တာ၊ ဝတ်နိုင်စားနိုင်လိုက်တာဆိုတဲ့ ချီးမြှောက်စကားသံတွေ အားကျသံတွေကို ကြားရဖို့၊ ကိုယ့်စိတ်ကျေနပ်မှုကို ပုံစံတစ်မျိုးနဲ့ ရှာဖို့ အသုံးပြုလာတဲ့အခါ သူတို့လို မသုံးနိုင်၊ မဝယ်နိုင်၊ မဝတ်နိုင်၊ မစားနိုင်တဲ့သူတွေက သူတို့ဘဝကို သူတို့ ပိုမိုအားငယ်လာကြတော့တယ်။ အဆင်ပြေသာယာနေတဲ့ စုံတွဲပုံတွေ၊ အိမ်ထောင်ရေးအကြောင်းတွေကို စာသားတွေနဲ့ရော ရုပ်ပုံတွေနဲ့ပါ အပြိုင်အဆိုင်တင်ကြတဲ့အခါ အိမ်ထောင်ရေးကံမကောင်းသူတွေ၊ အချစ်ရေးကံမကောင်းသူတွေက တခြားသူတွေဘဝကို အားကျပြီး သူတို့ဘဝကို သူတို့ပိုပြီး မကျေမနပ်စိတ်တွေနဲ့ အဆိုးမြင်လာပါတော့တယ်။

တကယ်တော့လည်း ဆိုရှယ်မီဒီယာပေါ်မှာ လူတွေတင်နေသမျှ ပြောနေသမျှ သူတို့ဘဝ ဖြတ်သန်းမှုတွေ ပြင်ဆင်မှုတွေက အမှန်တကယ် လက်တွေ့ဘဝမှာ အဲဒီအတိုင်း အမှန်တကယ် ဟုတ်ချင်မှလည်း ဟုတ်နိုင်မှာပါ။ လူအများရှေ့ လူအများမြင်သာ သိနိုင်စေမယ့်နေရာမှာတော့ လူတွေက သူတို့အဆင်ပြေပျော်ရွှင်နေတာတွေ၊ လှတာတွေ၊ ကောင်းတာတွေကိုပဲ ရွေးပြီးတော့ တင်ကြပြောကြတာမျိုးလည်း ရှိနိုင်ပါလိမ့်မယ်။ ဒါလောက်ကိုပဲ သိပြီးမြင်ပြီး တခြားသူဘဝဖြတ်သန်းမှုအကြောင်း တကယ့်လက်တွေ့ဘဝ ရှင်သန်ရုန်းကန်မှုအကြောင်းကို သေချာမသိရဘဲနဲ့ အပေါ်ယံလောက်ကို သိရရုံနဲ့ အဲဒီလူတွေရဲ့ဘဝနဲ့ ကိုယ့်ကိုယ်ကိုယ် နှိုင်းယှဉ်ပြီး အားငယ်နေ သိမ်ငယ်နေတာမျိုးတော့ မဖြစ်သင့်ပါဘူး။ ဒါကြောင့်လည်း ဆိုရှယ်မီဒီယာတွေကို အလွန်အကျွံသုံးစွဲပြီး အဲဒီအရာတွေအပေါ်မှာ မျောပါခံစားနေသူတွေကလည်း ကြာလာတဲ့အခါ စိတ်ကျဝေဒနာမျိုးတွေ ခံစားရလာနိုင်ပါတယ်။

သူတစ်ပါးနဲ့ နှိုင်းယှဉ်ပြီး ကိုယ့်ဘဝကိုယ် မပျော်ရွှင်တော့တဲ့စိတ်၊ကျေနပ်ရောင့်ရဲမှု မရှိတော့တဲ့စိတ်၊ အမှန်တရားကို လက်မခံနိုင်ဘဲ ကိုယ့်မှာမရှိတဲ့အရာတွေကို ရဖို့ မမှန်ကန်တဲ့ နည်းလမ်းတွေနဲ့ မရမက ကြိုးစားလုပ်ဆောင်လာကြတဲ့အခါ မလိုလားအပ်တဲ့ ဖြစ်ရပ်မျိုးတွေနဲ့ တွေ့ကြုံပြီး ဒုက္ခရောက်သွားနိုင်ပါတယ်။ ဒါကြောင့်လည်း ဘဝမှာ အမှန်တကယ် ပျော်ရွှင်ချင်တယ်ဆိုရင် ကိုယ့်ဘဝကိုယ်၊ ကိုယ့်ကိုယ်ကိုယ် သူတစ်ပါးနဲ့ မနှိုင်းယှဉ်ပါနဲ့။ ကိုယ်အသေအချာ မသိမမြင်ရတဲ့ ဘဝတွေကိုလည်း အရမ်းကာရော အားမကျမိပါစေနဲ့။

လူဆိုတာ ကိုယ့်ဘဝနဲ့ကိုယ်သာ ဖြစ်တည်လာကြရတာမို့ ကိုယ့်ဘဝကို အရှိအတိုင်း၊ အမှန်တိုင်းသိမြင်လက်ခံပြီး ကိုယ်လုပ်စရာရှိတာတွေကိုသာ အကောင်းဆုံးလုပ်ဆောင်ရင်း ကိုယ်ရည်ရွယ်ရာ ရည်မှန်းချက်ပန်းတိုင်ဆီကို ရောက်အောင်သာ တစိုက်မတ်မတ် ကြိုးစားကြသင့်ပါတယ်။ ကိုယ့်မှာရှိတဲ့အရာတွေကို တန်ဖိုးထားရောင့်ရဲပြီး ကျေနပ်တတ်တဲ့ စိတ်လေးလည်းရှိမှသာ ဘဝကနေပျော်တဲ့ ဘဝတစ်ခုဖြစ်လာနိုင်မှာဆိုတာကို ပြောကြားရင်း လွတ်လပ်ပျော်ရွှင်တဲ့ လူသားများဖြစ်ကြစေဖို့ ဆန္ဒပြုရေးသားလိုက်ပါတယ်။

## ဘုရားဝတ်ပြုချိန်

လသော်တာ ရောင်ဖြာလွှမ်းတဲ့၊
ချုပ်ညချမ်း လဲ့မှောင်ရီ။
ထက်ဝဠာ မြူတိမ်ကင်းလို့၊
လင်းလက်ငွေရည်။
ကြယ်တစ်သင်းတို့ ခရံစီ၊
အလှပန်းချီ တစ်မူထူး။
အိမ်အမှောင် ဖယောင်းမီးပူနဲ့၊
ဝတ်ချသံထူး။
ဒူဝေဝေ ကြေးစည်ထုလို့၊
မြတ်ကောင်းမှု အမျှဝေ။
မေတ္တာသံ ကြည်ရွှင်အေး၊
ဓမ္မတေးခွေ။
ဝေနေယျ သတ္တဝါတွေ၊
မာပါစေ သာစေကြောင်း။
ဆီမီးထိန် ဘုရားခန်းက၊
ချမ်းမြဖွယ်ကောင်း။

ကိုစိုး(နန်းမြို့ဟောင်း)


## အချိန်မဖြုန်းပါနဲ့ ချစ်မိတ်ဆွေ

အချိန်ကို အကျိုးရှိ
အသိဖြင့် သုံးပါလေ။
အားလပ်ချိန် စာတွေဖတ်
မှတ်သားပါစေ။
မကောင်းသော လုပ်ရပ်တွေ
မပြုသင့်ပေ မိတ်ဆွေများ။
အောင်မြင်ရန် အချိန်မဖြုန်း
သုံးတတ်စေသား။
ချစ်မိတ်ဆွေ အသိတရားဖြင့်
ကိန်းအောင်းပွား နေ့သစ်ဝယ်။
အလုပ်ကို လက်စသတ်
ဆုံးဖြတ်ကြရှယ်။
ပရဟိတ အကျိုးသယ်
တိုးတက်မယ် တန်ဖိုးကြီး။
လိုက်နာကာ ဆောင်ရွက်သင့်တယ်
တင့်တယ်ခရီး။
ပေးတာဝန် အစဉ်မညည်းပါနဲ့
သုခနီးတဲ့ နေ့သစ်မှာ။
တန်ဖိုးဝင် လူသားအဖြစ်
ထုဆစ်မှန်စွာ။
လောကကြီးလည်း သာသာယာ
ငြိမ်းချမ်းကာ အပူကင်း။
ဂုဏ်ရန်တွေ အစဉ်မွှေးတယ်
အေးမြသောသတင်း။

ဖြိုးထက်(ရေစကြို)

ဝတ္ထုတို

## နွယ်



လမ်းဘေးဓာတ်မီးတိုင်တွေရဲ့ အလင်းရောင်အောက်မှာ ရန်ကုန်ညက ငြိမ်သက်စပြုနေပါပြီ။ ကောင်းကင်ပေါ်က လဆန်းကွေးလေးကလည်း ကြယ်တွေကိုအဖော်ပြုလို့ သူ့ခရီးသူနှင်ဆဲ။ ကားရပ်လိုက်ချိန်မှာတော့ လမ်းထိပ်က သူထိုင်နေကျလက်ဖက်ရည်ဆိုင်တောင် တံခါးပိတ်သိမ်းနေပြီ။ ဇေယျာမောင်က လက်ပတ်နာရီကို ကြည့်လိုက်တော့ ည ၁၂ နာရီထိုးဖို့ ၁၀ မိနစ်အလို။

ရုံးကားမောင်းတဲ့ ကိုကျော်ဝင်းက အားတုံ့အားနာပြုံးရင်း "ကိုဇေယျာရေ လမ်းထဲထိတော့ လိုက်မပို့တော့ဘူးနော်"

"ရပါတယ်ဗျာ။ ခင်ဗျားက ရုံးမှာ ကားပြန်သိမ်းရဦးမှာနဲ့၊ အိမ်ပြန်ရဦးမှာနဲ့ အချိန်တောင် မနည်းတော့ဘူး။ ပြီးတော့ ဒီခရီးမှာ ခင်ဗျားက တောက်လျှောက် ကားမောင်းလာရတာ ဆိုတော့ အပင်ပန်းဆုံးပဲ၊ ကဲ သွားပြီဗျာ၊ ဂွတ်နိုက်"

ဇေယျာမောင်က အင်န်ဂျီအိုအဖွဲ့အစည်းတစ်ခုရဲ့ Project Manager တစ်ယောက်ပါ။ သူတို့အဖွဲ့အစည်းရဲ့ အဓိကရည်ရွယ်ချက်က မြန်မာနိုင်ငံမှာ လူကုန်ကူးခံရမှု လျော့နည်းပပျောက်သွားစေဖို့ပါပဲ။ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ပြည်သူလူထုတွေကို အသိပညာပေး ဟောပြောဆွေးနွေးပွဲတွေ ပြုလုပ်ပေးရတဲ့အပြင် စားဝတ်နေရေးအတွက် အဆင်ပြေဖို့နဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိစေဖို့အတွက် အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းတွေကိုလည်း စီစဉ်ဆောင်ရွက်ပေးရပါတယ်။

အခုလည်း အလုပ်အချိန်ဇယားအစီအစဉ်အတိုင်း ရက်သတ္တနှစ်ပတ်တာ နယ်တွေကို ခရီးတွေ လှည့်သွားပြီး ခုည မိုးအတော်ကြီးချုပ်မှပဲ အဖွဲ့သားတွေအားလုံး ရန်ကုန်မြေကို ပြန်နင်းကြရတယ်။ ဇေယျာမောင် တစ်ယောက် ကျောပိုးအိတ်တစ်လုံး၊ လက်ဆွဲအိတ်တစ်လုံးနဲ့ အမေ့အတွက် ဝယ်လာတဲ့ပစ္စည်းတွေကို ဆွဲရင်း လမ်းချိုးလေးအတိုင်း လျှောက်ဝင်လာခဲ့တယ်။ အရင်ဆို ဒီအချိန်ထိ လမ်းထဲမှာ ဂစ်တာသံ ဒေါင်ဒင်ပေးနေတဲ့အဖွဲ့ ဒါမှမဟုတ် စကားဝိုင်းဖွဲ့နေတတ်တဲ့ လူငယ်အုပ်စုလေးတွေ ရှိနေကျပါ။ ခုတော့ လူရိပ်လူယောင် တစ်ဦးတလေတောင် မတွေ့ရဘဲ တစ်လမ်းလုံး တိတ်ဆိတ်ငြိမ်ကုပ်နေပါလားလို့ စိတ်ထဲက ခံစားမိတယ်။ ဒါပေမယ့် အမေ့ဆီကို စိတ်ရောက်သွားတော့ အတွေးတွေကို ဖျောက်ပစ်ပြီး ခြေလှမ်းတွေကို ခပ်သွက်သွက်လှမ်းမိတယ်။ ရန်ကုန်ဝင်ခါနီးမှာ အမေ့ဆီ ဖုန်းလှမ်းဆက်ထားတော့ သားကြိုက်တတ်တဲ့ ဟင်းတွေကိုပြန်နွေးရင်း တမျှော်မျှော်နဲ့ မအိပ်ဘဲစောင့်နေရှာတော့မယ်။ သူလည်း ပင်ပန်းထားသမျှ ရေမိုးချိုးချင်လှပြီ။ ပြီးမှ နှစ်ပတ်ကြာလွမ်းနေရတဲ့ အမေ့လက်ရာ ညစာကို အားရပါးရ စားပြီးမှ တစ်ဝကြီးအိပ်ပစ်လိုက်မယ်လို့ အတွေးကောင်းနေတုန်း လမ်းထဲက ခွေးတစ်ကောင်ရဲ့ စူးစူးဝါးဝါး ဆွဲငင်ပြီး အူလိုက်တဲ့အသံကြောင့် တော်ရုံမကြောက်တတ်တဲ့သူတောင် ကျောထဲမှာ စိမ့်ခနဲဖြစ်ပြီး ကြက်သီးဖြန်းခနဲ ထမိသွားသေးတယ်။

အဲဒီအချိန်နဲ့ တစ်ဆက်တည်းမှာပဲ "အစ်ကို" ဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ခေါ်သံတိုးတိုးလေးက နားထဲကို ပီပီသသကြီးပြေးဝင်လာတော့ မွေးညင်းတွေတောင် ထောင်သွားတယ်လို့ ထင်လိုက်မိတယ်။ ယောကျ်ားလေးတွေတောင် လမ်းမထွက်တော့တဲ့ ဒီလိုအချိန်မျိုးမှာ မိန်းကလေးတစ်ယောက်ရဲ့ အသံဆိုတော့ စိတ်ထဲမှာ မသိုးမသန့်ဖြစ်ပြီး လှည့်မကြည့်ဘဲ ဆက်သွားမလို့လုပ်တုန်း

"အစ်ကို... အစ်ကို... ခဏနေပါဦး" လမ်းလျှောက်လာတဲ့ ခြေသံကိုပါ ကြားမိတော့မှ စိတ်ကို တုံးတုံးချလိုက်ပြီး အသံလာရာဘက်ကို လှည့်ကြည့်မိတယ်။ သူ မနက်စာဝင်စားနေကျ ဒေါ်ဒေါ်လှရဲ့ မုန့်ဟင်းခါးဆိုင်အမှောင်ရိပ်ကနေ လူအရိပ်တစ်ခုက သူရှိရာကို လျှောက်လာနေတယ်။ လမ်းမီးရောင်အားကိုးနဲ့ စူးစိုက်ပြီး ကြည့်လိုက်တော့ အသက် ၂၀ ကျော်အရွယ် ကောင်မလေးတစ်ယောက်။ အိတ်လေးတစ်လုံးကို ရင်ခွင်မှာပိုက်ထားရင်း သူရှိရာကို မဝံ့မရဲနဲ့ လှမ်းလာနေတုန်း ဦးနှောက်ကို အလုပ်ပေးလိုက်တော့ သူ့အသိထဲက မဟုတ်တာတော့ သေချာတယ်။ ဒီအချိန်ကြီးမှာ မိန်းကလေးတစ်ယောက်တည်း ဒီမှာ ဘာလုပ်နေတာပါလိမ့်။ ဘာများအခက်အခဲရှိနေလို့လဲ။ တစ်ယောက်တည်း စိတ်ထဲမှာ မေးခွန်းထုတ်ရင်း ကောင်မလေးကို ဘာလဲဆိုတဲ့ ဇဝေဇဝါမျက်နှာနဲ့သာ ကြည့်နေမိတယ်။

"အစ်ကိုက ကိုဇေယျာမောင်ပါနော်... ဟို...ဟိုလေ" ကောင်မလေးက စပြီး စကားပြောမှသာ သူလည်း အသိစိတ်ပြန်ဝင်လာပြီး

"ဟုတ်ပါတယ်။ ပြောပါ ညီမလေး၊ အစ်ကို ဘာများကူညီပေးရမလဲ၊ ညီမကတစ်ယောက်တည်းလား၊ ဒီမှာဘာလုပ်နေတာလဲ၊ ဒီအချိန်ကြီး မိန်းကလေးတစ်ယောက်တည်း အန္တရာယ်သိပ်များတယ်ကွ။"

ကောင်မလေး မရဲတရဲပြုံးပြတာမြင်တော့မှ စောစောက သူ့ရတ်တရက်လန့်မိသွားကို တွေးမိရင်း ကိုယ့်ဘာသာ အရှက်ပြေရယ်မိတော့တယ်။

"အစ်ကို အချိန်ရမယ်ဆိုရင် ညီမလေး စကားပြောချင်လို့ပါ"

"အချိန်ကတော့ ညသန်းခေါင်ကျော်နေပြီလေ၊ ညီမ ဘာပြောချင်လို့လဲ၊ အရေးကြီးလား"

"ဟုတ် အရေးကြီးလို့ပါ"

"ခုက လမ်းမကြီးမှာ အချိန်ကလည်း နှောင်းနေပြီဆိုတော့၊ အင်း...ဒါဆိုရင် ဒီလိုလုပ်ပါလား၊ အစ်ကို့အိမ်က ရှေ့လမ်းချိုးတစ်ကွေ့ဆိုရောက်ပြီ၊ အိမ်မှာ အစ်ကို့အမေလည်းရှိတယ်၊ မယုံရင် အမေ့ဆီ ဖုန်းကြိုဆက်ထားပေးမယ်၊ အိမ်ရောက်တော့မှ အေးအေးဆေးဆေး ပြောကြတာပေ့ါ။"

ကောင်မလေးက ခေါင်းကိုအသာယမ်းပြီး သက်ပြင်းတစ်ချက်ရှိုက်လိုက်တာကို သူသတိထားမိလိုက်တယ်။

"အိမ်တော့မလိုက်တော့ပါဘူး အစ်ကိုရယ်၊ ဒီနားမှာပဲ ပြောကြရအောင်နော်၊ ခဏပါပဲ"

နောက်ဆုံးတော့ ကောင်မလေး ညွှန်ပြတဲ့ မုန့်ဟင်းခါးဆိုင်ရဲ့ ခုံတန်းလျားမှာ ဝင်ထိုင်ရင်း တိုက်တိုက်ဆိုင်ဆိုင် သူ့ရဲ့ တစ်ဦးတည်းသော ညီမလေးကို သတိရမိသွားတယ်။ ဒီကောင်မလေးကလည်း ညီမလေး အရွယ်လောက်ပဲ မဟုတ်လား။ ကောင်မလေးက စကားစပြောပါတယ်။

"အစ်ကို ညီမကိုသိမှာ မဟုတ်ပေမယ့် ညီမကတော့ အစ်ကို့ကို သိနေပါတယ်"

ပြီးတော့ တော်ရုံနဲ့ စကားသံထပ်ထွက်မလာတော့ပြန်ဘူး။ သူလည်း အချိန်တွေကို မေ့ထားပြီး မလောမိတော့ဘူး။ ကောင်မလေးရဲ့ မျက်နှာလေးကိုပဲ ငေးကြည့်နေရင်း စိတ်ထဲမှာလည်း ဘာမှန်းမသိဘဲ သနားနေမိတယ်။ ကောင်မလေးရဲ့ မျက်နှာက ငိုချလိုက်တော့ မလိုရှိနေပြီး တစ်ခုခုကို ဆွေးဆွေးမြည့်မြည့် ခံစားနေရပုံလည်းပေါ်တယ်။ နည်းနည်းကြာမှ ကောင်မလေးရဲ့ နှုတ်ခမ်းတွေက တစ်ဖန်ပွင့်အာလာပြီး

"အစ်ကို ဦးသာမောင်နဲ့ ခွာညိုမောင်တို့ကို သိလား၊ မှတ်ရော မှတ်မိသေးလား"

သူ့ရဲ့ နှလုံးသားကို အားနဲ့ ဆောင့်တွန်းလိုက်ပြီး လူကိုပါယိုင်သွားစေတဲ့ မေးခွန်းပါပဲ။ သူ့ဘဝမှာ ပျောက်ရှခဲ့ရတဲ့ သွေးသားရင်းချာလူနှစ်ယောက်အကြောင်းကို ဒီကောင်မလေးက ဘယ်လိုသိနေတာလဲ။ သူ့ပါးစပ်ထဲမှာ ပြုံထွက်လာတဲ့ မေးခွန်းပေါင်းများစွာကို မမေးရခင်မှာ ကောင်မလေးက သူ့ကိုပဲ ဆက်ပြီးမေးခွန်းထုတ်ပြန်တယ်။

"သူတို့ကို အစ်ကို လိုက်မရှာဘူးလား"

"အစ်ကိုတို့ မိသားစုအကြောင်းကို ညီမဘယ်လိုသိနေတာလဲတော့မသိဘူး။ ညီမပြောတဲ့သူတွေက အစ်ကို့အဖေနဲ့ ညီမလေးပဲ။ အဖေနဲ့ အမေက ကိုယ်တို့ငယ်ငယ်လေးတည်းက ကွာရှင်းခဲ့ကြတာ။ ဒါပေမယ့် နောက်ပိုင်းမှာ အမေရော ကိုယ်ရော သူတို့ကို ပြန်ရှာခဲ့ကြပါတယ်။ ပိုက်ဆံတို့၊ ပစ္စည်းတို့ ကျပျောက်ရင်တောင် လူတွေက ပူဆွေးသောကရောက်ရသေးတာပဲ၊ အစ်ကိုတို့အတွက်က အစားထိုးမရတော့တဲ့ သွေးသားရင်းချာ အဖေနဲ့ ညီမလေး ပျောက်ရှသွားတဲ့ကိစ္စမှာ တစ်ရက်မှ မစဉ်းစားမိဘဲ အိပ်ပျော်သွားတဲ့ည မရှိခဲ့ပါဘူး။ အခု အစ်ကို့ရဲ့အလုပ်က နယ်တကာ ခရီးထွက်ရတယ်၊ ခရီးထွက်တိုင်း အဖေနဲ့ ညီမလေးတို့ကို ရောက်ရာအရပ်မှာ ရှာတယ်၊ စုံစမ်းတယ်၊ ပြီးတော့ အစ်ကိုရော အမေရော မိသားစု အတူတူနေဖူးခဲ့တဲ့ အိမ်ဟောင်းလေးကနေ တစ်ဖဝါးမှ မခွာခဲ့ဘူး၊ အဖေနဲ့ ညီမလေးများ တစ်နေ့ ပြန်လာမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ၊ အမေဆိုလည်း သူ့သမီးကို သိပ်တမ်းတနေတယ်ဆိုတာကို ကိုယ်အသိဆုံးပဲ၊ နေပါဦး ညီမက ဒီကိစ္စတွေ သိနေတယ်ဆိုတော့ ညီမက... ညီမက...အစ်ကို့ရဲ့..."

သူ စကားဆက်မထွက်ရဲဘူး ဖြစ်နေတယ်။ ကောင်မလေးက မဟုတ်ဘူးလို့ ပြောလိုက်မှာလည်း ကြောက်နေမိတယ်။ ခွာညို...ညီမလေးနဲ့ ကွဲသွားတုန်းက သူက ရှစ်နှစ်သား၊ ညီမလေးက သုံးနှစ်သမီးပဲ ရှိသေးတာ၊ ငယ်ရုပ်ပြန်ဖမ်းဖို့အတွက် သူကိုယ်တိုင်ကလည်း အဲဒီအချိန်က ကလေးသာသာအရွယ်ပဲဆိုတော့ တကယ်လို့ လမ်းမှာ ပြန်တွေ့ရင်တောင် ရုတ်တရက် မမှတ်မိနိုင်မှာစိုးမိတယ်။

"အစ်ကိုထင်နေသလို ညီမက ခွာညို မဟုတ်ဘူး၊ အစ်ကို့ညီမ မဟုတ်ဘူး" ကောင်မလေးရဲ့ စကားသံလည်းဆုံးရော သူ့ရဲ့ မျှော်လင့်ချက်ရောင်ခြည် အစလေးလည်း ပြန်ပြီးမှောင်ပိန်းသွားရတော့တာပဲ။ သူ့ဆီက သက်ပြင်းချသံနဲ့ ကောင်မလေးဆီက ရှိုက်သံက အတူတူရောပြီးထွက်ပေါ်လာတယ်။

"ညီမ အခုလာတာက အသိပေးချင်လို့ပါ၊ အစ်ကို့အဖေ တော်တော်မကျန်းမာဘူး။ တစ်ယောက်တည်းဆိုတော့ ဒုက္ခလည်းရောက်နေတယ်။ ဒီမှာ လိပ်စာအပြည့်အစုံရေးပေးထားပါတယ်။ အစ်ကိုတို့ အချိန်မီသွားလိုက်ကြနော်"

"ဘယ်လို...အဖေက တစ်ယောက်တည်း ဟုတ်လား၊ ဒါဆို ညီမလေး ခွာညိုကရော ဘယ်ရောက်နေလို့လဲ။"

"အဲဒါတော့ ရွာရောက်ရင် အကြောင်းစုံသိရမှာပါ၊ ညီမတော့ မပြောချင်ဘူး၊ ခုလည်း ခွာညိုက အကူအညီတောင်းလို့ အစ်ကို့ကို လာပြောပေးတာပါ၊ ခွာညိုက သူ့အမေနဲ့ အစ်ကို့ကို သိပ်ချစ်တာ၊ အမြဲ သတိရနေတာ၊ သူ့အဖေမသိအောင် အစ်ကိုတို့အကြောင်းကို တိတ်တိတ်လေး အမြဲစုံစမ်းနေတာ။ ရော့ ဒီစာရွက်လေးယူထားလိုက်။ ညီမလည်းသွားဖို့ အချိန်ရောက်ပြီ။ သွားတော့မယ်နော်"

ရုတ်တရက် ထထွက်ဖို့ပြင်နေတဲ့ ကောင်မလေးရှေ့ကနေ သူ အလောတကြီး တားမိတယ်။

"နေပါဦး ညီမရယ်၊ ဒီအချိန်ကြီးမှာ ဘယ်သွားမလို့လဲ၊ အိမ်မှာ မေမေနဲ့ ဒီတစ်ညတော့ လိုက်အိပ်လိုက်ပါနော်၊ ညီမလေးရဲ့ သူငယ်ချင်းဆိုတော့ အစ်ကိုတို့လည်း ကြုံကြိုက်တုန်း ဧည့်ဝတ်ပြုချင်လို့ပါ၊ နောက်ပြီး အဖေနဲ့ ညီမလေးခွာညို အကြောင်းလည်း မေးချင်သေးလို့ပါ"

သူက လှမ်းဆွဲတားတော့မယ့်ဟန်ရှိတာကြောင့် ကောင်မလေးက ထိတ်လန့်တကြားနဲ့ နောက်ဘက်ကို ခြေလှမ်းဆုတ်လိုက်တယ်။ ပြီးမှ သူ့မျက်နှာကို သေချာကြည့်ပြီး ချစ်စဖွယ်ပြုံးပြပါတယ်။

"ညီမကို အဖော်တွေစောင့်နေလို့ပါ။ သွားရတော့မှာမို့ပါ။ နှုတ်ဆက်ခဲ့ပါတယ်နော် အစ်ကို"

သူထပ်ပြီးမတားနိုင်ခင်မှာ ကောင်မလေးက ခပ်မြန်မြန် ထွက်သွားတော့တယ်။ လမ်းချိုးဘက်ကို ကွေ့ဝင်ပျောက်ကွယ်သွားတဲ့ ကောင်မလေးကို ရပ်ကြည့်နေရင်း ပဟေဠိပေါင်းများစွာနဲ့ မတုန်မလှုပ် ကျန်နေမိတယ်။ ကောင်မလေးပေးသွားခဲ့တဲ့ လက်ထဲက စာရွက်အပိုင်းလေးကို ပြန်ဖတ်ကြည့်ချိန်မှာ ခွေးတစ်ကောင်က စပြီးဆွဲငင်အူလိုက်သံကြောင့် ဟိုနားဒီနား ဟိုလမ်းဒီလမ်းက ခွေးတွေပါ လိုက်အူသံတွေက တစ်ရပ်ကွက်လုံး ဆူညံသွားတော့မှ သူလည်း အိမ်ပြန်ဖို့ အသိပြန်ဝင်မိတော့တယ်။

x x x

ကောင်မလေးပေးခဲ့တဲ့ လိပ်စာအတိုင်း နောက်ရက်မှာ ရုံးကခွင့်ယူပြီး အမေနဲ့အတူ အဖေနဲ့ ညီမလေးရှိရာကို ရှမ်းပြည်ဘက်က ရွာလေးတစ်ရွာဆီကို ချက်ချင်းလိုက်သွားခဲ့တယ်။ လိပ်စာလည်း မှန်တယ်၊ အဖေ့ကိုလည်း ပြန်တွေ့ရတယ်။ အရက်ဒဏ်တွေအပြင် လေဖြတ်ထားတဲ့အဖေ့မှာ စကားလည်းမပြောနိုင်တော့ဘဲ သူတို့သားအမိကို ဝမ်းနည်းတဲ့ မျက်လုံးတွေနဲ့သာ စိုက်ကြည့်နေတော့တယ်။ ညီမလေးခွာညိုကိုတော့ အရိပ်အယောင်တောင် မမြင်မိတာမို့ အဖေ့ကို ကူညီစောင့်ရှောက်ပေးနေပြီး သူတို့ကို ညွှဲထောက်ခံစကားပြောပေးနေတဲ့ ရွာလူကြီးကိုသာ အချိန်ဆိုင်းမနေဘဲ မေးလိုက်မိတယ်။

"ကျွန်တော့် ညီမလေး ခွာညိုကိုလည်း မတွေ့ပါလား ဦးကြီး။ အဖေ မကျန်းမမာဖြစ်နေတာကို အိမ်မှာ ဘာလို့မနေတာလဲ၊ ရွာမှာမရှိတာလား။ အိမ်ထောင်ကျသွားတာများလား"

သူ့မေးခွန်းကိုကြားတော့ ရွာလူကြီးက မျက်နှာပျက်သွားတယ်။ ပြီးတော့ မပြောရင် မဖြစ်တဲ့ပုံစံမျိုးနဲ့ သက်ပြင်းချလိုက်ပြီး

"ဆရာလေးတို့က ခွာညိုရဲ့ အကြောင်းသိလို့ ဦးသာမောင်ဆီ ရောက်လာကြတယ်လို့ ထင်နေတာ။ ခုက ဘာမှမသိသေးတဲ့ပုံပဲ။ အင်း...စိတ်တော့မကောင်းပါဘူးဗျာ။ ခွာညိုက ပြီးခဲ့တဲ့နှစ်က ဟိုဘက်နိုင်ငံကို အလုပ်လုပ်မယ်ဆိုပြီး အဖော်ကောင်းတာနဲ့ လိုက်သွားတယ်ဆိုပါတော့။ အဲဒီအချိန်တုန်းက ဦးသာမောင်က လေမဖြတ်သေးပေမယ့် ကျန်းမာရေးက တော်တော်မကောင်းတော့ဘူး။ သူလည်း အလုပ်မလုပ်နိုင်တော့ ခွာညိုကပဲ ရရာအလုပ်လေးတွေလုပ်ပြီး ရှာကျွေးနေရရှာတာ။ ခွာညို ထွက်သွားပြီးကတည်းက ကျုပ်တို့လည်း ဘာသတင်းမှမရခဲ့ဘူး။ နောက်တော့ ရွာက အတူတူသွားကြတဲ့ကလေးမလေးတစ်ယောက် ပြီးခဲ့တဲ့လက ရွာကိုပြန်လာမှ အကြောင်းစုံကို သိရတော့တာပဲ။ သူတို့တွေ ဟိုနိုင်ငံမှာ ရောင်းစားခံလိုက်ရတယ်တဲ့ဗျာ။ ပြန်လာတဲ့ ကလေးမလေးကလည်း ထွက်ပြေးလာတာ။ ခွာညိုလည်း သူ့အရင် ထွက်ပြေးဖို့ကြိုးစားရင်းနဲ့ ပြန်ဖမ်းမိပြီးနောက်ပိုင်း နှိပ်စက်တာတွေ မခံနိုင်တဲ့အဆုံး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတယ်တဲ့။ ကျုပ်တို့လည်း ဆရာလေးတို့ အဖေကို ရွာမှာပဲ တစ်သက်လုံး စောင့်ရှောက်ပေးကြဖို့ စီစဉ်ထားပြီးသားပါ။ အခု မိသားစုတွေ ရောက်လာကြတော့ ကျုပ်ထင်တာက ခွာညိုအကြောင်းကိုသိပြီးလို့ လိုက်လာကြတာလို့ ထင်မိတာ။ ကျုပ်တို့ တစ်ရွာလုံးလည်း ခွာညိုအတွက် စိတ်မကောင်းဖြစ်နေကြတာ။ ဆရာလေးညီမက သိပ်ကိုလိမ္မာတဲ့ ကလေးမလေးပါ။ ဖအေအရက်သမားကိုလည်း မငြိုမငြင် ပြုစုလုပ်ကျွေးတယ်။ ဆရာလေးတို့ မိသားစုကွဲကွာနေတာကိုလည်း သူပြောပြလို့ သိရတာပဲ။ သူ့မှာ အမေနဲ့ အစ်ကိုတစ်ယောက် ရှိတယ်ဆိုတာ။ ပြီးတော့ တစ်ခါက ရန်ကုန်သွားရင်းနဲ့ သူ့အဖေပြောပြတဲ့ လိပ်စာအတိုင်း သူ့အမေနဲ့ အစ်ကိုကို သွားချောင်းကြည့်ဖူးတယ်တဲ့။ ကျုပ်တို့က "နင် တစ်ခါတည်း အိမ်မှာသွားနေလိုက်ရောပေ့ါ"လို့ပြောတော့ သူက "ခွာညို့ကို မှတ်မိကြမှာ မဟုတ်ဘူးတဲ့။ ပြီးတော့ လက်မခံဘဲ မောင်းထုတ်ရင် ဘယ်လိုလုပ်မလဲတဲ့"

အမေ့ဆီက ရှိုက်ငိုသံတွေ ထိန်းမရအောင် လွင့်ထွက်လာခဲ့တယ်။ သူကိုယ်တိုင်လည်း မျက်ရည်တွေ စီးကျနေမိတယ်။ ညီမလေးရဲ့ ဓာတ်ပုံလေးတစ်ပုံလောက် ကြည့်ပါရစေလို့ တောင်းဆိုမိတော့ သူ့လက်ထဲကို လာထည့်ပေးတဲ့ ဓာတ်ပုံလေးထဲမှာ ကောင်မလေးက ဟိုတစ်ညကအတိုင်းပဲ သူ့ကို ချစ်စဖွယ်ပြုံးပြီး ကြည့်နေတယ်။ သြော် ညီမလေးရယ်...မိသားစုကို ချစ်ခင်တွယ်တာတဲ့စိတ်က ညီမလေးရဲ့ စိတ်ကို တုပ်နှောင်ခေါ်ငင်ထားခဲ့တာပါလား။ နောင်ဘဝ...ဘဝ ဖြစ်လေရာတိုင်းမှာ မိသားစုစုံစုံလင်လင်နဲ့ ပျော်ပျော်ရွှင်ရွှင် နေရပါစေ။ ပြီးတော့ လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာနဲ့ အမြတ်ထုတ်ရောင်းချခြင်းခံရတဲ့ အဖြစ်အပျက်မျိုးကို သံသရာတစ်လျှောက် ထပ်ပြီး မခံစားရပါစေနဲ့တော့ကွာ။ အစ်ကိုတစ်ယောက်လုံးက လူကုန်ကူးမှုတိုက်ဖျက်ရေးမှာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေပေမယ့် ညီမလေးကို လောဘမုဆိုးရိုင်းတွေရဲ့ သားကောင်မဖြစ်အောင် ကာကွယ်မပေးနိုင်ခဲ့ဘူး။ ဒါပေမယ့် စိတ်ချပါ။ ညီမလေးတို့လို အရိုးခံပြည်သူတွေရဲ့ဘဝဟာ လောဘရမ္မက် အတ္တဘီလူးတွေရဲ့ စားကျက်ကွင်းတွေ ထပ်မဖြစ်စေဖို့အတွက် အစ်ကိုတို့ အစွမ်းကုန်ကြိုးစားကာကွယ်သွားပါ့မယ်လို့ ညီမလေးကို ကတိပေးပါတယ်။

ခြွေနင်းခံ အကြွေပန်းလေးတစ်ပွင့်ရဲ့ ရှိုက်သံတွေ ဒီမှာတင် တိတ်ပါစေတော့... ချစ်ခြင်းရဲ့ ရစ်ဖွဲ့ချည်နှောင်ခံ စိတ်ဝိညာဉ်လေးလည်း လွတ်လပ်ပါစေတော့ကွယ်...။ ။

ဆောင်းပါး

# ယုံကြည်မှုဆိုတဲ့အရာ

■ အလင်းရောင်(မြို့သာ)

ကလေးငယ်တွေကို ငယ်ရွယ်စဉ်ကတည်းက ကိုယ့်အားကိုယ်ကိုးတတ်အောင် မိဘဆရာတွေက လေ့ကျင့်ပျိုးထောင်ပေးသင့်ပါတယ်။ မိမိကိုယ်ကို အားကိုးတတ်လာတဲ့အခါ ယုံကြည်မှုဆိုတဲ့အရာကလည်း အလိုလိုမွေးဖွားသန့်စင်လာပါတော့တယ်။ အဲဒီယုံကြည်မှုကပဲ တစ်ပါးသူအပေါ်မှာ မှီခိုတွယ်ကပ်ချင်တဲ့ ပျော့ညံ့တဲ့စိတ်ကို တိုက်ထုတ်လေ့ရှိတယ်။

သစ်ပင်ပေါ်မှာ နားနေတဲ့ငှက်တစ်ကောင်ဟာ သူနားနေတဲ့ သစ်ကိုင်း ကျိုးကျမှာကို မကြောက်ပါဘူး။ ဘာလို့လဲဆိုတော့ သူ့ရဲ့ယုံကြည်မှုဟာ သစ်ကိုင်းပေါ်မှာ မဟုတ်ဘဲ သူ့မှာပါရှိတဲ့ အတောင်တစ်စုံစီမှာပဲ ရှိနေလို့ဖြစ်တယ်။ ငှက်တို့မှန်လျှင် လေဟုန်မှာ ပျံသန်းဖို့ အတောင်တစ်စုံစီ ရှိနေတယ်။ သဘာဝတရားကြီးက မျှတစွာ ဖန်တီးပေးထားတာဖြစ်တယ်။

ဒါဆိုရင် လူတွေမှာရော သဘာဝတရားကြီးက ဘယ်လိုထူးခြားတဲ့အရာတွေ ပေးထားပါသလဲ။ စိန်ခေါ်မှုတွေများတဲ့ လူ့လောကကြီးအတွက် ကြီးကျယ်ခမ်းနားတဲ့ အတွေးခေါ်တွေကို စဉ်းစားဆင်ခြင်နိုင်ဖို့ တခြားဘယ်တိရစ္ဆာန်နဲ့မှ မတူတဲ့ ထူးချွန်ထက်မြက်တဲ့ ဦးနှောက်ကို လူသားတွေအတွက် သဘာဝတရားကြီးက ဖန်တီးပေးထားပါတယ်။ အဲဒီဦးနှောက်ကြောင့်ပဲ ဘယ်တိရစ္ဆာန်မှ လိုက်မမီတဲ့ ဆင့်ကဲတွေးခေါ်မှုတွေ တီထွင်ကြံဆမှုတွေကနေတစ်ဆင့် ဒီကနေ့အရှိန်အဟုန်ဖြင့် တိုးတက်လာတဲ့ ခေတ်ကြီးကို မြင်တွေ့နေရတာဖြစ်တယ်။

ခေတ်မီတိုးတက်လာတဲ့ လောကကြီးအလယ်မှာ လူသားတစ်ယောက်အဖြစ် ရပ်တည်နေထိုင်ရင်းနဲ့ အရှုံးဆိုတဲ့ အရာတွေကိုလည်း ကြုံတွေ့နေရမှာပါပဲ။ အဲဒီလို ရှုံးနိမ့်တဲ့အခါမျိုးမှာ ယုံကြည်မှုဆိုတဲ့အရာဟာလည်း မှေးမှိန်သွားတတ်တာကို သတိပြုရပါမယ်။ ကိုယ်လုပ်နေတဲ့ အလုပ်တွေကို ခံယူချက် မြင့်မြင့်မားမားထားပြီး ယုံကြည်ချက် ပြင်းပြင်းထန်ထန်နဲ့ တစိုက်မတ်မတ်ကြိုးစားမှသာ အောင်မြင်လာမှာပါ။ အဲဒီအောင်မှုရလဒ်ကလည်း ပိုပြီးတော့ အဖိုးအနဂ္ဃ ထိုက်တန်လာမှာပါ။ အခွန့်ရှည်ကြာတဲ့ အောင်မြင်မှုမျိုးလည်း ဖြစ်လာမှာပါ။ ဒါတွေအားလုံးရဲ့ အရင်းမြစ်ကို ပြန်ရှာကြည့်မယ်ဆိုရင် ဘယ်လောက်ပဲ ခက်ခဲပါစေ မဆုတ်မနစ်တဲ့ဇွဲနဲ့ ကြိုးစားမှုရယ် ဘာမဆိုဖြစ်အောင် လုပ်နိုင်တယ်ဆိုတဲ့ မိမိကိုယ်ကိုယုံကြည်မှုတို့ကို တွေ့ရပါလိမ့်မယ်။

ကျွန်တော်တို့ဟာ မွေးကတည်းက လမ်းမလျှောက်တတ်ကြပါဘူး။ လမ်းလျှောက်တတ်စအရွယ်မှာ မိဘလက်ကို တွဲပြီး စမ်းတဝါးဝါးနဲ့ လမ်းလျှောက်ခဲ့ကြရပါတယ်။ လက်တွန်းဘီးလေးကိုကိုင်ပြီး လမ်းလျှောက်ခဲ့ကြတယ်။ တစ်ခါတလေ လက်လွှတ်ပြီး လျှောက်ကြည့်တော့ ယိုင်ထိုးယိုင်ထိုးနဲ့ အကြိမ်ကြိမ် လဲကျခဲ့ဖူးကြတယ်။ ဒီလိုနဲ့ပဲ လျှောက်လိုက် လဲလိုက်၊ လဲလိုက် ပြန်ထလျှောက်လိုက်နဲ့ပဲ ကျွန်တော်တို့လမ်းလျှောက်တတ်လာခဲ့ကြရတယ်။ ဖြစ်ချင်လွန်းတဲ့ဆန္ဒရဲ့ တွန်းအားကြောင့် နုနယ်လွန်းလှတဲ့ ကလေးဘဝမှာတောင် အကြိမ်ကြိမ်လဲပြိုရာက ရုန်းထခဲ့ကြလို့ နောက်ဆုံးမှာ ကျွန်တော်တို့ လမ်းလျှောက်တတ် လာခဲ့ကြတာမဟုတ်ပါလား။

လမ်းမလျှောက်တတ်ခင်က လဲကျမှာကို ကြောက်တဲ့စိတ်နဲ့ မိဘလက်ကိုကိုင်ပြီး လျှောက်ခဲ့ကြတယ်။ လမ်းလျှောက်တတ်လာတော့ မိမိကိုယ်ကိုယုံကြည်မှုတွေ ရှိလာတယ်။ လဲကျမှာကိုလည်း မကြောက်တော့ပါဘူး။ အရင်ကလို မိဘလက်ကို ကိုင်စွဲစရာမလိုတော့ပါဘူး။ ဒါဟာ ကလေးဘဝတုန်းက လူတိုင်းကြုံတွေ့ဖူးခဲ့တဲ့ ယုံကြည်မှုပါပဲ။ ကျွန်တော်တို့တွေ အရွယ်ရောက်ကြီးပြင်းလာတော့ လူ့လောကရဲ့ စိန်ခေါ်မှုတွေကိုရင်ဆိုင်ရမှာ ဘာလို့ကြောက်နေရမှာလဲ။ စိတ်ပျက်အားငယ်ပြီး ဘာလို့ အရှုံးပေးနေအုံးမှာလဲ။

ကျောင်းသားတစ်ယောက်ဟာ စာကိုကြိုးစား သင်ယူထားတယ်။ သေချာလေ့လာကျက်မှတ်ထားတယ်ဆိုရင် စာမေးပွဲကို ကောင်းကောင်းဖြေဆိုနိုင်ရမယ်ဆိုတဲ့ ယုံကြည်မှုဟာလည်း အလိုလိုရောက်ရှိလာပါလိမ့်မယ်။ အောင်စာရင်းအတွက်လည်း တွေးပူနေမှာ မဟုတ်ပါဘူး။ တကယ်လို့ ကြိုးစားသင်ယူမှုမရှိ ပေ့ါပေ့ါဆဆနေခဲ့ရင်တော့ အဲဒီစာမေးပွဲကို ကြောက်နေပါလိမ့်မယ်။

ကျွန်တော့်သူငယ်ချင်းရဲ့အဖေဆီက သားသမီးတွေကို ပြုစုပျိုးထောင်ခဲ့တဲ့နည်းစနစ်တွေကို ကျွန်တော်လေ့လာခဲ့ဖူးပါတယ်။ သူ့ရဲ့သားသမီးတွေဟာ အခုဆို အောင်မြင်မှုကိုယ်စီနဲ့ကိုယ့်လမ်းကို လျှောက်နေကြပါပြီ။ သူဟာ တောင်သူတစ်ယောက်ဖြစ်လို့ ပင်ပန်းဆင်းရဲပါတယ်။ သားသမီးတွေရဲ့ အားလပ်အချိန်တွေကို သူရဲ့လုပ်ငန်းတွေမှာ နိုင်သလောက် ခိုင်းလေ့ရှိပါတယ်။ ကျွန်တော်နဲ့အတန်းတူတဲ့ သူ့ရဲ့အငယ်ဆုံးသားဆိုရင် စာမကြိုးစားလို့ဆိုပြီး လေးတန်းနှစ်ကတည်းက ကျောင်းပိတ်ရက် ရောက်တိုင်း ယာထွန်ထယ်ထိုးလုပ်ငန်းတွေကို နိုင်သလောက်ကူခိုင်းပါတယ်။

ကျောင်းပညာသင်ယူရမှာပျင်းနေတဲ့ သူ့ရဲ့သားငယ်ကို တောင်သူတစ်ယောက်ရဲ့ လုပ်ငန်းခွင်ဟာ ဘယ်လောက်ပင်ပန်းဆင်းရဲကြောင်း လက်တွေ့သိအောင်ပြခဲ့ပါတယ်။ "ငယ်ရွယ်စဉ်မှာ ပညာကိုမကြိုးစားဘဲ ပေ့ါပေ့ါနေရင်တော့ ပင်ပန်းတဲ့ အလုပ်တွေက မင်းကိုအမြဲကြိုဆိုနေလိမ့်မယ်" ဆိုပြီး သူ့ရဲ့သားကို အမြဲဆုံးမခဲ့တယ်။ အခုဆိုရင် အရွယ်ရောက်လာတဲ့ သူ့ရဲ့သားဟာ ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်နေပါပြီ။ စီးပွားလုပ်ငန်းတစ်ခုမှာ အောင်မြင်နေတဲ့ သူလည်း ဖြစ်နေပါပြီ။

ကျွန်တော့်သူငယ်ချင်းရဲ့အဖေဟာ သူ့ရဲ့သားသမီးတွေကို သူတပ်ပေးနိုင်သလောက် အတောင်တွေ တပ်ပေးခဲ့ပါတယ်။ အိမ်ထောင်ပြုတဲ့ သားသမီးတွေကိုလည်း အိမ်ခွဲနေခိုင်းပါတယ်။ အိမ်ထောင်သည် သားသမီးတွေကို သူ့ရဲ့အိမ်မှာ မှီခိုခွင့် မပေးပါဘူး။ ဒါဟာလည်း သားသမီးတွေကို သူတပ်ပေးလိုက်တဲ့ အတောင်တွေနဲ့ ကိုယ့်အားကိုယ်ကိုးပြီး ပျံတတ်အောင်၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိအောင် လေ့ကျင့်ပေးခြင်းတစ်မျိုးလို့ ထင်မြင်မိပါတယ်။ မိဘအိမ်မှာ မှီခိုနေကြတဲ့ အိမ်ထောင်သည်တွေဟာ ရုန်းကန်ရတဲ့ဘဝအကြောင်းကို ကောင်းကောင်း နားမလည်ကြပါဘူး။ အမြဲမှီခိုခဲ့တဲ့လူတစ်ယောက်ဟာ ဘာပဲလုပ်လုပ် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု မရှိတာကတော့ အသေချာပါပဲ။

မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းရဲ့နောက်ကွယ်မှာ မဆုတ်မနစ်တဲ့ဇွဲ၊ လုံ့လကြိုးစားအားထုတ်မှုတွေနဲ့ ပံ့ပိုးထားတာကို တွေ့ရပါတယ်။ ကိုယ်ကိုယ်တိုင်က ဇွဲ၊ လုံ့လမရှိ ကြိုးစားအားထုတ်မှုမရှိဘဲ ဖြစ်မြောက်အောင်မြင်ရမယ်ဆိုပြီး ယုံကြည်နေရင်တော့ လေပေါ်မှာ အိမ်လှလှကလေးတွေဆောက်နေတဲ့ စိတ်ကူးယဉ်သမားသက်သက်သာ ဖြစ်လာမှာပါ။

ကျွန်တော်တို့လူသားတွေမှာ အမှားနဲ့မကင်းကြသလို ရှုံးနိမ့်မှုနဲ့လည်း မကင်းကြပါဘူး။ ဒါကြောင့် ဘယ်လောက်ပဲ ရှုံးနိမ့်နေပါစေ၊ ဘယ်လောက်ပဲလဲပြိုနေပါစေ မိမိစိတ်ထဲမှာ ကိန်းအောင်းထားတဲ့ ယုံကြည်မှုကိုတော့ အရောင်မပြောင်းသင့်ပါဘူး။ "လှိုင်းကြီးလေ့အောက်၊ တောင်ကြီးဖဝါးအောက်" ဆိုတာကို အမြဲသတိရ နေရပါမယ်။ ဖြစ်မလာသေးတာကို တွေးပြီး ပူပန်နေတာမျိုးကို တတ်နိုင်သလောက် ရှောင်ကြဉ်ရပါမယ်။ မဖြစ်ဖြစ်အောင် ကိုယ်တိုင်လုပ်မယ်ဆိုတဲ့ ယုံကြည်မှုကို မိမိရဲ့စိတ်ထဲမှာ ထာဝရကိန်းအောင်းထားကြရင်း အောင်မြင်မှုဆိုတဲ့ ပန်းတိုင်ကို လျှောက်လှမ်းကြမယ်ဆိုရင်.... ။ ။

## လူကုန်ကူးမှု သတိပြု

ကိုယ်ချင်းစာ ကြင်နာတရား
မရှိထား သူတို့သည်။
အသိဉာဏ် မဲ့ပုံထူးတော့
လူကုန်ကူးပြီ။
ရိုင်းစိုင်းတဲ့ အကြံအစည်
လူမမည်တဲ့ ရက်စက်မှု။
ကိုယ့်မျိုးနွယ် လူသားများကို
ရောင်းစားခြင်းပြု။
အရောင်းကုန် အမျိုးစုဒ္ဓ
လူသားထု မပါဝင်
သိကြစေချင်။
ငွေမက်တဲ့ စိတ်ကိုပြင်
အသင်သည်လည်း လူသားတစ်ယောက်။
မျိုးနွယ်တူ လူသားချင်းမို့
ရိုင်းပင်းစောင့်ရှောက်။
အဆင်မပြေ လမ်းတွေပျောက်တော့
စမ်းလျှောက်ဖို့ အလုပ်ရှာ။
ရေနစ်သူ ကောက်ရိုးအား
ဆွဲထားမိပမာ။
ပွဲစားတို့ အလိမ်အညာ
ကြံဖန်ကာ ယုံအောင်ပြော။
အလုပ်ဝင်ငွေ သိပ်ကိုကောင်းသတဲ့
ခေါင်းညိတ်မိရော။
ငွေများစွာ ရှာချင်ဇောကြောင့်
နစ်မျောသွား ဘဝအသွယ်သွယ်
ကလေးလူငယ်။
လူကုန်ကူး အန္တရာယ်
ဝိုင်းဝန်းဖယ် တိုက်ထုတ်ရေး။
ပြောတိုင်းကို မယုံသင့်ကွဲ့
ချင့်ချိန်လို့တွေး။ ။

ခင်ခင်မူ(ရေကျော်)

# လဲလျှင် ပြန်ထ

■ ထူးမြတ်ဇော်

"လဲလျှင်ပြန်ထ" ဆိုတဲ့စကားလေးက လူတိုင်းကြားဖူးတဲ့ စကားလေးပါ။ကျွန်တော်တို့တွေ ဘဝခရီးကို ဖြတ်သန်းကြတဲ့နေရာမှာ အမြဲတမ်း အဆင်မပြေနိုင်ပါဘူး။ အခက်အခဲတွေ၊ လဲကျမှုတွေ၊ မအောင်မြင်မှုတွေနဲ့ မလွဲမသွေကြုံကြရမှာပါပဲ။ဒါကလည်း လူတိုင်းတွေ့ကြုံရတာ ဖြစ်ပါတယ်။ သူဌေးလည်း အမြဲတမ်းအဆင်ပြေနေမှာမဟုတ်သလို၊သူဖုန်းစားလည်း အမြဲတမ်းကျပ်တည်းနေမှာမဟုတ်ပါဘူး။ ဘဝခရီးမှာ လဲကျလိုက်၊ ပြန်ထလိုက်၊ ကြိုးစားလိုက်၊ နိမ့်လိုက်၊ မြင့်လိုက်နဲ့ သံသရာလည်နေတာပါ။ ဒါကြောင့် "လဲလျှင်ပြန်ထ အဲဒါဘဝ" လို့တောင် ပြောကြပါတယ်။

လဲကျလို့ စိတ်ပျက်အားငယ်နေတာနဲ့ အောင်မြင်မှု မရနိုင်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့တွေ တစ်ချိန်ချိန်မှာ လဲကျမှုတွေနဲ့ ကြုံရမှာပါ။ ကြုံဖူးခဲ့တာတွေလည်း ရှိဖူးပြီးပါပြီ။ လက်ရှိလဲ ကြုံနေရတယ်။နောက်လဲ ဘဝဆိုတာရှိနေသမျှ လဲကျမှုတွေကလည်း ရှိနေအုံးမှာပါ။ ဒီလိုဆိုတော့ လဲကျမှုတွေကတော့ ရှိနေမှာ သိနေပြီ။ အဲတော့ ကျွန်တော်တို့ လဲကျမှာကို မကြောက်ဖို့လိုပါတယ်။ မဖြစ်မနေ ပြန်ထရပါမယ်။

ဒီနေရာမှာ ကျွန်တော့် အဒေါ်တစ်ယောက်ကို သတိရမိပါတယ်။ အဒေါ်ဟာ ဆယ်တန်းစာမေးပွဲကို ပထမနှစ်ကျတယ်။ ဒုတိယနှစ် ကျတယ်။ တတိယနှစ် ကျပြန်တယ်။ စတုတ္ထနှစ်လည်း ကျပြန်တယ်။ ပဉ္စမနှစ်မှာ အောင်မြင်ခဲ့ပါတယ်။ အဒေါ်ဟာ လဲကျတိုင်းပြန်ထပြီး ကြိုးစားခဲ့လို့သာ ဆယ်တန်းကို အောင်မြင်ခဲ့တာပါ။ ခုဆိုရင် အဒေါ်ဟာ ကျောင်းဆရာမ ဖြစ်နေပါပြီ။ လဲကျတာကို ပြန်မထခဲ့ရင် ဆယ်တန်းလည်း အောင်မှာမဟုတ်ပါဘူး။ ဆရာမဖြစ်ဖို့ဆိုဝေလာဝေး ဖြစ်မှာပါ။

ကျွန်တော်သူ့ငယ်ချင်းတစ်ယောက်လည်း ဒီလိုပါပဲ။ ဆယ်တန်းကို အတူတူဖြေလာတာ သူကကျကျန်ခဲ့တယ်။ ကျွန်တော်တို့ တက္ကသိုလ်နောက်ဆုံးနှစ် တက်တဲ့နှစ်မှ ဆယ်တန်းကို အောင်မြင်ခဲ့တယ်။ ဒါတွေဟာ လဲလျှင်ပြန်ထပြီးကြိုးစားခဲ့လို့သာ ဖြစ်ပါတယ်။ လက်ရှိ ကမ္ဘာမှာရော မြန်မာနိုင်ငံမှာပါ အောင်မြင်မှုရရှိနေကြတာဟာ လဲလျှင်ပြန်ထပြီး ကြိုးစားခဲ့ကြလို့သာ ဖြစ်ပါတယ်။ လူတိုင်းဘဝမှာ လဲကျ ဖူးကြပါတယ်။ ပြန်ထပြီး ကြိုးစားသူနဲ့ အရှုံးပေးပြီး ပြန်မထသူဆိုပြီး နှစ်မျိုးကွဲပြားသွားတာပါ။

လဲပြီးပြန်မထတာနဲ့ ပတ်သက်ပြီး ပုံပြင်လေး တစ်ပုဒ်ကို သတိရမိပါတယ်။ တစ်ခါတုန်းက လူတစ်ယောက်ဟာ ခရီးသွားနေရင်း ဆင်တွေထားတဲ့အနားကို ဖြတ်သွားမိတဲ့အခါမှာ ချက်ချင်းရပ်ပြီး ဒီလောက်ကြီးတဲ့ ဆင်တွေကိုဘာလို့ ကြိုးသေးသေးလေးနဲ့ ချုပ်နှောင်လို့ရတာလဲလို့ တွေဝေကာ စဉ်းစားမိသွားတယ်။ ချိန်းကြိုးနဲ့လည်း မချည်ထား၊ လှောင်အိမ်ထဲလည်း မထည့်ထားဘဲနဲ့ ဘယ်လိုထိန်းသိမ်းထားလဲဆိုတာကို စဉ်းစားရခက်သွားပါတယ်။ ဆင်တွေ အချိန်မရွေး ကြိုးတွေကိုဖြတ်ပြီး ထွက်ပြေးသွားနိုင်ပေမယ့် တစ်ကောင်မှ အဲလိုမပြေးတာကို တွေ့ရတော့ သူအလွန်အံ့သြသွားပါတယ်။ဒါနဲ့ သူလဲသိချင်တာနဲ့ အနီးနားမှာရှိတဲ့ ဆင်ထိန်းကို ဘာလို့ဆင်တွေက ထွက်ပြေးဖို့ မကြိုးစားတာလဲလို့ မေးလိုက်တယ်။ ထိုအခါ ဆင်ထိန်းကြီးက ရှင်းပြပါတယ်။

"ဆင်ကလေးတွေကို ငယ်ငယ်လေးကတည်းက အရွယ်အစားတစ်မျိုးတည်းသော ကြိုးနဲ့ပဲချည်ခဲ့ပါတယ်။ အဲဒီအရွယ်တုန်းက သူတို့ကို ကြိုးသေးသေးလေးတွေက ကောင်းကောင်းထိန်းချုပ်နိုင်တယ်လေ။ သူတို့ကြီးလာတဲ့အခါမှာတော့ သူတို့ကို အဲဒီကြိုးလေးတွေက ကောင်းကောင်းထိန်းချုပ် ထားနိုင်တယ်ဆိုတာကို တစ်ထစ်ချယုံကြည်သွားတယ်။ အဲဒါကြောင့် သူတို့ဘယ်တော့မှ ထွက်ပြေးဖို့ မကြိုးစားတော့တာပါ" လို့ ဆင်ထိန်းက ပြောပြခဲ့ပါတယ်။ သူလည်း အလွန်အံ့သြသွားပါတယ်။ ဒီဆင်တွေဟာ သူတို့ကို ချည်ထားတဲ့ကြိုးတွေကို မဖြတ်နိုင်ဘူးလို့ ယုံကြည်နေတဲ့အတွက် လွတ်မြောက်အောင် မကြိုးစားဘဲ အမြဲအချုပ်အနှောင် အခိုင်းစားခံနေရတာကို သိလိုက်ရပါတော့တယ်။

ကျွန်တော်တို့တွေလည်း ဘဝမှာ လဲကျခဲ့တဲ့အချိန်တွေ အများကြီးရှိနိုင်ပါတယ်။ ကမ္ဘာပေါ်မှာလည်း လဲမကျဖူးသူဆိုတာ ရှိမှာမဟုတ်ပါဘူး။ ဒီလိုပဲ လဲမကျဘဲ အောင်မြင်လာတဲ့လူဆိုတာ မရှိနိုင်ပါဘူး။ ကျွန်တော်တို့ ဘဝမှာလည်း စာမေးပွဲကျတာ၊ ရည်းစားနဲ့ကွဲတာ၊ ပိုက်ဆံမရှိတာ၊ အလုပ်မရသေးတာ စသည်ဖြင့် လဲကျမှုတွေများစွာ ရှိပါတယ်။

ဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ)ရဲ့ ဟောပြောမှုလေးက မှတ်သားစရာပါ။"ဘဝဆိုတာ မလဲကျဖို့ မဟုတ်ပါဘူး။ လဲကျလျှင် ပြန်ထဖို့နဲ့ ခုနစ်ခါလဲရင် ရှစ်ခါပြန်ထဖို့ပါပဲ" တဲ့။ မှန်ပါတယ်။ ဒီလိုပြန်ထပြီး ကြိုးစားမယ်ဆိုရင် အောင်မြင်မှုတွေ ဆွတ်ခူးနိုင်မှာဖြစ်ပါတယ်။အောင်မြင်မှုရရှိခဲ့သူ အားလုံးဟာလည်း လဲလျှင်ပြန်ထပြီး အကြိမ်ကြိမ်ကြိုးစားခဲ့လို့သာ ဖြစ်ပါတယ်။ ဒါဆိုမိတ်ဆွေလည်း လဲကျမှုတွေနဲ့ကြုံတိုင်း လက်လျှော့အရှုံးမပေးဘဲ လဲကျတိုင်း ပြန်ထကာ ကြိုးစားမယ်မဟုတ်လား။